# ဘာများပြောင်းလဲနေလို့လဲ

## မွန်ပြည်နယ်ရှိ မြို့နယ် (၆) ခုအတွင်း
## လူ့အခွင့်အရေးအခြေအနေ ဆန်းစစ်လေ့လာခြင်း။

ဒီဇင်ဘာလ၊ ၂၀၁၈ ခုနှစ်။

မွန်ပြည်လူ့အခွင့်အရေးဖောင်ဒေးရှင်းမှ စီစဉ်ထုတ်ဝေသည်။

## ပုံနှိပ်ခြင်းမှတ်တမ်း

**ထုတ်ဝေသည့်ခုနှစ်** – **ဒီဇင်ဘာလ၊ ၂၀၁၈ ခုနှစ်။**

**ထုတ်ဝေသည့်အဖွဲ့အစည်း** – **မွန်ပြည်လူ့အခွင့်အရေးဖောင်ဒေးရှင်း။**

ဤပုံနှိပ်ထုတ်ဝေခြင်းကို European Union (EU), Local Resource Center (LRC), Equality Myanmar (Eqmm), Dan Church Aid & Norwegian Church Aid (DCA & NCA) ၏ ငွေကြေးထောက်ပံ့မှုဖြင့် "မွန်ပြည်လူ့အခွင့်အရေး ဖောင်ဒေးရှင်း" (Human Rights Foundation of Monland) မှ စီမံကိန်းလုပ်ငန်းစဉ်များ အကောင်ထည်ဖော် ဆောင်ရွက်၍ စစ်တမ်းတွေ့ရှိချက်များအား အစီရင်ခံစာအဖြစ် ပုံနှိပ်ထုတ်ဝေပါသည်။

ပုံနှိပ်ထုတ်ဝေရာတွင် ပါရှိသည့် အကြောင်းအရာများသည် European Union (EU), Local Resource Center (LRC), Equality Myanmar (Eqmm) , Dan Church Aid & Norwegian Church Aid (DCA & NCA) ၏ သဘော ထားအမြင်၊ လေ့လာသုံးသပ်ချက် (သို့မဟုတ်) ပေါ်လစီမူဝါဒများနှင့် မသက်ဆိုင်သကဲ့သို့ မည်သည့်ကုန်သွယ်မှုဆိုင် ရာအမည်များ၊ စီးပွားရေးအရ ထုတ်ဝေသည့်ထွက်ကုန်များ (သို့မဟုတ်) အဖွဲ့အစည်းများကိုမှ ထောက်ခံချက်ပေး သည့်သဘော မသက်ရောက်စေပါ။

# မာတိကာ

**အကြောင်းအရာများ** **စာမျက်နှာ**


(၁) နိဒါန်း (၉)
(၂) မွန်ပြည်လူ့ အခွင့်အရေးဖောင်ဒေးရှင်း၏ အနောက်ခံသမိုင်း (၁၁)
(၃) ၂၀၁၀ ခုနှစ် မတိုင်ခင် မွန်ဒေသအတွင်းရှိ လူ့အခွင့်အရေး အခြေအနေများ (၁၃)
(၄) လူ့အခွင့်အရေးဆိုင်ရာ တတ်သိနားလည်မှုနှင့် ချိုးဖောက်ခံရမှုများဆိုင်ရာ လေ့လာဆန်းစစ်ခြင်းနှင့် စည်းရုံးလှုံ့ဆော်ခြင်း စီမံကိန်းအကြောင်း (၁၇)
(၅) စစ်တမ်းပြုလုပ်ခြင်းလုပ်ငန်းစဉ်နှင့် စစ်တမ်းသုံးသပ်ချက်နည်းနာများ (၁၈)
(က) စီမံကိန်းလုပ်ငန်းစဉ် မိတ်ဆက်ခြင်း (၁၈)
(ခ) လူ့အခွင့်အရေးဆိုင်ရာ စစ်တမ်းကောက်ခံခြင်း အမြင်ဖွင့်သင်တန်းပြုလုပ်ခြင်း (၁၉)
(ဂ) စစ်တမ်းကောက်ယူခြင်း (၂၀)
(ဃ) စစ်တမ်းလေ့လာသုံးသပ်ခြင်း (၂၁)
(၆) စစ်တမ်းဖြေကြားသူများနှင့် သက်ဆိုင်သော အကြောင်းအရာများ (၂၂)
(က) စစ်တမ်းဖြေကြားသူများ၏ နေထိုင်ရာဒေသနှင့် အရေအတွက် (၂၃)
(ခ) စစ်တမ်းဖြေကြားသူများ၏ အသက်အပိုင်းအခြား (၂၃)
(ဂ) စစ်တမ်းဖြေကြာသူများ၏ လူမျိုးနှင့် လိင်အမျိုးအစား (၂၄)
(ဃ) စစ်တမ်းဖြေကြားသူတို့၏ အလုပ်အကိုင် (၂၄)
(င) စစ်တမ်းတမ်းဖြေကြားသူတို့၏ ကိုယ်စားပြုသည့်အဖွဲ့အစည်းများ (၂၅)
(၇) လူ့အခွင့်အရေးအကြောင်းအရာများ တတ်သိနားလည်မှုဆိုင်ရာ စစ်တမ်းလေ့လာတွေ့ရှိချက် (၂၆)
(က) လူ့အခွင့်အရေးကို စတင်ကြားသိခြင်း (၂၆)
(ခ) လူ့အခွင့်အရေးကို သိရှိခြင်း (၂၆)
(ဂ) လူ့အခွင့်အရေးကို သိရှိနားလည်သူများ၏ ၄င်းတို့၏ သိရှိခဲ့သည့်နည်းပုံစံများ (၂၇)
(ဃ) လူ့အခွင့်အရေးနှင့်သက်ဆိုင်သော ပံ့ပိုးကူညီမှုများ (၂၈)
(၈) လူ့အခွင့်အရေး ချိုးဖောက်ခံရမှုဆိုင်ရာ စစ်တမ်းလေ့လာတွေ့ရှိချက် (၃၀)
(က) လူ့အခွင့်အရေးချိုးဖောက်မှုပုံစံများ (၃၀)
(ခ) စစ်တမ်းဖြေကြားသူကိုယ်တိုင် လူ့အခွင့်အရေးချိုးဖောက်ခံရဖူးခဲ့ (၃၂)
(ဂ) လူ့အခွင့်အရေးချိုးဖောက်သည့် လူပုဂ္ဂိုလ်နှင့် အဖွဲ့အစည်းများ (၃၂)
(ဃ) လူ့အခွင့်အရေး ချိုးဖောက်မှုဖြစ်ပွားခဲ့သည့်ကာလ (၃၃)
(င) လူ့အခွင့်အရေး ချိုးဖောက်မှုဖြစ်ပွားခဲ့သည့်နေရာများ (၃၃)
(စ) လူ့အခွင့်အရေး ချိုးဖောက်မှုအကြောင်းရင်းများ (၃၅)

# မာတိကာ

**အကြောင်းအရာများ** **စာမျက်နှာ**

(၉) လူ့အခွင့်အရေးချိုးဖောက်ခံရမှုအပေါ် တရားမျှတမှုရှာဖွေခြင်း (၃၆)
(က) တရားမျှတမှုအတွက် တိုင်ကြားခြင်း (၃၆)
(ခ) တရားမျှတမှုအတွက် တိုင်ကြားသည့်အဖွဲ့အစည်း (၃၆)
(ဂ) တရားမျှတမှု ပြန်လည်ရှာဖွေခြင်းနှင့် ပတ်သက်သော ကူညီထောက်ပံ့မှုများ (၃၉)
(၁၀) လူ့အခွင့်အရေးချိုးဖောက်မှုနှင့် တရားစီရင်ရေးကဏ္ဍ (၄၀)
(က) လူ့အခွင့်အရေးတရားမျှတမှုအတွက် တိုင်ကြားစာပေးပို့ခြင်း (၄၀)
(ခ) လူ့အခွင့်အရေးအတွက် တရားမျှတမှုရရှိခဲ့ခြင်း ရှိ/ မရှိ (၄၁)
(ဂ) တရားရုံး၏ ဆုံးဖြတ်ချက်အပေါ် ကျေနပ်ခြင်း ရှိ/ မရှိ (၄၁)
(၁၁) စစ်တမ်းဖြေကြားသူများ၏ တောင်းဆိုချက်များ (၄၂)
(က) လူ့အခွင့်အရေး အမြင်တိုးပွားအောင် တောင်းဆိုခြင်း (၄၂)
(ခ) လူ့အခွင့်အရေးချိုးဖောက်ခံရမှုအတွက် သက်ဆိုင်ရာအစိုးရဌာနသို့ တောင်းဆိုခြင်း (၄၃)
(၁၂) စစ်တမ်းတွေ့ရှိချက်များ အကျဉ်းချုပ် (၄၅)
(၁၃) မွန်ပြည်လူ့အခွင့်အရေးဖောင်ဒေးရှင်း၏ လူ့အခွင့်အရေးဆိုင်ရာ အချက်အလက်မှတ်တမ်း တင်ခြင်းဌာန၏ သုံးသပ်ချက် (၄၆)
(၁၄) စစ်တမ်းတွေ့ရှိချက်များအခြေပြု အရပ်ဖက်လူမှုအဖွဲ့အစည်းများမှ သက်ဆိုင်ရာသို့ တင်ပြချက်များ (၄၈)

**နောက်ဆက်တွဲများ...**

(၁) စစ်တမ်းကောက်ယူခဲ့သည့် မြေပုံအညွှန်း။ (၅၁)
(၂) စစ်တမ်းအတွင်း အသုံးပြုခဲ့သည့် မေးခွန်းပုံစံစာမျက်နှာများ။ (၅၂)
(၃) အပြည်ပြည်ဆိုင်ရာ လူအခွင့်အရေး ကြေညာစာတမ်းအကျဉ်းချုပ်။ (၅၇)
(၄) လူ့အခွင့်အရေးချိုးဖောက်ခံရပါက တိုင်ကြားနိုင်သောနေရာများ။ (၆၃)
(၅) လူ့အခွင့်အရေးချိုးဖောက်ခံမှု တိုင်းကြားစာပုံစံ။ (၆၄)

**လူ့အခွင့်အရေးဆိုင်ရာ ကောက်နုတ်ချက်များ**

Human Rights are Universal, Inherent, Inalienable & Indivisible.

# လူ့အခွင့်အရေး အခြေခံမူများ

### ၁။ လူ့အခွင့်အရေးသည် လူသားအားလုံးနှင့် သက်ဆိုင်သည်။

(Human Rights are Universal)

အသားအရောင်၊ လူမျိုး၊ ကိုးကွယ်သည့်ဘာသာ၊ နိုင်ငံရေး၊ လူမှုရေး၊ အတွေးအခေါ်၊ လိင်ကွဲပြားမှုမရွေး လူ့အခွင့်အရေးသည် လူသားအားလုံးအပေါ် တန်းတူညီမျှမှုရှိသည်။ လူသားအားလုံး မွေးဖွားလာသည်မှစ၍ လွတ်လပ်ပြီးတန်းတူညီမျှသော လူ့ဂုဏ်သိက္ခာနှင့် အခွင့်အရေးရှိသည်။

### ၂။ လူ့အခွင့်အရေးသည် လူတိုင်းအတွက် မွေးရာပါအခွင့်အရေး ဖြစ်သည်။ (Human Rights are inherent)

လူ့အခွင့်အရေးကို ဝယ်ယူ၍မရ လွှဲပြောင်း၍ မရ။ လူတိုင်းသည် လူသားဖြစ်နေသောအချက်ကြောင့် လူ့အခွင့်အရေးကို ရယူပိုင်ဆိုင်ခွင့်ရှိသည်။

### ၃။ လူ့အခွင့်အရေးကိုမည်သူကမှ ယူဆောင်သိမ်းပိုက်၍ မရ။

(Human Rights are inalienable)

လူ့အခွင့်အရေးကိုမည်သူကမှ ယူဆောင်သိမ်းပိုက်ခွင့် မရှိလူတစ်ယောက်၏ မွေးရာပါအခွင့်အရေးကို ထိုသူ၏ နိုင်ငံတော်အစိုးရနှင့် ဥပဒေများကအသိအမှတ်မပြုသည့်တိုင် ထိုသူတွင် လူ့အခွင့်အရေး ခံစားခွင့်ရှိသည်။ ထိုသို့ အသိအမှတ်မပြုခြင်းသည် ထိုသူအပေါ် လူ့အခွင့်အရေးချိုးဖောက်မှုရှိသည်။

### ၄။ လူ့အခွင့်အရေးများသည် တစ်ခုနှင့်တစ်ခုအပြန်အလှန် ဆက်စပ်နေသည်။ (Human Rights are Indivisible)

လူ့ဂုဏ်သိက္ခာနှင့်အညီ နေထိုင်အသက်ရှင်သန်နိုင်ရန်အတွက် လူသားတိုင်းလွတ်လပ်ခွင့် လုံခြုံခွင့်ရှိသလို လုံလောက်သော လူနေမှုဘဝများကို လိုက်လျောညီထွေစွာခံစားခွင့်ရှိသည်။ မည်သည့်အခွင့်အရေးကိုမှ အခြားအခွင့်အရေးထက်ပို၍ အရေးကြီးသည်ဟု ပြော၍မရ။ လူ့အခွင့်အရေးတစ်ခုချိုးဖောက်ခံရခြင်းသည် အခြားအခွင့်အရေးများကို ထိခိုက်စေသည်။ ထို့အတွက် လူ့ဂုဏ်သိက္ခာသည် လူ့အခွင့်အရေးနှင့် ဆက်စပ်နေသည်။ လူ့အခွင့်အရေးကိုဖယ်ရှား၍ မရ။ လူ့အခွင့်အရေးကိုမခံစားရခြင်း၊ ဖယ်ရှားခြင်းသည် လူ့အခွင့်အရေးကိုချိုးဖောက်ခြင်း ဖြစ်သည်။

## လူ့အခွင့်အရေးဆိုင်ရာ ကောက်နှုတ်ချက်များ

### လူ့အခွင့်အရေးချိုးဖောက်မှုအဓိပ္ပါယ်

လူ့အခွင့်အရေးချိုးဖောက်မှု ဆိုသည်မှာ အစိုးရ နှင့် အစိုးရလက်အောက်ခံအမှုထမ်း (စစ်တပ်၊ ရဲ၊ လဝက) အာဏာပိုင်များ ချိုးဖောက်ပါက လူ့ခွင့်အရေး ချိုးဖောက်မှု (Human Rights Violation) များဟု ခေါ်ဆိုပါသည်။

### လူ့အခွင့်အရေးအကြမ်းဖက်မှုအဓိပ္ပါယ်

လူ့အခွင့်အရေးအကြမ်းဖက်မှု ဆိုသည်မှာ အရပ်သားအချင်းချင်း၊ ပြည်သူလူထုအချင်းချင်း ချိုးဖောက်ပါက လူ့အခွင့်အရေးအကြမ်းဖက်မှု (Human Rights Abuse ) များဟု ခေါ်ဆိုပါသည်။

ဖော်ပြပါ လူ့အခွင့်အရေးချိုးဖောက်မှုနှင့် လူ့အခွင့်အရေးအကြမ်းဖက်မှု အဓိပ္ပါယ်တို့သည် ညီမျှခြင်းမြန်မာအဖွဲ့မှ ထုတ်ဝေထားရှိသည့် လူ့အခွင့်အရေး သင်တန်းနည်းပြ လက်စွဲစာအုပ်မှကောက်နှုတ် ဖော်ပြထားခြင်းဖြစ်သည်။

# (၁) နိဒါန်း

နှစ်ပေါင်း ၇၀ နီးပါး ကြာမြင့်ခဲ့သည့် ဒေသတွင်း လက်နက်ကိုင်ပဋိပက္ခများကြောင့်လည်းကောင်း၊ ပဋိပက္ခ သက်ရောက်ရပ်ရွာများတွင် အပုံ့အနှံ့ဖြစ်ပေါ်နေခဲ့သည့် ဆိုးဝါးသော လူ့အခွင့်အရေး ချိုးဖောက်မှုများကြောင့်လည်း ကောင်း မွန်ဒေသအတွင်း မှီတင်းနေထိုင်နေကြသည့် ပြည်သူများသည် ဆယ်စုနှစ်ပေါင်းများစွာတိုင် လွတ်လပ်ခြင်း၊ ညီမျှခြင်းနှင့် တရားမျှတခြင်းစသည့် လူ့အခွင့်အရေးနှင့် အကာအကွယ်များ ကင်းမဲ့သည့်ဘဝတွင် ရှင်သန်နေထိုင်လာ ခဲ့ကြရသည်။ ယင်းတို့၏ နောက်ဆက်တွဲ ဆိုးကျိုးသက်ရောက်မှုများအဖြစ် နစ်နာခံစားခဲ့ရသူ ဒေသခံပြည်သူ လူထုများသည် မိမိတို့ မွေးရပ်မြေချက်မြှုပ်ဒေသများမှ ပိုမိုလုံခြုံမှုရှိသည်ဟု ခံစားရသော နယ်စပ်ဒေသများ၊ တိုင်းရင်းသားလက်နက်ကိုင်ထိန်းချုပ် နယ်မြေများနှင့် အစိုးရအုပ်ချုပ်ရေးပုရဝဏ်နှင့် အလှမ်းဝေးရာတောတောင်ဒေသ များဆီသို့ ဆယ်စုနှစ်များစွာ ထွက်ပြေးတိမ်းရှောင်ကာ တကွဲတပြားစီ ရှင်သန်နေထိုင်ရန် ကြိုးပမ်းလာခဲ့ကြသည်။

မွန်ပြည်လူ့အခွင့်အရေးဖောင်ဒေးရှင်း၏ လူ့အခွင့်အရေး ချိုးဖောက်ခံရမှု အချက်အလက်များကို ကောက်ယူ မှတ်တမ်းပြုခဲ့သည့် ကာလတစ်လျှောက်တွင် ဒေသနေပြည်သူများအနေဖြင့် မိမိတို့ရွာတွင်းနှင့် ရွာပတ်လည်တွင် တိုက်ပွဲဖြစ်မှုကြောင့်သော်လည်းကောင်း၊ ယင်းခေတ်ကာလ၏ အစိုးရစစ်တပ်များက အဓိကကျူးလွန်ခဲ့သည့် ရွာမီးရှို့ခြင်း၊ ညှဉ်းပန်းနှိပ်စက်ခြင်း၊ သတ်ဖြတ်ခြင်း၊ လိင်ပိုင်းဆိုင်ရာ ကျူးလွန်စော်ကားခံရခြင်း၊ ပေါ်တာထမ်းခိုင်းခြင်း အပါအဝင် အဓမ္မလုပ်အားပေးခိုင်းခြင်း စသည့်တိုက်ပွဲနှင့် ဆက်နွယ်သော လူ့အခွင့်အရေးဖောက်ဖျက်မှုများကြောင့် သော်လည်းကောင်း မိမိတို့နေအိမ်များမှ အိုးအိမ်စွန့်ခွာ တိမ်းရှောင်ခဲ့ကာ ခါးသီးသည့် လူ့မှုအဘာဝအခြေအနေတို့ကို ရင်ဆိုင်ခဲ့ကြရသည်။

---

**ယခုစစ်တမ်းပြု မှတ်တမ်းတင်ရာ ဒေသအများစုတွင် လူ့အခွင့်အရေးချိုးဖောက်မှုများ အတန်အသင့် ပြန်လည်လျော့ကျလာသည်ဟု မှတ်တမ်းကိန်းဂဏန်းများတွင် တွေ့ရှိခဲ့ရသော်လည်း ယင်းကာလ အလွန်မှစ၍ ဒေသတွင်း ဖွံ့ဖြိုးရေးစီမံကိန်းကြီးများ၊ နယ်မြေလုံခြုံရေး အစီအမံများ စသည့်ခေါင်းစဉ်များအောက်တွင် လူ့အခွင့်အရေးချိုးဖောက်မှုများ ဆက်တိုက်ဖြစ်ပေါ်လာခဲ့သည်။**

---

မွန်ပြည်သစ်ပါတီနှင့် စစ်အစိုးရအကြား အပစ်အခတ်ရပ်စဲရေး သဘောတူညီချက် ရယူခဲ့သည့် ၁၉၉၅ ခုနှစ် ဇွန်လနောက်ပိုင်း ယခုစစ်တမ်းပြု မှတ်တမ်းတင်ရာ ဒေသအများစုတွင် လူ့အခွင့်အရေးချိုးဖောက်မှုများ အတန်အသင့် ပြန်လည်လျော့ကျလာသည်ဟု မှတ်တမ်းကိန်းဂဏန်းများတွင် တွေ့ရှိခဲ့ရသော်လည်း ယင်းကာလ အလွန်မှစ၍ ဒေသတွင်း ဖွံ့ဖြိုးရေးစီမံကိန်းကြီးများ၊ နယ်မြေလုံခြုံရေး အစီအမံများ စသည့်ခေါင်းစဉ်များအောက်တွင် လူ့အခွင့်အရေးချိုးဖောက်မှုများ ဆက်တိုက်ဖြစ်ပေါ်လာခဲ့သည်။ ၁၉၉၅ ခုနှစ် နှစ်လယ်ပိုင်းမှ ၁၉၉၈ ခုနှစ်အထိ နဝတအစိုးရမှ ဆောက်လုပ်ခဲ့သည့် မိုင်ပေါင်း (၁၁၀) အရှည်ရှိ ရေး – ထားဝယ်မီးရထားလမ်း စီမံကိန်း၊ သက္က ရာဇ် ၂၀၀၀ မှ ၂၀၀၅ အထိ သွယ်တန်းခဲ့သည့် ကန်ဘောက် – မြိုင်ကလေး သဘာဝဓါတ်ငွေ့ပိုက်လိုင်း စီမံကိန်းများကြောင့် ဖြစ်ပွားခဲ့သည့် ရက်ရှည်အဓမ္မလုပ်အားခိုင်းစေမှုများ၊ မြေယာသိမ်းဆည်းမှုများ၊

မတရားငွေကြေးကောက်ခံမှုများနှင့် ညှင်းပန်းနှိပ်စက် အဓမ္မပြုကျင့်မှုများ တကျော့ပြန် ပြန်လည်ဖြစ်ပွားလာခဲ့သည်။ ထို့သို့သော အခွင့်အရေးဆိုင်ရာ ချိုးဖောက်ခံရမှုများကို စဉ်ဆက်မပြတ် စောင့်ကြည့်လေ့လာမှတ်တမ်းပြုရန်၊ လူ့အခွင့်အရေးဆိုင်ရာ ကာကွယ်မြှင့်တင်မှုများကို စတင်ဆောင်ရွက်နိုင်ရန်နှင့် နစ်နာခံစားခဲ့ရသူ ပြည်သူလူထုများအတွက် ဒေသတွင်းနှင့် နိုင်ငံတကာအထိ တိုက်တွန်းဆော်ဩမှု လုပ်ငန်းစဉ်များကို ဆောင်ရွက်သွားနိုင်ရန် စသည့် ရည်ရွယ်ချက်များဖြင့် ၁၉၉၅ ခုနှစ်မှစတင်၍ မွန်ပြည်လူ့အခွင့်အရေးဖောင်ဒေးရှင်းမှ လူ့အခွင့်အရေးချိုးဖောက်မှု မှတ်တမ်းကို ဆောင်ရွက်ဖြစ်ခဲ့သည်။

လူ့အခွင့်အရေး မှတ်တမ်းတင်ခြင်း၊ အချက်အလက်များ ဆန်းစစ်လေ့လာ ခွဲခြမ်းစိပ်ဖြာသုံးသပ်ခြင်းနှင့် ရေရှည်တွင် အမှန်တရားနှင့် တရားမျှတမှု လုပ်ငန်းစဉ်များအတွက် သိုမှီးသိမ်းဆည်းစသည့် လုပ်ငန်းစဉ်များကို အစဉ်တစိုက်ဆောင်ရွက်ခဲ့ကာ ပစ်မှတ်ဒေသအတွင်း ကောက်ခံခဲ့သည့် ချိုးဖောက်မှုအကြောင်းအရာများအလိုက် အနှစ် ၂၀ အတွင်း အစီရင်ခံစာပေါင်း ၂၂ အုပ်အထိ ရေးသားထုတ်ဝေခဲ့သည်။ သို့ရာတွင် ယင်းအစီရင်ခံစာများမှာ သတ်မှတ်ထားသော ဒေသတခု၊ ကာလတခုအတွင်း ဖြစ်ပွားခဲ့မှုများပြားနေသည့် ချိုးဖောက်မှုကိုသာ အဓိကဦးတည် ကောက်ခံရေးသားထုတ်ဝေခဲ့သည့် အစီရင်ခံစာများသာ အများစုဖြစ်သည်။

ထို့ကြောင့် ဤအစီရင်ခံစာမှာ သမရိုးကျအချက်အလက် ကောက်ခံမှုမျိုးထက် ဒေသနေပြည်သူလူထုတို့၏ လူ့အခွင့်အရေးဆိုင်ရာအသိအမြင်များ မည်၍မည်မျှရှိနေသည်၊ ယင်းဒေသအတွင်း၏ လက်ရှိလူ့အခွင့်အရေး အခြေအနေအပေါ် ပြည်သူလူထု၏ တုံ့ပြန်မှု၊ အမြင်သဘောထားများ မည်ကဲ့သို့ရှိနေသည်၊ ကာကွယ်မြှင့်တင်မှုများကို မည်၍မည်မျှ ခံစားစံစားနေရသည် ဆိုသည့် အခြေအနေများနှင့် တခြားအကျိုးသက်ဆိုင်သူ အလွှာအသီးသီးတို့၏ အမြင်သဘောထားများကို စေ့ငုသေချာစွာ သိရှိပြီး တိုက်တွန်းဆော်ဩမှု လုပ်ငန်းစဉ်များကို ထိရောက်အောင်မြင်စွာ ဆောင်ရွက်နိုင်ရန် ရည်ရွယ်ပြီး ဤလေ့လာဆန်းစစ်ခြင်း အစီရင်ခံစာကို ပြုစုရခြင်းဖြစ်သည်။

**ဒေသနေပြည်သူလူထုတို့၏ လူ့အခွင့်အရေးဆိုင်ရာအသိအမြင်များ မည်၍မည်မျှရှိနေသည်၊ ယင်းဒေသအတွင်း၏ လက်ရှိလူ့အခွင့်အရေးအခြေအနေအပေါ် ပြည်သူလူထု၏ တုံ့ပြန်မှု၊ အမြင်သဘောထားများ မည်ကဲ့သို့ ရှိနေသည်၊ ကာကွယ် မြှင့်တင်မှုများကို မည်၍မည်မျှ ခံစားစံစားနေရသည် ဆိုသည့် အခြေအနေများနှင့် တခြားအကျိုးသက်ဆိုင်သူ အလွှာအသီးသီး တို့၏ အမြင်သဘောထားများကို စေ့ငုသေချာစွာ သိရှိပြီးတိုက်တွန်းဆော်ဩမှု လုပ်ငန်းစဉ်များကို ထိရောက်အောင်မြင်စွာ ဆောင်ရွက်နိုင်ရန်ရည်ရွယ်ပြီး...**

## (၂) မွန်ပြည်လူ့ အခွင့်ရေးဖောင်ဒေးရှင်း၏ အနောက်ခံသမိုင်း

၁၉၉၅ ခုနှစ်ကာလက ဖြစ်သည်။ (၁၁၀) မိုင်ရှည်လျားသော ရေး–ထားဝယ် ရထားလမ်းကို နိုင်ငံတော်အစိုးရ (သို့ မဟုတ်) နဝတစစ်အစိုးရမှ တည်ဆောက်သည့် ကာလဖြစ်သည်။ ထောင်ပေါင်းများစွာသော ရေးမြို့နယ်နှင့် ရေဖြူမြို့နယ်မှ ပြည်သူပြည်သားများ ရထားလမ်း တည်ဆောက်ရာတွင် အတင်းအဓမ္မ ခိုင်းစေခြင်ခံရသည်။ ကျေးရွာ (၂၀၀) ကျော်မှ ရွာသူရွာသားမှ တအိမ်လျှင်တယောက် တလတွင် အနည်းဆုံး (၇) ရက်မှ (၁၅) ရက်အထိ သွားရောက်လုပ်ကိုင်ရသည်။ ထိုကဲ့သို့သော ရေး–ထားဝယ် အဓမ္မလုပ် အားပေးမှုကို (၁၉၉၈) အထိ အသုံးပြုခဲ့ခြင်းကြောင့် ထောင်ပေါင်းများစွာသောပြည်သူများ မိမိတို့၏ နေရပ်ကိုစွန့်ခွာကာ တိမ်းရှောင်ခဲ့ရပေသည်။

ထွက်ပြေးတိမ်းရှောင်လာသည့် ရေး၊ ရေဖြူ၊ ထားဝယ်မြို့နယ်များမှ ဒေသခံပြည် သူများ၏ဝေဒနာကို နားထောင်ပြီး သက်ဆိုင်ရာကမ္ဘာ့အသိုင်းအဝိုင်းမှ သိရှိရန် “မွန်ပြည်လူ့အခွင့်ရေးဖောင်ဒေးရှင်း” (Human Rights Foundation of Monland – HURFOM) ကို ထိုင်း–မြန်မာနယ်စပ်တွင် ထူထောင်ခဲ့ပေသည်။

၁၉၉၅ နောက်ပိုင်း မွန်ပြည်သစ်ပါတီမှ စစ်အစိုးရနှင့် အပစ်အခတ်ရပ်စဲရေး သဘာတူညီချက် ရရှိခဲ့သည်။ နယ်မြေအတော်အတန် ငြိမ်းချမ်းခဲ့သည်။ ပြည်သူလူထုမှ အတော်အတန်ပင် လွတ်လပ်စွာသွားလားလှုပ်ရှား နိုင်ခဲ့ပေသည်။ သို့ရာတွင် နယ်မြေငြိမ်းချမ်းမှုကို အကြောင်းပြုပြီး စစ်အစိုးရ၏ လူ့အခွင့်ရေးချိုးဖောက်မှုများ ပိုမိုပြင်းထန်လာသည်။ အထက်တွင် ပြဆိုခဲ့

သကဲ့သို့ စစ်အစိုးရ၏ တပ်ရင်းတပ်မများမှ အဓမ္မလုပ်အားပေးကို လွတ်လပ်စွာ ခေါ်ဆောင်နိုင်ပြီး၊ ၂၀၀၀ ခုနှစ်နောက်ပိုင်းတွင် လယ်ယာမြေကို သိမ်းဆည်းနိုင်ခဲ့သည်။ ရေးမြို့နယ်နှင့် ရေဖြူမြို့နယ်တို့တွင် လယ်ယာမြေ၊ ရာဘာခြံမြေ ကေပေါင်း ထောင်ပေါင်းများစွာကို သိမ်းဆည်းခဲ့သည်။ ၂၀၀၃ ခုနှစ်တွင် "စိုက်ပျိုးစရာမြေ မရှိတော့ပြီ" (No Land to Farm) အမည်ဖြင့် စစ်အစိုးရ၏ မြေသိမ်းဆည်းမှုကို ဖော်ဆောင်ခဲ့ပေသည်။

ထိုအချိန်မှ ဆက်တိုက်ဆိုသလိုပင် မွန်ပြည်လူ့အခွင့်ရေးဖောင်ဒေးရှင်းမှ မွန်ဒေသနှင့် မြန်မာပြည်တောင်ပိုင်းရှိ လူ့အခွင့်ရေးချိုးဖောက်မှုကို အစဉ်မပြတ်စောင့်ကြည့်ခဲ့ပေသည်။ ၄င်းအပြင် ၂၀၀၅ ခုနှစ်နောက်ပိုင်းတွင် ရေးမြို့နယ် တောင်ပိုင်းဒေသတွင် မွန်လက်နက်ကိုင်အဖွဲ့အစည်းများ ပေါ်ပေါက်လာသည့်အတွက် စစ်အစိုးရ၏ တပ်မတော်မှ စစ်ဆင်ရေး ပြုလုပ်လာခြင်းကြောင့် အပြစ်မဲ့ပြည်သူများ သတ်ဖြတ်ခံရခြင်း၊ ညှင်းဆဲခံရခြင်း၊ အမျိုးသမီးများ အဓမ္မပြုကျင့်ခံရခြင်းနှင့် အခြားသော လူ့အခွင့်ရေးချိုးဖောက်မှုများ ဖြစ်ပေါ်ခဲ့ပေသည်။ ၄င်းနောက်ပိုင်းတွင်လည်း လူ့အခွင့်ရေးအခြေအနေကို အစဉ်မပြတ်ပင် စောင့်ကြည့်ခဲ့ပေသည်။

ထို့ ကြောင့် မွန်ပြည်လူ့ အခွင့်ရေးဖောင်ဒေးရှင်းသည် (၂၀၀၀) မှ (၂၀၁၂) ခုနှစ်အထိ မွန်လူထုအသံ (The Mon Forum) စာစောင်ကို အင်္ဂလိပ်ဘာသာဖြင့် တလတခါထုတ်ဝေကာ နိုင်ငံတကာအဖွဲ့အစည်းသို့ ဖြန့်ဖြူးခဲ့ပေသည်။ (၂၀၁၂) နောက်ပိုင်းတွင် မွန်လူထုအသံကို မွန်ဘာသာ/ မြန်မာဘာသာဖြင့် ထုတ်ဝေခဲ့ပေသည်။ ၄င်းအပြင်၊ လူ့အခွင့်အရေးကိစ္စကို အစဉ်မပြတ် စောင့်ကြည့်ပြီး သတင်းအချက်အလက်များကို မှတ်တမ်းတင်ပြုစုကာ လူ့အခွင့်အရေး အစီရင်ခံစာများစွာကို ပြုစုခဲ့ပေသည်။

အစီရင်ခံစာများတွင် မြေယာသိမ်းဆည်းမှုများ၊ အဓမ္မလုပ်အားပေးမှုများ၊ ဒုက္ခသည်များနှင့် ပြည်တွင်း အိုးအိမ်မဲ့ပြည်သူများ၏ အခြေအနေများ၊ အမျိုးသမီးများအပေါ် အဓမ္မပြုကျင့်မှုများ၊ ကလေးစစ်သားနှင့် ကလေးသူငယ်ဆိုင်ရာ အခွင့်အရေးများ၊ နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုများ၏ အကျိုးဆက်များ၊ လူကုန်ကူးမှုများနှင့် ရွေးကောက်ပွဲဆိုင်ရာ အစီရင်ခံစာများကို ခိုင်မာသော အချက်အလက်များဖြင့် ရေးသားဖော်ပြ ထုတ်ဝေခဲ့ပေသည်။

၂၀၁၄ ခုနှစ်တွင် မွန်ပြည်နယ်တွင် ပြန်လည်အခြေချပြီးနောက် မြေယာကိစ္စများ ဆက်လုပ်ဆောင်ရွက်ကာ လယ်ယာမြေလုံခြုံရေးအတွက် ဝင်ရောက်ပံ့ပိုးဆောင်ရွက်ခဲ့သည်။ မွန်ပြည်လူ့အခွင့်ရေးဖောင်ဒေးရှင်းမှ နိုင်ငံခြားအရင်းနှီးမြှုပ်နှံမှုကြောင့် ထိခိုက်သော ပြည်သူလူထုများအတွက် ဝင်ရောက်ကူညီကာကွယ်ခဲ့ပေသည်။ ၄င်းအပြင် အခွင့်အရေးကာကွယ်ပေးမည့် လူငယ်များပေါ်ပေါက်ရေးအတွက် ဆောင်ရွက်လျက်ရှိကြောင်း တင်ပြလိုက်ရပေသည်။




*မွန်ပြည်လူ့ အခွင့်ရေးဖောင်ဒေးရှင်း၏ တရားဝင် ဝက်ဆိုက်စာမျက်နှာ*
*http://rehmonnya.org/*

# (၃) ၂၀၁၀ ခုနှစ်မတိုင်ခင် မွန်ဒေသအတွင်းရှိ လူ့အခွင့်အရေး အခြေအနေများ

၁၉၉၅ ခုနှစ်မှစတင်၍ မွန်ပြည်လူ့အခွင့်အရေး ဖောင်ဒေးရှင်းအနေဖြင့် ဆယ်စုနှစ် နှစ်ခုနီးပါး လူ့အခွင့်အရေးချိုးဖောက်မှု မှတ်တမ်းတင်ခြင်းနှင့် သက်သေအထောက်အထားများ စုဆောင်းခြင်းလုပ်ငန်းများကို အစဉ်တစိုက် လုပ်ဆောင်လာခဲ့သည်။ နှစ်ပေါင်း (၇၀) နီးပါးကြာမြင့်ခဲ့သည့် လက်နက်ကိုင်ပဋိပက္ခကြောင့်လည်းကောင်း၊ ပဋိပက္ခသက်ရောက်သည့် ရပ်ရွာများတွင် ဆိုးဝါးသော လူ့အခွင့်အရေး ချိုးဖောက်မှုများကြောင့်လည်းကောင်း၊ မွန်ဒေသအတွင်း မှီတင်းနေထိုင်နေကြသည့် ပြည်သူများသည် တိုင်းရင်းသားလက်နက်ကိုင် ထိန်းချုပ်နယ်မြေများနှင့် နယ်စပ်ဒေသများသို့ ဆယ်စုနှစ်များစွာ စစ်ဘေးရှောင် ထွက်ပြေးခဲ့ကြသည်။ မွန်ပြည်လူ့အခွင့်အရေးဖောင်ဒေးရှင်း၏ လူ့အခွင့်အရေးချိုးဖောက်ခံရမှု အချက်အလက်များကို ကောက်ယူမှတ်တမ်းပြုခဲ့သည့် ကာလတစ်လျှောက်တွင် ဒေသနေပြည်သူများအနေဖြင့် မိမိတို့ရွာတွင်းနှင့် ရွာပတ်လည်တွင် တိုက်ပွဲဖြစ်မှုကြောင့်သော်လည်းကောင်း၊ မြန်မာစစ်တပ်က အဓိကကျူးလွန်သည့် ရွာမီးရှို့ခြင်း၊ ညှဉ်းပန်းနှိပ်စက်ခြင်း၊ သတ်ဖြတ်ခြင်း၊ လိင်ပိုင်းဆိုင်ရာ ကျူးလွန်စော်ကားခံရခြင်း၊ ပေါ်တာထမ်းခိုင်းခြင်းအပါအဝင် အဓမ္မလုပ်အားပေးခိုင်းခြင်းစသည့် တိုက်ပွဲနှင့် ဆက်နွယ်သော လူ့အခွင့်အရေး ဖောက်ဖျက်မှုများကြောင့်သော်လည်းကောင်း မိမိတို့နေအိမ်များမှ အိုးအိမ်စွန့်ခွာ တိမ်းရှောင်ခဲ့ကာ ခါးသီးသည့် လူမှုအဘဝအခြေအနေတို့ကို ရင်ဆိုင်ခဲ့ကြရသည်။

အပစ်အခတ်ရပ်စဲရေး ကာလနောက်ပိုင်း ရေးမြို့နယ်နှင့် ရေဖြူမြို့နယ်များတွင် စစ်အင်အား တိုးချဲ့ခြင်းအား ယခုအချိန်အထိ တိုးချဲ့လုပ်ကိုင်နေသလို မြေသိမ်းမှုလည်း တိုးပွားပျံ့နှံ့လာခြင်းတို့ကြောင့် နောက်ထပ် အိုးအိမ်စွန့် ရွှေ့ပြောင်းရမှုများဖြစ်စေကြောင်း လူ့အခွင့်အရေးလေ့လာစောင့်ကြည့်ရေး မှတ်တမ်းများက ခုနှစ်ကာလ ကိန်းဂဏန်းများဖြင့် ဖော်ပြနေသည်။

---

**တိုက်ပွဲနှင့်ဆက်နွယ်သော လူ့အခွင့်အရေးဖောက်ဖျက်မှုများကြောင့် သော်လည်းကောင်း မိမိတို့နေအိမ်များမှ အိုးအိမ်စွန့်ခွာတိမ်းရှောင်ခဲ့ကာ ခါးသီးသည့်လူ့မှုအဘဝအခြေအနေတို့ကို ရင်ဆိုင်ခဲ့ကြရသည်။**

---

ထို့အပြင် ၁၉၉၅ ခုနှစ် အပစ်အခတ်ရပ်စဲရေး နောက်ပိုင်း၊ မွန်ပြည်သစ်ပါတီမှ ကွဲထွက်ပေါက်ဖွားလာသည့် ခွဲထွက်လက်နက်ကိုင်အဖွဲ့ငယ်များနှင့် ကရင်အမျိုးသားအစည်းအရုံးတို့အား ထိုးစစ်ဆင်ရာတွင်နှင့် မြန်မာစစ်တပ်တို့က ရွာသားများကို ဆက်လက်၍ ပြန်ပေးဆွဲခြင်း၊ ဖမ်းဆီးထားသည့် ဒေသခံများကို ကြီးလေးသည့် နှုန်းထားများဖြင့် ပြန်ရွေးစေခြင်း၊ သဘာဝဓါတ်ငွေ့ပိုက်လိုင်း လုံခြုံရေးအတွက် အဓမ္မခိုင်းစေခြင်း၊ လုပ်အားပေးစေခိုင်းခြင်းနှင့် ရေ့တန်းစစ်မျက်နှာများတွင် လူသားဒိုင်းအဖြစ် စေခိုင်းခြင်းများကို အစဉ်တစိုက် ကျူးလွန်ဆောင်ရွက်ခဲ့ကြသည်။

တခြားတဖက်တွင်လည်း နယ်မြေအတွင်း လက်နက်ကိုင်ပဋိပက္ခ၏ ဘေးထွက်ဆိုးကျိုးက ယင်းဒေသအတွင်းရှိ မွန်ပြည်သူများကို တိုက်ရိုက်ဆိုးကျိုး

သက်ရောက်မှုများ ဖြစ်စေခဲ့သည်။ သက္ကရာဇ် ၂၀၀၂ အလွန်နှစ်များမှ စတင်၍ မွန်အမျိုးသား လွတ်မြောက်ရေးတပ်မတော်၏ အဖွဲ့ဝင်ဟောင်း အချို့ပါဝင်ခဲ့သည့် ဟံသာဝတီ ပြန်လည်ထူထောင်ရေးပါတီ (၂၀၀၇ ခုနှစ်တွင် မွန်ပြည်ပြန်လည်ထူထောင်ရေးတပ်မတော် ဟု ပြန်လည်ဖွဲ့စည်း) နှင့် မွန်တပ်မတော် မြိတ်ခရိုင်တို့သည် မွန်ပြည်သစ်ပါတီမှ ခွဲထွက်ကာ မြန်မာစစ်တပ်နှင့် ဆက်လက်တိုက်ခိုက်ကြသည်။ ရေးတောင်ပိုင်းနှင့် ရေဖြူမြို့နယ်များတွင်လည်း အင်အားပိုနည်းသည့် အပစ်အခတ်ရပ်စဲရေး လက်မခံသော တိုင်းရင်းသားပြည်သူ့စစ်များ ဆက်လက်လှုပ်ရှားခဲ့ကြပြီး ယင်းဒေသများတွင် ၁၉၈၇ ခုနှစ်ကတည်းက မွန်ပြည်သစ်ပါတီ ဩဇာသက်ရောက်ခဲ့သော်လည်း ၁၉၉၅ ခုနှစ် အပစ်အခတ်ရပ်စဲပြီးနောက် အတင်းအကျပ်ဆုတ်ခွာခိုင်း ခံခဲ့ရခြင်းဖြစ်သည်။

## တောတွင်းလက်နက်ကိုင်တပ်ဖွဲ့များအား ဆက်နွယ်ပတ်သက်ထောက်ပံ့သည်ဟု စွပ်စွဲကာ မတရားဖမ်းဆီးချုပ်နှောင်ခြင်း၊ လူမဆန်စွာညှင်းပန်းနှိပ်စက်ခြင်း၊ များပြားလှသည့်ငွေပမာဏတို့ဖြင့် ပြန်ရွေးစေခြင်းနှင့် သတ်ဖြတ်ခြင်း ...

မွန်ပြည်သစ်ပါတီနှင့် မြန်မာစစ်တပ်ကြား အပစ်အခတ်ရပ်စဲရေးကြောင့် နောက်ပိုင်းတွင် တိုက်ပွဲများ လျော့လာသော်လည်း ရွာသားများမှာ ၁၉၉၀ ခုနှစ်များတလျှောက်လုံးနှင့် ၂၀၀၀ ခုနှစ်များ အစောပိုင်းတွင် လက်နက်ကိုင် တိုက်ပွဲများအလယ်၌ ဆက်လက်၍ ကြားညပ်နေခဲ့သလို အဖွဲ့အားလုံးကလည်း ပဋိပက္ခဒဏ်နှစ်ပေါင်းများစွာ ခံခဲ့ရပြီးသည့် ရွာသားများအပေါ် အခွန်ကောက်ခြင်း၊ ငွေညှစ်ခြင်း၊ တောတွင်းလက်နက်ကိုင်တပ်ဖွဲ့များအား ဆက်နွယ်ပတ်သက် ထောက်ပံ့သည်ဟု စွပ်စွဲကာ မတရားဖမ်းဆီးချုပ်နှောင်ခြင်း၊ လူမဆန်စွာ ညှင်းပန်းနှိပ်စက်ခြင်း၊ များပြားလှသည့် ငွေပမာဏတို့ဖြင့် ပြန်ရွေးစေခြင်းနှင့် သတ်ဖြတ်ခြင်း စသည်တို့ကို နှစ်ပေါင်းများစွာ ဆက်လက်ကျူးလွန်ချိုးဖောက်ခဲ့ကြသည်။

## တိုင်းရင်းသားလက်နက်ကိုင် တိုက်ဖျက်ရေးနည်းနာတစိတ်တပိုင်းမှာ စစ်ရေးလက်နက်တခုအဖြစ် တိုင်းရင်းသားလူနည်းစု အမျိုးသမီးများအား လိင်ပိုင်းဆိုင်ရာ ကျူးလွန် စော်ကားမှုများအား စနစ်တကျဆောင်ရွက် ခြင်းဖြစ်သည်။

သက္ကရာဇ် ၂၀၀၀ ခုနှစ်မှ ၂၀၀၉ ခုနှစ်အတွင်း တိုင်းရင်းသားလက်နက်ကိုင် တော်လှန်ရေးလှုပ်ရှားမှုများကို ဆန့်ကျင်သည့်အနေနှင့် မြန်မာစစ်တပ်ကျင့်သုံးသည့် တိုင်းရင်းသားလက်နက်ကိုင် တိုက်ဖျက်ရေးနည်းနာတစိတ်တပိုင်းမှာ စစ်ရေးလက်နက်တခုအဖြစ် တိုင်းရင်းသားလူနည်းစု အမျိုးသမီးများအား လိင်ပိုင်းဆိုင်ရာကျူးလွန်စော်ကားမှုများအား စနစ်တကျဆောင်ရွက်ခြင်းဖြစ်သည်။ မြန်မာစစ်တပ်၏ မွန်ဒေသနေ အမျိုးသမီးများအပေါ် လိင်ပိုင်းဆိုင်ရာအကြမ်းဖက်မှုပေါင်း ၅၀ အမှုကျော် ချိုးဖောက်ကျူးလွန်ခဲ့ခြင်းကို နစ်နာခံစားခဲ့ရသူ အမျိုးသမီးပေါင်း ၃၇ ဦးဖြင့် တွေ့ဆုံမေးမြန်း မှတ်တမ်းပြုစုခဲ့သည့် အစီရင်ခံစာတစ်စောင်ကို မွန်ပြည်လူ့အခွင့်အရေးဖောင်ဒေးရှင်းမှ ၂၀၀၅ ခုနှစ် ဇူလိုင်လတွင် ထုတ်ဝေခဲ့သည်။

ယင်းအစီရင်ခံစာကို "စစ်ဘားတိုက်အတွင်း အလုပြလမ်းလျှောက်စေခြင်း" ဟု အမည်ပေးထားကာ ထိုစဉ်က အန္တရာယ်နှင့် အခြားလူ့အခွင့်အရေးချိုးဖောက်မှုများကြောင့် ရှောင်ပြေးရခြင်း အပြင် မြေသိမ်းမှုနှင့် မြေကိစ္စ၊ လယ်ယာစိုက်ပျိုးရေးကိစ္စများဆိုင်ရာ မကျေနပ်မှုများကိုလည်း အိုးအိမ်စွန့် ရွှေ့ပြောင်းရသည့် အကြောင်းတရားအဖြစ်အများအပြားက ထောက်ပြကြသည်။

၁၉၉၉ ခုနှစ်နောက်ပိုင်း မွန်ပြည်နယ်တွင် လောလောဆယ်မှာ ပြည်တွင်းအိုးအိမ်မဲ့များ လူဦးရေပေါင်း (၈၅၀၀၀) ဦးခန့် နေထိုင်လျက်ရှိရာ မွန်ပြည်သစ်ပါတီ ထိန်းချုပ်ဒေသများဖြစ်သော ပြည်နယ်အရှေ့ဘက် ထိုင်းနယ်စပ်တလျှောက်တွင် အဓိကနေထိုင်နေကြသည်။

မွန်လူမျိုး ပြည်တွင်းအိုးအိမ်မဲ့ အခြေစိုက်စခန်းများမှာ လွန်ခဲ့သော နှစ် (၂၀) ကျော်က တည်ထောင်ခဲ့ခြင်းဖြစ်သည်။ ထိုစဉ်က ထောင်နှင့်ချီသော အရပ်သားများမှာ လက်နက်ကိုင်တိုက်ပွဲများနှင့် ဆက်စပ်သော ချိုးဖောက်မှုများမှလည်းကောင်း၊ မြန်မာစစ်တပ်၏ အကြီးအကျယ် မြေသိမ်းမှုများမှလည်းကောင်း ထွက်ပြေးခဲ့ကြခြင်း ဖြစ်သည်။

ရေးမြို့နယ်တောင်ပိုင်းနှင့် ရေဖြူမြို့နယ်တို့တွင် လက်ရှိနေထိုင်နေကြသော အိုးအိမ်စွန့်ခွာပြောင်းရသူများနှင့် ရွာသားများအတွက် မြေယာနှင့် လုံခြုံမှုရနိုင်ခွင့်သည် ဘဝကိုလုံခြုံသိက္ခာရှိစွာ နေထိုင်နိုင်ရေးအတွက် မရှိမဖြစ်ပေ။ မြေယာအခွင့်အရေးချိုးဖောက်မှုများ လက်ငင်းကြုံတွေ့နေရသည့် ရွာသားများသည် မြေယာရနိုင်ခွင့်နှင့် မြေပိုင်ဆိုင်ခွင့် ချို့တဲ့မှုနှင့် ပတ်သက်သော မြေယာအခွင့်အရေးဆုံးရှုံးသူ မွန်ပြည်သူတို့၏ စိုးရိမ်မှုများကို ထင်ဟပ်နေစေပါသည်။

**၁၉၉၅ ခုနှစ် အပစ်အခတ်ရပ်စဲရေးက အကြီးစားဖွံ့ဖြိုးရေးစီမံကိန်းအချို့အတွက် နေရာပေးလိုက်၍လူ့အခွင့်အရေးချိုးဖောက်မှုများ၊ မြေသိမ်းမှုများနှင့် အိုးအိမ်စွန့်ခွာပြောင်းရမှုများ ထပ်မံဖြစ်ပွားစေခဲ့သည်။**

မြေသိမ်းမှုနှင့် မြေယာအခွင့်အရေးဆိုင်ရာ မတရားပြုကျင့်မှုများ သမိုင်းသည် မွန်ပြည်နယ်၏ အပစ်အခတ်ရပ်စဲရေးအလွန် စီးပွားရေးသမိုင်းတွင် နက်နက်ရှိုင်းရှိုင်းအမြစ်တွယ်နေသည်။ မွန်ပြည်သစ်ပါတီနှင့် ၁၉၉၅ ခုနှစ် အပစ်အခတ်ရပ်စဲရေးက အကြီးစားဖွံ့ဖြိုးရေး စီမံကိန်းအချို့အတွက် နေရာပေးလိုက်၍ လူ့အခွင့်အရေးချိုးဖောက်မှုများ၊ မြေသိမ်းမှုများနှင့် အိုးအိမ်စွန့် ခွာပြောင်းရမှုများကို ထပ်မံဖြစ်ပွားစေခဲ့သည်။ အပစ်အခတ်ရပ်စဲရေး မတိုင်မီကာလနှင့် ၁၉၉၈ ခုနှစ်အထိ ကာလတွင် ထောင်နှင့်ချီသော မွန်၊ ကရင်နှင့် ထားဝယ်အရပ်သားများအား ကီလိုမီတာ ၁၁၀ ရှည်လျားသည့် ရေး – ထားဝယ် ရထားလမ်းဖောက်ရန် နဝတစစ်အစိုးရက အဓမ္မစေခိုင်းခဲ့၍ အများအပြားမှာ ရိုက်နှက်မှုများနှင့် ကြမ်းတမ်းလှသော အလုပ်အခြေအနေများမှ လွတ်မြောက်ရန် မွန်ပြည်သစ်ပါတီ ထိန်းချုပ်နယ်မြေများသို့ ထွက်ပြေးခဲ့ကြရသည်။ အပစ်အခတ်ရပ်စဲရေး ပြုလုပ်ပြီးနောက်ပိုင်း မွန်ဒုက္ခသည်များအား မြန်မာနိုင်ငံသို့ ပြန်လည်ပို့ဆောင်သည့်အချိန်မှာပင် ထိုင်းနိုင်ငံပိုင် ရေနံနှင့် ဓာတ်ငွေ့ကုမ္ပဏီ (PTT) ၏ လက်အောက်ခံရှာဖွေရေးနှင့် ထုတ်လုပ်ရေး (PTTEP) နှင့် မြန်မာ့ရေနံနှင့် ဓာတ်ငွေ့လုပ်ငန်း (MOGE) တို့က ပြင်သစ်ကုမ္ပဏီ တိုတယ်လ်၊ အမေရိကန်ရေနံကုမ္ပဏီ ယူနိုကယ်လ်တို့နှင့်ပူးပေါင်း၍ ကပ္ပလီပင်လယ်ပြင်ရှိ ကမ်းလွန်သဘာဝဓာတ်ငွေ့သိုက်များကို ဖော်ထုတ်ကာ ဓာတ်ငွေ့များကို ထိုင်းနိုင်ငံသို့ ပိုက်လိုင်းဖြင့် တင်ပို့ခဲ့ သည်။ ရတနာဓာတ်ငွေ့စီမံကိန်းနှင့် တွဲဖက်ရဲတံခွန် ဓာတ်ငွေ့စီမံကိန်းမှ ပိုက်လိုင်းဖြတ်နယ်မြေများတွင် စစ်အင်အားတိုးချခြင်းနှင့် အဓမ္မလုပ်အားပေး၊ ညှဉ်းပန်းနှိပ်စက်မှု၊ မုဒိမ်းမှု၊ လူသတ်မှု စသည့်လူ့အခွင့်အရေး ဖောက်ဖျက်မှုများကို မြန်မာစစ်တပ်က ပိုက်လိုင်းလုံခြုံရေးအတွက် နေရာချထားသည့် တပ်ဖွဲ့များမှ ကျူးလွန်သည်ကို တွေ့ကြုံကြရသည်။ မြန်မာစစ်တပ်သည် ကုမ္ပဏီဝန်ထမ်းများ၊ ပစ္စည်းကိရိယာများနှင့် လုပ်ငန်းများ၏လုံခြုံရေးအတွက် တာဝန်ရှိသည်။ စစ်စခန်းများ တည်ဆောက်ရန် မြေဧကပေါင်း (၁) သောင်းကျော် သိမ်းဆည်းခဲ့သလို ပိုက်လိုင်းစောင့် လုံခြုံရေးတပ်ရင်းများ၏ နေရေး ထိုင်ရေးအတွက် အိမ်များဆောက်ရန်နှင့် စိုက်ပျိုးရေး စီမံကိန်းများပြုလုပ်ရန် နောက်ထပ် မြေဧကရာပေါင်းများစွာ သိမ်းဆည်းခဲ့သည်။ စီမံကိန်း၏ရလဒ်အဖြစ် ၂၀၀၉ ခုနှစ် အရောက်တွင် မြေဧက ၁၆၀၀၀ ကျော် သိမ်းပြီးဖြစ်သည်။

**ပိုက်လိုင်းစောင့်လုံခြုံရေးတပ်ရင်းများ၏ နေရေးထိုင် ရေးအတွက် အိမ်များဆောက်ရန်နှင့် စိုက်ပျိုးရေးစီမံကိန်းများပြုလုပ်ရန် နောက်ထပ်မြေဧကရာပေါင်းများစွာ သိမ်းဆည်းခဲ့သည်။**

ယခုဖော်ပြခဲ့သည့် မွန်ပြည်လူ့အခွင့်အရေး ဖောင်ဒေးရှင်း၏ လူ့အခွင့်အရေးချိုးဖောက်ခံရမှု မှတ်တမ်းများဖြစ်စဉ်ကို ပြန်ပြောင်းသုံးသပ်ကြည့်လျှင် ပဋိပက္ခနှင့် ဆိုးကျိုးသက်ရောက်မှု အခြေခံအကြောင်းရင်းများကို မဖြေရှင်းနိုင်သေးဘဲ ပဋိပက္ခဒဏ်ခံ နစ်နာခံစားရသူ ပြည်သူအသိုင်းအဝိုင်းများအတွက် ခိုင်မြဲသည့် ဖြေရှင်းချက်များ ရှာဖွေရေးတွင် တစ်ဆို့ပိတ်မိနေသည်ကို တွေ့မြင်ရမည်။ လူ့အခွင့်အရေးချိုးဖောက်ခံရမှုကြောင့် မိမိတို့၏ ဇာတိချက်မြှုပ်ဒေသများကို နှစ် ၂၀ ကျော်ကြာ စွန့်ခွာထွက်ပြေးလာကြပြီး ပြည်တွင်းနေရပ် စွန့်ခွာတိမ်းရှောင်ရသူ IDP များ ဖြစ်လာခဲ့ရသည့် ငြိမ်းချမ်းစွာ အိမ်ပြန်မည့် မျှော်လင့်ချက်များကို မည်သူမျှ မဖြည့်ဆည်းနိုင်သေးချေ။ ပြည်တွင်းနိုင်ငံရေးတည်ငြိမ်မှုကို သုံးသပ်ကြည့်မည်ဆိုလျှင်လည်း စစ်မှန်သော ဖက်ဒရယ်စနစ်အတွင်း တိုင်းရင်းသားတန်းတူရေးကို အာမခံသည့် ထာဝရငြိမ်းချမ်းရေး ရရှိရေးဆိုသည့် အာသီသလည်း အရိပ်အယောင်ပင် မတွေ့မြင်ရသေးပေ။

**ပဋိပက္ခနှင့် ဆိုးကျိုးသက်ရောက်မှု အခြေခံအကြောင်းရင်းများကို မဖြေရှင်းနိုင်သေးဘဲ ပဋိပက္ခဒဏ်ခံ နစ်နာခံစားရသူ ပြည်သူအသိုင်းအဝိုင်းများအတွက် ခိုင်မြဲသည့်ဖြေရှင်းချက်များ ရှာဖွေရေးတွင် တစ်ဆို့ပိတ်မိနေသည်ကို တွေ့မြင်ရမည်။**

ပြီးခဲ့သည့် အစိုးရအဆက်ဆက် ကာလအတွင်း ယင်းခေတ်ကာလ၏ စနစ်ကြောင့် ထိခိုက်နစ်ခံ ခံစားခဲ့ရသူပြည်သူများ၏ စိုးရိမ်မှုများနှင့် ဘဝများကို မြန်မာနိုင်ငံ၏ ပိုမိုကြီးမားကျယ်ပြန့်သော ပြုပြင်ပြောင်းလဲရေး ဇာတ်ကြောင်းနှင့် ခွဲမကြည့်သင့်သလို မေ့ပျောက်မထား

**အတိတ်ကာလ လူ့အခွင့်အရေး ချိုးဖောက်ခံရမှုများအတွက် နစ်နာကြေးရနိုင်အောင် ဥပဒေများပြင်ဆင်ပေးခြင်း၊ ပြည်တွင်းနေရပ်စွန့်ခွာတိမ်းရှောင် ရသူများအဖို့ ၄င်းတို့ပြန်ကြမည့် ဒေသများတွင် ရှိနေသေးသည့် မြေမြှုပ်မိုင်းများအား ရှင်းလင်းပေးခြင်း၊ ငြိမ်းချမ်းရေးလုပ်ငန်းတွင် ၄င်းတို့အား နောက်ထပ်မတရားပြုကျင့်ခံရမှုနှင့် အိုးအိမ် စွန့်ရွှေ့ပြောင်းရမှုများမှ ကာကွယ်ပေးမည့် ခိုင်မာသော နိုင်ငံရေးအဖြေရရှိခြင်း**

စကောင်းလည်းမသင့်ပေ။ နစ်နာခံစားခဲ့ရသူများအတွက် အခွင့်အရေးများ ပြန်လည်ထူထောင်ရန် အာမခံခြင်း၊ အတိတ်ကာလ လူ့အခွင့်အရေး ချိုးဖောက်ခံရမှုများ အတွက် နစ်နာကြေးရနိုင်အောင် ဥပဒေများပြင်ဆင်ပေးခြင်း၊ ပြည်တွင်းနေရပ်စွန့်ခွာတိမ်းရှောင်ရသူများအဖို့ ၄င်းတို့ပြန်ကြမည့်ဒေသများတွင် ရှိနေသေးသည့် မြေမြှုပ်မိုင်းများအား ရှင်းလင်းပေးခြင်း၊ ငြိမ်းချမ်းရေးလုပ်ငန်းတွင် ၄င်းတို့အား နောက်ထပ်မတရားပြုကျင့်ခံရမှုနှင့် အိုးအိမ်စွန့်ရွှေ့ပြောင်းရမှုများမှ ကာကွယ်ပေးမည့် ခိုင်မာသော နိုင်ငံရေးအဖြေရရှိခြင်းတို့ ဖြစ်လာသည့်အခါ ၄င်းတို့အနေနှင့် မိမိဆန္ဒအလျောက် သိက္ခာရှိစွာနှင့် လုံခြုံဘေးကင်းစွာ နေရပ်ပြန်ဖို့ရန် အခွင့်အလမ်းပေးရန် အရေးတကြီးလိုအပ်နေသည်။

သို့ပါမှ စစ်မှန်သည့် အမျိုးသားပြန်လည်သင့်မြတ်ရေးနှင့် မြန်မာပြည်သူများအတွက်၊ အထူးသဖြင့် ဆယ်စုနှစ်များစွာ ပဋိပက္ခဒဏ်ခံခဲ့ရပြီး အစဉ်အမြဲပစ်ပယ်ခံခဲ့ရသည့် တိုင်းရင်းသားလူနည်းစုများ အကျိုးရှိနိုင်မည့် ရေရှည်တည်တံ့သော ငြိမ်းချမ်းရေးရရှိလာနိုင်မည်ဖြစ်ပေသည်။ ။

# (၄) လူ့အခွင့်အရေးဆိုင်ရာ တတ်သိနားလည်မှုနှင့် ချိုးဖောက်ခံရမှုများဆိုင်ရာ လေ့လာဆန်းစစ်ခြင်းနှင့် စည်းရုံးလှုံ့ဆော်ခြင်း စီမံကိန်းအကြောင်း

မိမိတို့ "မွန်ပြည်လူ့အခွင့်အဖောင်ဒေးရှင်း" အနေဖြင့် မွန်ဒေသအတွင်း ဖြစ်ပေါ်နေသော လူ့အခွင့်အရေးချိုးဖောက်ခံရမှုဆိုင်ရာ အချက်အလက်မှတ်တမ်းများကို အစဉ်တစိုက် မှတ်တမ်းတင်လေ့လာခဲ့ပြီး၊ အစီရင်ခံစာထုတ်ဝေမှုများ ပြုလုပ်ခဲ့သည်။ သို့သော် ဒေသအတွင်းရှိ ဒေသခံများ၏ လူ့အခွင့်အရေးဆိုင်ရာ အသိမြင်သိရှိနိုင်မှု ညွှန်းကိန်းများအပေါ် ကွင်းဆင်းလေ့လာခဲ့ခြင်း မရှိခဲ့ဖူးပါ။ သို့ဖြစ်ပါ၍ ဒေသခံများ၏ လူ့အခွင့်အရေးဆိုင်ရာ အသိအမြင်များသိရှိနိုင်မှု အခြေအနေများကို ဆန်းစစ်နိုင်ရန်အတွက် ဒေသခံလူငယ်များနှင့်အတူ စစ်တမ်းကောက်ယူ၍ စစ်တမ်းတွေ့ရှိချက်များ သုံးသပ်ဆန်းစစ်၍ စစ်တမ်းဆိုင်ရာ အစီရင်ခံစာတရပ် ရရှိရန် ဦးတည်လုပ်ဆောင်ခဲ့သည်။

အစီရင်ခံစာပါ အချက်လက်များတို့ကို လူ့အခွင့်အရေးကဏ္ဍ လုပ်ဆောင်နေသော ဒေသအတွင်း အရပ်ဖက်လူမှုအဖွဲ့အစည်းများ၊ INGO & NGO အဖွဲ့အစည်းများနှင့် အစိုးရသက်ဆိုင်ရာဌာနများနှင့် လွှတ်တော်ကိုယ်စားလှယ်များထံသို့ တင်ပြနိုင်ရန်နှင့် ၎င်းတို့၏ လုပ်ငန်းစဉ်များကို အထောက်ကူပြုရန်အတွက်လည်း ရည်ရွယ်သည်။ ၎င်းအပြင် ဒေသအတွင်း လူ့အခွင့်အရေးလှုပ်ရှားမှုလုပ်ငန်းစဉ်များ မြှင့်တင်နိုင်ရန်အတွက် ဤစီမံကိန်းအားအကောင်အထည်ဖော် လုပ်ဆောင်ခဲ့ခြင်းလည်း ဖြစ်ပါသည်။ ။

**စီမံကိန်းရည်ရွယ်ချက်များ**

(၁) ဒေသအတွင်း လူထုများကိုယ်တိုင် လူ့အခွင့်ယန္တရားလည်းပတ်နေမှုများ လက်တွေ့ကျကျ လေ့လာသိရှိ နိုင်စေရန်။

(၂) ဒေသခံများနှင့်အတူ လူ့အခွင့်အရေး သိရှိနိုင်မှုအခြေအနေများနှင့် ချိုးဖောက်ခံရမှုများကို လေ့လာဖော်ထုတ်နိုင်စေရန်။

(၃) ဒေသခံများ၏ လူ့အခွင့်အရေး သိရှိနိုင်မှုအခြေအနေနှင့် ချိုးဖောက်ခံရမှုများကို အကျိုးသက်ဆိုင်သူ အလွှာအသီးအသီးသို့ တိုက်တွန်းလှုံ့ဆော်သွားနိုင်ရန်။

# (၅) စစ်တမ်းပြုလုပ်ခြင်းလုပ်ငန်းစဉ်နှင့် စစ်တမ်းသုံးသပ်ချက်နည်းနာများ

## (က) စီမံကိန်းလုပ်ငန်းစဉ် မိတ်ဆက်ခြင်း

မိမိတို့ မွန်ပြည်လူ့အခွင့်အရေးဖောင်ဒေးရှင်းသည် မြန်မာနိုင်ငံတောင်ပိုင်းတွင်ရှိသော မြို့နယ်များတွင် တည်ရှိနေသော ပြည်သူလူထုတို့၏ လူ့အခွင့်အရေးတက်သိနားလည်းမှုနှင့် ဖြစ်ပေါ်နေသော လူ့အခွင့်အရေး ချိုးဖောက်ခံရမှုများကို လေ့လာသိရှိနိုင်ရန်အတွက် စစ်းတမ်းကောက်ယူပြီး အစီရင်ခံစာများ ထုတ်ဝေသွားရန် အတွက် မွန်ပြည်လူ့အခွင့်အရေးဖောင်းဒေးရှင်းမှ တာဝန်ခံများ ဆုံးဖြတ်ခဲ့ကြပါသည်။ လုပ်ငန်းစဉ် အကောင်ထည် ဖော်ရန် အတွက် European Union (EU), Local Resource Center (LRC), Equality Myanmar (Eqmm) , Dan Church Aid & Norwegian Church Aid (DCA & NCA) တို့၏ ငွေကြေးအထောက်အပံများကို ရယူ၍ စီမံကိန်းလုပ်ငန်းစဉ်များ စတင်အကောင်ထည်ဖော် ဆောင်ရွက်ခဲ့ခြင်း ဖြစ်ပါသည်။



*စီမံကိန်းအကြောင်းနှင့် လုပ်ငန်းစဉ်များကို ဒေသခံများအား အသိပေးရှင်းလင်းပွဲ ပြုလုပ်စဉ် လှုပ်ရှားမှုဓါတ်ပုံ။*

စီမံကိန်း လုပ်ငန်ဖော်ဆောင်ရာတွင် ဒေသခံများ၏ ပူးပေါင်းပါဝင်နိုင်ရန်အတွက် စီမံကိန်း အသိပေးမိတ်ဆက်ခြင်းတရပ်ပြုလုပ်ခဲ့ပါသည်။ စီမံကိန်းအသိပေးမိတ်ဆက်ပွဲကို မွန်ပြည်နယ်အတွင်းရှိသော မြို့နယ် (၆) မြို့နယ်ရှိ ဒေသခံများနှင့် မော်လမြိုင်မြို့ရှိ မွန်လူမှုအဖွဲ့အစည်းများကိုလည်း ဖိတ်ကြား၍ အသိပေးမိတ်ဆက် ပွဲအစီစဉ်ကို မေလ (၁၃) ရက်နေ့၊ (၂၀၁၈) ခုနှစ်၊ ပိုင်ခေတ်ခန်းမ၊ မြိုင်သာယာရပ်၊ မော်လမြိုင်မြို့တွင် ပြုလုပ်ခဲ့ကျပါသည်။ ထိုမိတ်ဆက်ပွဲတွင် ပေါင်မြို့နယ်၊ ကျိုက်မရောမြို့နယ်၊ ချောင်းဆုံမြို့နယ်၊ မုဒုံမြို့နယ်၊ သံဖြူဇရပ်မြို့နယ်၊ ရေးမြို့နယ်၊ စသည့်မြို့နယ်အသီးသီးရှိ ဒေသခံကျေးရွာလူထုများ၊ မော်လမြိုင်မြို့ရှိ မွန်အရပ်ဖက် လူမှုအဖွဲ့အစည်းများ၊ စုစုပေါင်းတက်ရောက်သူ ကိုယ်စားလှယ် (၂၅) ဦး ရှိပြီး၊ လုပ်ငန်းစဉ် အကြောင်းအရာများကို တက်ကြွစွာ ပါဝင်ဆွေးနွေးခဲ့ကြပါသည်။

## (ခ) လူ့အခွင့်အရေးဆိုင်ရာ စစ်တမ်းကောက်ခံခြင်း အမြင်ဖွင့်သင်တန်းပြုလုပ်ခြင်း

စစ်တမ်းကောက်ယူခြင်းလုပ်ငန်း ပြုလုပ်နိုင်ရန်အတွက် မြို့နယ် (၆) မြို့နယ်ရှိ ဒေသခံလူငယ်များအား အခွင့်အရေးနှင့်ပတ်သက်၍ စစ်တမ်းကောက်ယူခြင်းဆိုင်ရာနည်းနာများကို သိရှိနိုင်ရန်အတွက် "လူ့အခွင့်အရေး ဆိုင်ရာ အကြောင်းအရာများနှင့် စစ်တမ်းကောက်ခံခြင်းနည်းနာများသင်တန်း" တခုကို (၂၀၁၈) ခုနှစ်၊ မေလ (၂၁) ရက်နေ့မှ၊ ဇွန်လ (၈) ရက်နေ့ အထိ၊ မော်လမြိုင်မြို့တွင် ပြုလုပ်ခဲ့ပါသည်။ သင်တန်းပြုလုပ်ရာတွင် မြို့နယ် (၅) မြို့ရှိ သင်တန်းသူ/သား စုစုပေါင်း (၁၃) ဦးတို့ တက်ရောက်ခဲ့ပါသည်။ သင်တန်းသူ/သားများကိုယ်တိုင် လူ့အခွင့်အရေးနှင့် ပတ်သက်သောအကြောင်းအရာများ၊ အမျိုးသမီးအခွင့်အရေးနှင့် ကျား/မတန်းတူရေး ဆိုင်ရာအကြောင်းအရာများ၊ လူ့အခွင့်အရေး ချိုးဖောက်မှုပုံစံများ၊ နိုင်ငံသားနှင့် နိုင်ငံရေးဆိုင်ရာ အခွင့်အရေးများ၊ သဘာဝပတ်ဝန်းကျင်နှင့် ပတ်သက်သော အကြောင်းအရာများ၊ စစ်တမ်းကောက်ခံခြင်းနည်နားများကို သိရှိနိုင်ရန် အတွက် သင်တန်းဆရာ/ဆရာမ (၆) ဦးနှင့်အတူ စီမံကိန်းတာဝန်ခံတို့မှ သင်တန်းသူ/သားများအား လိုအပ် သည့်သင်ကြားမှုများနှင့် ဆွေးနွေးမှုများ ရက်ပေါင်း (၂၀) ရက်ခန့်ပြုလုပ်ခဲ့ပြီး လူ့အခွင့်အရေး ဆိုင်ရာနှင့်



*ပစ္စည်းဥစ္စာပိုင်ဆိုင်မှု အခွင့်အရေးချိုးဖောက်ခံရမှုနှင့် ဆက်စပ်သော မြေယာသိမ်းဆည်းမှုအကြောင်းနှင့် မြေယာဥပဒေများအကြောင်းကို ဥပဒေပညာရှင် သင်တန်းဆရာမှ သင်တန်းသားများအား ဆွေးနွေးတင်ပြ နေစဉ်။*

ပတ်သက်သော အကြောင်းအရာများကို စစ်တမ်းကောက်ယူနိုင်ရန်အတွက် လိုအပ်သည့် ကြိုတင်ပြင်ဆင်မှုအပိုင်းများကိုလည်း စီစဉ်ပြုလုပ်ခဲ့ပါသည်။

သင်တန်း (၂၀) ရက်တာ ကာလအတွင်းမှာ တက်ရောက်လာသော ဒေသခံလူငယ်များအား အခြေခံလူ့အခွင့်နှင့်ပတ်သက်သော အခွင့်အရေးနှင့်ဂုဏ်သိက္ခာ ဆက်စပ်နေမှုပုံစံများ၊ လူ့အခွင့်အရေး ဖြစ်ပေါ်လာပုံ အဆင်ဆင့်နှင့် သမိုင်းအကြောင်းများ၊ အပြည်ပြည်ဆိုင်ရာလူ့အခွင့်အရေး ကြေငြာစာတမ်းအပိုဒ် (၃၀) များကိုလည်းကောင်း၊ အမျိုးသမီးအခွင့်အရေးနှင့်ပတ်သက်သော ခွဲခြားဆက်ဆံခံနေရမှုပုံစံများ၊ အကြောင်းအရာများကိုလည်းကောင်း၊ ပြီးခဲ့သည့်အတိတ်ကာလ လူ့အခွင့်အရေးချိုးဖောက်ခံနေရမှုများနှင့် လက်ရှိပစ္စုပ္ပန် ကာလအတွင်း ချိုးဖောက်ခံနေရမှုများကိုလည်း ဆွေးနွေးတင်ပြခဲ့ကြသည်။ မြန်မာနိုင်ငံ (၂၀၀၈) ဖွဲ့စည်းပုံအခြေခံ ဥပဒေနှင့် နိုင်ငံသားနှင့် နိုင်ငံရေးအခွင့်အရေးဆိုင်များ ဆက်စပ် ချိတ်ဆက်နေမှု ရှိခဲ့သည်ကိုလည်း ဆွေးနွေးခဲ့ကြပါသည်။

ထိုနောက် နိုင်ငံတကာရင်းနှီးမြှုပ်နှံမှုကြောင့် လူ့အခွင့်အရေးချိုးဖောက်ခံရမှု အကြောင်းအရာများကိုလည်း ဆွေးနွေးခဲ့ကြသည်။ စစ်တမ်းကောက်ရာတွင် အဆင်ပြေချောမွေ့စေရန် စစ်တမ်းမေးခွန်ပုံစံများ၊ စစ်တမ်းကောက်ခံမှုသဘောတရားများ၊ စစ်တမ်းကောက်ရာတွင် ရှောင်ကြဉ်ရမည့်အချက်များ၊ လိုက်နာရမည့်ကျင့်ဝတ်နှင့် စည်းမျဉ်းစည်းကမ်းများ အပြန်လှန် ဆွေးနွေးခဲ့ကြသည်။ မြို့နယ်အလိုက် စစ်တမ်းကောက်ယူရန်အတွက် အုပ်စုအလိုက် စုဖွဲ့ထားရှိပြီး၊ သင်တန်းသားများကိုယ်တိုင် မိမိတို့၏ ဆွေးနွေးဖော်ထုတ်ထားသော စစ်တမ်းမေးခွန်းလွှာများကို အခြေပြု၍ သင်တန်းသူ/သားများအချင်းချင်း လက်တွေ့စမ်းသပ် စစ်တမ်းမေးခွန်း အပြန်အလှန်မေးမြန်းခြင်း လေ့ကျင့်မှုများ ပြုလုပ်ခဲ့ကြသည်။ ၎င်းအပြင် သင်တန်းသူ/သားများနှင့် စီမံကိန်းတာဝန်ခံများ ပူးပေါင်း၍ ကျိုက်မရောမြို့နယ်ရှိ ကျေးရွာဒေသခံများထံ သွားရောက်၍ စစ်တမ်းကနဦး စမ်းသပ်ကောက်ယူခြင်း လေ့ကျင့်မှုများ ပြုလုပ်ပြီးသောအခါ စစ်တမ်းကောက်ယူခြင်း လေ့ကျင့်မှုအတွေ့အကြုံများ ပြန်လည်သုံးသပ်ခဲ့သည်။



*စစ်တမ်းကောက်သူတစ်ဦး ကုန်စုံဆိုင်ပိုင်ရှင် တစ်ဦးကို စစ်တမ်းမေးခွန်းများ မေးမြန်းနေစဉ်။*

## (ဂ) စစ်တမ်းကောက်ယူခြင်း

စစ်တမ်းကောက်ယူခြင်း လုပ်ငန်းစဉ်ကို (၂၀၁၈) ခုနှစ်၊ ဇွန်လ (၁၁) ရက်နေ့မှ ဇူလိုင်လ (၁၅) ရက်နေ့အထိ (၁) လတာခန့် ကွင်းဆင်း စစ်တမ်းကောက်ယူမှုများ ပြုလုပ်ခဲ့ပါသည်။ စစ်တမ်းကောက်ယူရာတွင် သင်တန်းတက်ရောက်ခဲ့သော သင်တန်းသူ/သား (၁၅) ဦးတို့မှ အုပ်စု (၅) အုပ်စုဖွဲ့ခဲ့ကြပြီး၊ တစ်မြို့နယ်လျှင် (၁) အုပ်စုဖြင့် ကွင်းဆင်းစစ်တမ်းကောက်ယူခဲ့ပါသည်။ ၎င်းစစ်တမ်းကောက်ယူရာတွင် မွန်ပြည်နယ်အတွင်းရှိ မြို့နယ် (၆) ခုမှ ကျေးရွာပေါင်း (၃၄) ရွာအတွင်း နေထိုင်သူ စုစုပေါင်း လူဦးရေ (၅၆၃) ဦးထံတွင် စစ်တမ်းကောက်ယူမှု ပြုလုပ်ခဲ့ပါသည်။ မြို့နယ်နှင့် ကျေးရွာများတွင် စစ်တမ်းကောက်ယူမှု အဆင်ပြေချောမွေ့စေရန်နှင့် အထောက်အပံ့ပေးနိုင်ရန်အတွက် မြို့နယ်အလိုက် စစ်တမ်းကြီးကြပ် စောင့်ကြည့်သူ (၅) ဦးတို့က ပါဝင်ကူညီခဲ့ပါသည်။



*စစ်တမ်းအချက်လက်များ၊ စစ်တမ်းရလဒ်များကို အရပ်ဖက်လူမှုအဖွဲ့အစည်းများအား ပြန်လည်းချပြ၍ တွေ့ရှိချက်ဖြစ်နိုင်ခြေများ အတည်ပြုဆွေးနွေးမှုပြုလုပ်နေစဉ်။*

## (ဃ) စစ်တမ်းလေ့လာသုံးသပ်ခြင်း

လူဦးရေ စုစုပေါင်း (၅၆၃) ဦးထံမှ ကောက်ယူရရှိခဲ့သည့် စစ်တမ်းအချက်အလက်များကို စီမံကိန်း တာဝန်ခံများနှင့် ရုံးအဖွဲ့ဝင်တို့က အင်တာနက်အွန်လိုင်း ဒေတာထည့်သွင်းစနစ် (Google Sheet) ထဲသို့ ထည့်သွင်း ပြီး၊ အရေအတွက်နှင့်သက်ဆိုင်သော မေးခွန်းအချက်အလက်များ စီစစ်သုံးသပ်၍လည်းကောင်း၊ စစ်တမ်းဖြေကြား သူတို့၏ စကားလုံးဖြင့် ဖြေကြားခဲ့သည့် မှတ်တမ်းအချက်လက်များကိုလည်း ပြန်လည်ဆင်ခြင်သုံးသပ်၍ လည်းကောင်း၊ ဒေသအတွင်းရှိ ကျွမ်းကျင်သူများထံ အတည်ပြုချက်ရယူ၍ ပြန်လည်စီစစ်မှုများ ပြုလုပ်ခဲ့ကြပါသည်။

မြေပြင်မှ စစ်တမ်းကောက်ယူခဲ့သော အချက်အလက်များကို အခြေပြု၍ စီမံကိန်းတာဝန်ခံများမှ စစ်တမ်း ကောက်ယူခဲ့သော သင်တန်း/သားများအား ရရှိခဲ့သည့်အချက်လက်များနှင့် စစ်တမ်းကိန်းဂဏန်းရလဒ်များကို ပြန်လည်ချပြ အတည်ပြုဆွေးနွေးမှု တစ်ခုကိုလည်း ပြုလုပ်ခဲ့ပါသည်။ ၎င်းအပြင် စစ်တမ်းရလဒ် တွေ့ရှိချက်များကို စီမံကိန်းတာဝန်ခံများနှင့် ရုံးအဖွဲ့ဝင်များ၊ စီမံကိန်းအကြံပေးသူများထံ ဆွေးနွေးတိုင်ပင်၍ စစ်တမ်းမေးခွန်းကဏ္ဍ အလိုက် အချက်အလက်များကို သုံးသပ်ချက်များ ပြုလုပ်ခဲ့ပါသည်။

ဤအစီရင်ခံစာကို (၂၀၁၈) ခုနှစ်၊ အောက်တိုဘာလ (၃၀) ရက်နေ့တွင်၊ မော်လမြိုင်မြို့ရှိ အရပ်ဘက်လူမှု အဖွဲ့အစည်းများနှင့် စစ်တမ်းကောက်ယူခဲ့သော သင်တန်းသူ/သားများနှင့် စီမံကိန်း အကြံပေးတာဝန်ခံများဆီကို ပထမမူကြမ်းအနေဖြင့် တင်ပြခဲ့ပြီး ၎င်းတို့ထံမှ သုံးသပ်ချက်များနှင့် ဖြည့်စွက်ချက်များ လက်ခံရယူ၍ ၎င်းတို့၏ အကြံပြုချက်များအတိုင်း စစ်တမ်းတွေ့ရှိချက် အချက်လက်များ တိကျမှန်ကန်မှုဖြစ်စေရန် ပြန်လည်မွမ်းမံပြင်ဆင်ဖြည့် စွက်၍ မွန်ပြည်လူ့အခွင့်အရေးဖောင်ဒေးရှင်းမှ တာဝန်ရှိသူများ၏ အတည်ပြုချက်ဖြင့် ယခုအစီရင်ခံစာအား ပုံနှိပ်ထုတ်ဝေရန် စီစဉ်ခဲ့ပါသည်။

# (၆) စစ်တမ်းဖြေကြားသူများနှင့် သက်ဆိုင်သော အကြောင်းအရာများ

စစ်တမ်းလေ့လာတွေ့ရှိချက် အပိုင်း (၁) တွင် စစ်တမ်းကောက်ယူမှုကာလအတွင်း တွေ့ဆုံမေးမြန်းခဲ့သော ဒေသခံပြည်သူများနှင့်ပတ်သက်သည့် အကြောင်းအရာများကို တင်ပြသွားမည် ဖြစ်ပါသည်။

မွန်ပြည်နယ်အတွင်းရှိ လူ့အခွင့်အရေးအခြေအနေမှန်ကို ပိုမိုသိရှိနားလည်နိုင်ရန်အတွက် မွန်ပြည်လူ့အခွင့်အရေးဖောင်ဒေးရှင်းအနေဖြင့် "လူ့အခွင့်အရေးတတ်သိနားလည်မှုနှင့် လူ့အခွင့်အရေးချိုးဖောက်ခံရမှု" နှင့်ပတ်သက်ပြီး မြို့နယ် (၆) မြို့နယ်တွင် စစ်တမ်းများ ကောက်ယူခဲ့သည်။ မြို့နယ် (၆) မြို့နယ်အတွင်းရှိ ကျေးရွာပေါင်း (၃၄) ရွာသို့ သွားရောက်ပြီး ဒေသခံပြည်သူ (၅၆၃) ဦးနှင့် တွေ့ဆုံမေးမြန်းခဲ့သည်။

| စဉ် | မြို့နယ် | ရပ်ကွက်/ကျေးရွာများ | စစ်တမ်းဖြေဆိုသူ ဦးရေ (စုစုပေါင်း) |
|---|---|---|---|
| ၁ | ပေါင်မြို့နယ် | (၁) ထန်းပင်ချောင်းကျေးရွာ၊ (၂) ပန်းကုန်းကျေးရွာ၊ (၃) ဖင်းကျိုက်ကျေးရွာ၊ (၄) ကဒါရပ်ကွက်၊ (၅) ဥတ္တံတားကျေးရွာ | ၁၀၀ |
| ၂ | ကျိုက်မရောမြို့နယ် | (၁) မယ်ဂရိကျေးရွာ၊ (၂) ကော့ဒွန်း/ ကော့ပနော့ကျေးရွာ၊ (၃) ကတုံးစိကျေးရွာ၊ (၄) ကွမ်းငန်းကျေးရွာ၊ (၅) နီတုံကျေးရွာ၊ (၆) ကျွန်ရွာကျေးရွာ၊ (၇) ကနာလိုကျေးရွာ၊ (၈) တရနာကျေးရွာ | ၉၄ |
| ၂ | ချောင်ဆုံမြို့နယ် | (၁) မုဒွန်းကျေးရွာ၊ (၂) ကလို့ကျေးရွာ၊ (၃) တော်ကနာကျေးရွာ၊ (၄) ကမာမိုကျေးရွာ၊ (၅) ဘိုနက် (၆) ကော့ကဒိုက်ကျေးရွာ | ၁၀၁ |
| ၄ | မုဒုံမြို့နယ် | (၁) ကွမ်းလှာကျေးရွာ၊ (၂) နီးပဒေါ်ကျေးရွာ၊ (၃) ကလော့သော့ကျေးရွာ၊ (၄) နိုင်လုံကျေးရွာ၊ (၅) တာပသွန်ကျေးရွာ | ၁၀၀ |
| ၅ | သံဖြူဇရပ်မြို့နယ် | (၂) ဝဲရက်ကျေးရွာ၊ (၂) တောင်ဖလုကျေးရွာ၊ (၃) နှစ်ကိုင်းကျေးရွာ၊ (၄) ရသေ့တောင်ကျေးရွာ | ၇၃ |
| ၆ | ရေးမြို့နယ် | (၁) ကွမ်းဒူးကျေးရွာ၊ (၂) အာယုတောင်ကျေးရွာ၊ (၃) မော့ကနင်ကျေးရွာ၊ (၄) စုံနံ့သာကျေးရွာ၊ (၅) ရောင်းရင်ကြီးကျေးရွာ၊ (၆) ဟံဂံကျေးရွာ | ၉၅ |
| | | စုစုပေါင်း | ၅၆၃ |

*စစ်တမ်းတွေ့ရှိချက် ပုံ (၁) – စစ်တမ်းများ သွားရောက်ကောက်ခံခဲ့သည့် မြို့နယ်၊ ကျေးရွာများ အမည်စာရင်းနှင့် စစ်တမ်းဖြေကြားသူဦးရေစုစုပေါင်းပြဇယား။*

ပိုမိုပြည့်စုံသော စစ်တမ်းတစ်ခု ဖြစ်လာစေရန်အတွက် စစ်တမ်းကောက်ယူရာတွင် နေထိုင်ရာကျေးရွာ၊ အသက်အပိုင်းအခြား၊ လူမျိုး၊ လိင်အမျိုးအစား၊ အလုပ်အကိုင်၊ ကိုယ်စားပြုသည့်အဖွဲ့အစည်း စသည်ဖြင့် ကဏ္ဍပေါင်းစုံ ပါဝင်လာရန် ကြိုးစားလုပ်ဆောင်ခဲ့သည်။


## (က) စစ်တမ်းဖြေကြားသူများ၏ နေထိုင်ရာဒေသနှင့် အရေအတွက်

ကျိုက်မရောမြို့နယ်တွင် ကျေးရွာ (၈) ရွာသို့ သွားရောက်ပြီး ဒေသခံပြည်သူ (၉၄) ဦးနှင့် တွေ့ဆုံခဲ့သည်။ ချောင်းဆုံမြို့နယ်တွင် ကျေးရွာ (၆) ရွာသို့ သွားရောက်ပြီး ဒေသခံပြည်သူ (၁၀၁) ဦးနှင့် တွေ့ဆုံခဲ့သည်။ မုဒုံမြို့နယ်တွင် ကျေးရွာ (၅) ရွာသို့ သွားရောက်ပြီး ဒေသခံပြည်သူ (၁၀၀) ဦးနှင့် တွေ့ဆုံခဲ့သည်။ သံဖြူဇရပ်မြို့နယ်တွင် ကျေးရွာ (၄) ရွာသို့ သွားရောက်ပြီး ဒေသခံပြည်သူ (၇၃) ဦးနှင့် တွေ့ဆုံခဲ့သည်။ ရေးမြို့နယ်တွင် ကျေးရွာ (၆) ရွာသို့ သွားရောက်ပြီး ဒေသခံပြည်သူ (၉၅) ဦးနှင့် တွေ့ဆုံခဲ့သည်။ ပေါင်မြို့နယ်တွင် ကျေးရွာ (၅) ရွာသို့ သွားရောက်ပြီး ဒေသခံပြည်သူ (၁၀၀) ဦးနှင့် တွေ့ဆုံခဲ့သည်။

## (ခ) စစ်တမ်းဖြေကြားသူများ၏ အသက်အပိုင်းအခြား

လူ့အခွင့်အရေးအခြေအနေကို ပိုမိုကျယ်ပြန့်သော ရှုထောင့်မှ သုံးသပ်နိုင်ရန်အတွက် ဒေသခံပြည်သူများနှင့် တွေ့ဆုံမေးမြန်းရာတွင် လူငယ်ပိုင်း၊ လူလတ်ပိုင်းနှင့် လူကြီးပိုင်း အသက်အရွယ်အပိုင်းအခြားအားလုံးပါဝင်ရန် အထူးဂရုပြုမေးမြန်းခဲ့သည်။


အသက် (၁၈) နှစ်မှ (၃၅) နှစ်အတွင်းရှိ ဒေသခံပြည်သူ (၁၈၁) ဦး၊ အသက် (၃၆) နှစ်မှ (၄၅) နှစ်အတွင်းရှိ ဒေသခံပြည်သူ (၈၁) ဦး၊ အသက် (၄၆) နှစ်မှ (၅၅) နှစ်အတွင်းရှိ ဒေသခံပြည်သူ (၁၅၅) ဦး၊ အသက် (၅၆) နှစ်မှ (၆၅) နှစ်အတွင်းရှိ ဒေသခံပြည်သူ (၆၂) ဦး၊ အသက် (၆၆) နှစ်မှ (၇၅) နှစ်အတွင်းရှိ ဒေသခံပြည်သူ (၇၂) ဦးနှင့် အသက် (၇၆) နှစ်အထက်ရှိ ဒေသခံပြည်သူ (၉) ဦးတို့ကို တွေ့ဆုံမေးမြန်းခဲ့သည်။




*စစ်တမ်းတွေ့ရှိချက် ပုံ (၂) – စစ်တမ်းဖြေကြားသူများ၏ အသက်အရွယ်အလိုက် ပါဝင်မှုရာခိုင်နှုန်းဖော်ပြခြင်း။*

## (ဂ) စစ်တမ်းဖြေကြားသူများ၏ လူမျိုးနှင့် လိင်အမျိုးအစား


မွန်ပြည်နယ်ရှိ ကျေးရွာများသို့ ကွင်းဆင်းမေးမြန်းသည့်အတွက်ကြောင့် ဖြေကြားသူအများစုသည် မွန်လူမျိုးများ ဖြစ်ကြသည်။ ဖြေကြားသူများတွင် မွန်လူမျိုး (၅၀၃) ဦး၊ ဗမာလူမျိုး (၅၆) ဦးနှင့် အခြားလူမျိုး (၄) ဦး ပါဝင်ပြီး အမျိုးသား (၂၃၆) ဦး၊ အမျိုးသမီး (၃၂၄) ဦးနှင့် အခြားလိင်စိတ်အမျိုးအစား ခံယူထားသူ (၃) ဦး ပါဝင်သည်။




*စစ်တမ်းတွေ့ရှိချက် ပုံ (၃) – စစ်တမ်းဖြေကြားသူတိုင်းရင်းသားပါဝင်မှု အရေအတွက်နှင့် အမျိုးသား၊ အမျိုးသမီးနှင့် အခြားလိင်စိတ်ရှိသူတို့၏ ပါဝင်ဖြေကြားမှု အရေအတွက်ပြခြင်း။*

## (ဃ) စစ်တမ်းဖြေကြားသူတို့၏ အလုပ်အကိုင်


ပိုမိုထိရောက်ကျယ်ပြန့်သော စစ်တမ်းတစ်ခုဖြစ်စေရန်အတွက် တွေ့ဆုံမေးမြန်းရာတွင် အလုပ်အကိုင် ကဏ္ဍပေါင်းစုံမှ ဒေသခံပြည်သူများ ပါဝင်လာစေရန် အထူးဂရုပြုမေးမြန်းခဲ့သည်။ လယ်ယာလုပ်ငန်းလုပ်ကိုင်သူ (၈၃) ဦး၊ ခြံလုပ်ငန်းလုပ်ကိုင်သူ (၉၈) ဦး၊ ကျဘန်းလုပ်ကိုင်သူ (၇၅) ဦး၊ အိမ်ရှင်မ (၁၁၈) ဦး၊ ဈေးဆိုင်သည် (၇၀) ဦး၊ စက်ချုပ်လုပ်ငန်းလုပ်ကိုင်သူ (၂၇) ဦး၊ ကျောင်းသားကျောင်းသူ (၁၅) ဦး၊ ကျောင်းဆရာ/ ဆရာမ (၁၆) ဦး၊ ယာဉ်မောင်း (၁၂) ဦး၊ ကုန်သည် (၄) ဦး၊ ဆောက်လုပ်ရေးလုပ်ငန်းလုပ်ကိုင်သူ (၃) ဦး၊ အစိုးရဝန်ထမ်း (၁၁) ဦးနှင့် အခြားကဏ္ဍတွင်လုပ်ကိုင်နေသူ (၃၁) ဦး၊ စုစုပေါင်း (၅၆၃) ဦးကို တွေ့ဆုံမေးမြန်းပြီး စစ်တမ်းကောက်ယူခဲ့သည်၊




*စစ်တမ်းတွေ့ရှိချက် ပုံ (၄) – စစ်တမ်းဖြေကြားသူတို့၏ သက်မွေးဝမ်းကြောင်းလုပ်ငန်းအမျိုးအစားများ။*

## (င) စစ်တမ်းတမ်းဖြေကြားသူတို့၏ ကိုယ်စားပြုသည့်အဖွဲ့အစည်းများ

စစ်တမ်းကောက်ယူရာတွင် သာမန်ပြည်သူများအပြင် အဖွဲ့အစည်းပေါင်းစုံမှ အဖွဲ့ဝင်များကိုလည်း စစ်တမ်းမေးမြန်းခဲ့ပါသည်။ မေးမြန်းခဲ့သူများ၏ ကိုယ်စားပြုအဖွဲ့အစည်းများ၏ အမျိုးအစားများကို စီစစ်ရာတွင် ဒေသအတွင်း လူထုအခြေပြုအဖွဲ့အစည်းများမှ (၇၃) ဦး၊ အရပ်ဖက်လူမှုအဖွဲ့အစည်းများမှ (၁၇) ဦး၊ အစိုးရဌာနဆိုင်ရာဝန်ထမ်းများမှ (၃၀) ဦး၊ နိုင်ငံရေးပါတီများမှ (၆၅) ဦး၊ အုပ်ချုပ်ရေးအဖွဲ့ဝင်များ (၃၅) ဦးနှင့် သာမန်ပြည်သူ (၃၄၃) ဦး၊ စုစုပေါင်း (၅၆၃) ဦးတို့ကို တွေ့ဆုံမေးမြန်းခဲ့သည်။




*စစ်တမ်းတွေ့ရှိချက် ပုံ (၅) စစ်တမ်းဖြေကြားသူတို့၏ ကိုယ်စားပြုသည့်အဖွဲ့အစည်းများ။*

အထက်ပါအတိုင်း သာမာန်ပြည်သူလူထုဖြစ်သူတို့၏ တတ်သိနားလည်ခဲ့မှုကို သိရှိလိုခြင်းကြောင့် သာမာန်ပြည်သူ (၃၄၃) ဦးတို့အား မေးမြန်းခဲ့သော်လည်း၊ ကွဲပြားခြားနားသော အခြေအနေနှင့် ကဏ္ဍများမှ ဒေသခံပြည်သူများနှင့် တွေ့ဆုံမေးမြန်းခွင့်ရခဲ့သဖြင့် ဤစစ်တမ်းသည် ပိုမိုပြည့်စုံသော စစ်တမ်းတစ်ခုဖြစ်လာမည်ဟု မွန်ပြည်လူ့အခွင့်အရေးဖောင်ဒေးရှင်းက ယူဆပါသည်။

# (၅) လူ့အခွင့်အရေးအကြောင်းအရာများ တတ်သိနားလည်မှုဆိုင်ရာ စစ်တမ်းလေ့လာတွေ့ရှိချက်


ယခုစစ်တမ်းလေ့လာတွေ့ရှိချက်ကဏ္ဍတွင် လူ့အခွင့်အရေးကို မည်သို့စတင်သိရှိသည်၊ အတိုင်းအတာ မည်မျှ သိရှိထားသည်၊ လူ့အခွင့်အရေးနှင့်ပတ်သက်၍ မည်သို့မည်ပုံ ပံ့ပိုးကူညီမှုရရှိထားသည် စသည်တို့ကို ဦးစားပေးဖော်ပြသွားမည် ဖြစ်သည်။


## (က) လူ့အခွင့်အရေးကို စတင်ကြားသိခြင်း

တွေ့ဆုံမေးမြန်းခဲ့သူ (၅၆၃) ဦးအနက် လူ့အခွင့်အရေးအကြောင်းအရာ ကြားဖူးသူ (၂၁၃) ဦး ရှိပြီး အနည်းအကျဉ်းခန့်သာ ကြားဖူးသူမှာ (၈၇) ဦးရှိသည်။ လူ့အခွင့်အရေးအကြောင်းအရာကို မကြားဖူးသူနှင့် လုံးဝမကြားဖူးသူမှာ (၂၆၃) ဦး ရှိသည်ကို သိရှိခဲ့ရသည်။ ကိန်းဂဏန်းများအရ တွေ့ဆုံမေးမြန်းခဲ့သူများ၏ ထက်ဝက်နီးပါးသည် လူ့အခွင့်အရေးအကြောင်းကို မကြားဘူးကြောင်း တွေ့ရမည်ဖြစ်သည်။

## (ခ) လူ့အခွင့်အရေးကို သိရှိခြင်း

လူ့အခွင့်အရေးပါ အကြောင်းအရာများကို သိရှိခြင်းရှိမရှိ ဒေသခံပြည်သူ (၅၆၃) ဦးကို မေးမြန်းရာတွင် သိရှိနားလည်သူ (၁၄၂) ဦး ရှိပြီး မသိရှိသူ၊ လုံးဝမသိရှိသူ (၂၈၁) ဦး ရှိပါသည်။ (၁၃၄) ဦးမှာ အနည်းအကျဉ်း သိရှိသည်ဟု ဆိုပါသည်။ အထက်ပါ ကိန်းဂဏန်းများအရ ဖြေကြားသူ၏ (၅၀) ရာခိုင်နှုန်း ကျော်သည် လူ့အခွင့်အရေးအကြောင်းကို သိရှိနားလည်ထားခြင်း မရှိသည်ကို တွေ့ရမည်ဖြစ်သည်။








*စစ်တမ်းတွေ့ရှိချက် ပုံ (၆)၊ စစ်တမ်းဖြေကြားသူတို့၏ လူ့အခွင့်အရေးအကြောင်းအရာအပေါ် ကြားဖူးခြင်းနှင့် သိရှိခြင်းအရေအတွက်နှင့် ရာခိုင်နှုန်းဖော်ပြခြင်း။*

## (ဂ) လူ့အခွင့်အရေးကို သိရှိနားလည်သူများ၏ ၎င်းတို့၏ သိရှိခဲ့သည့်နည်းပုံစံများ

လူ့အခွင့်အရေးကို သိရှိသည်နှင့် အနည်းကျဉ်းသိရှိသည်ဟု ဖြေဆိုသူ ဒေသခံပြည်သူ (၂၈၂) ဦးကို ဆက်လက်မေးမြန်းရာတွင် ဖြေဆိုသူ (၈၃) ဦးက ရေဒီယိုနှင့် ရုပ်မြင်သံကြားမှတဆင့် သိရှိသည်ဟု ဖြေဆိုကြပြီး (၄၉) ဦးက သတင်းစာနှင့် စာစောင်များမှတဆင့် သိခဲ့သည်ဟု ပြောဆိုသည်။ စာပေဟောပြောပွဲမှတဆင့် သိရှိသူမှာ (၇၃) ဦး ရှိပြီး၊ ကောင်းမွန်သည့်အချက်တစ်ခုမှာ လူ့အခွင့်အရေးဆိုင်ရာ အမြင်ဖွင့်သင်တန်း တက်ရောက်ဖူး၍ သိရှိသူမှာ (၆၆) ဦးအထိ ရှိနေခြင်းပင် ဖြစ်သည်။

အထက်ပါကိန်းဂဏန်းများအရ လူ့အခွင့်အရေးကို သိရှိနားလည်ရန်အတွက် မီဒီယာနှင့် အမြင်ဖွင့် သင်တန်းများ၏ အရေးပါပုံကို သိရှိနိုင်သည်။




*စစ်တမ်းတွေ့ရှိချက် ပုံ (၇)၊ စစ်တမ်းဖြေကြားသူများထဲမှ လူ့အခွင့်အရေးကို သိရှိသည်ဟု ဖြေဆိုသူ (၂၈၂) ဦးထဲတွင် ၎င်းတို့၏ လူ့အခွင့်အရေးအကြောင်း သိရှိခဲ့သည့်နည်းပုံစံများ*




*စစ်တမ်းကောက်ခံသူများ ဒေသခံများနှင့် ရင်းရင်းနှီးနှီး စစ်တမ်းမေးမြန်းမှု ပြုလုပ်နေစဉ်။*

## (ဃ) လူ့အခွင့်အရေးနှင့်သက်ဆိုင်သော ပံ့ပိုးကူညီမှုများ

မိမိတို့ကျေးရွာနှင့် ပတ်ဝန်းကျင်အနီးတစ်ဝိုက်တွင် လူ့အခွင့်အရေးဆိုင်ရာ စာပေဟောပြောပွဲများနှင့် အမြင်ဖွင့်သင်တန်းများ ပြုလုပ်ခဲ့ခြင်း ရှိမရှိနှင့်ပတ်သက်၍ ဒေသခံပြည်သူ (၅၆၃) ဦးကို မေးမြန်းရာတွင် အယောက် (၂၀၂) ဦးက ပြုလုပ်ခဲ့ခြင်း ရှိသည်ဟု ဖြေဆိုခဲ့ပြီး အယောက် (၃၆၁) ဦးက ပြုလုပ်ခဲ့ခြင်း မရှိပါ သို့မဟုတ် ပြုလုပ်ခဲ့သည်ကို သိရှိခဲ့ခြင်း မရှိပါဟု ဖြေဆိုခဲ့ပါသည်။

အထက်ပါကိန်းဂဏန်းများအရ စစ်တမ်းဖြေကြားပေးသူများ၏ (၆၄) ရာခိုင်နှုန်းကျော်သည် လူ့အခွင့်အရေးဆိုင်ရာ စာပေဟောပြောပွဲများနှင့် အမြင်ဖွင့်သင်တန်းများကို လက်လှမ်းမမီခဲ့ခြင်း မရှိကြောင်း တွေ့ရမည်ဖြစ်သည်။

မွန်ပြည်နယ် မြို့နယ် (၆) မြို့နယ်မှ ဒေသခံပြည်သူ (၂၀၂) ဦး၏ ဖြေကြားချက်အရ လူ့အခွင့်အရေးဆိုင်ရာ စာပေဟောပြောပွဲများနှင့် အမြင်ဖွင့်သင်တန်းများ ပြုလုပ်ပေးခဲ့သည့် အဖွဲ့အစည်းပေါင်း (၁၃) ဖွဲ့ ရှိပြီး ၎င်းတို့၏ သုံးပုံနှစ်ပုံခန့်မှာ မွန်လူထုအခြေပြုအဖွဲ့အစည်းများ ဖြစ်သည်။ လူ့အခွင့်အရေးဆိုင်ရာ စာပေဟောပြောပွဲများနှင့် အမြင်ဖွင့်သင်တန်းများ တက်ရောက်မှုနှင့်ပတ်သက်၍ ဆက်လက်မေးမြန်းရာ (၉၇) ဦးတို့ကသာ ပါဝင်တက်ရောက်သည်ဟု ဖြေဆိုခဲ့သည်။




**စစ်တမ်းဖြေကြားသူများ၏ ဖြေကြားချက်အရ ၎င်းတို့ဒေသတွင် လူ့အခွင့်အရေး အမြင်ခွင့်သင် တန်းနှင့် စာပေဟောပြောပွဲပြုလုပ်ပေးသည့် အဖွဲ့အစည်းများစာရင်း။**


1) Mon Youth Educator Organization (MYEO)
2) Mon Women Organization (MWO)
3) Human Rights Foundation Of Monland (HURFOM)
4) Community Driven Development (CDD)
5) Jeepyah Civil Society Development Organization (JCSDO)
6) Women Empowerment Program (WEP)
7) Mon Area Commmunity Development Organization (MACDO)
8) ကွန်းဟောင်းစားအဖွဲ့
9) ကလျာဏမိတ္တဖောင်ဒေးရှင်း
10) My Justice (MJ)
11) Mon Youth Network (Ye)
12) Equality Myanmar (Eqmm)
13) International Organization for Migration (IOM)

**မှတ်ချက်။ ။ ဖြေဆိုသူတချို့တို့သည် ၎င်းတို့ဒေသအတွက် သင်တန်းလာရောက်ပြုလုပ်ပေးသည့် အဖွဲ့အစည်းများ၏ အမည်ကို မမှတ်မိနိုင်ဘဲ ဖြစ်နေသည်။**

*စစ်တမ်းတွေ့ရှိချက် ပုံ (၈)၊ လူ့အခွင့်အရေးဆိုင်ရာ စာပေဟောပြောပွဲများနှင့် အမြင်ဖွင့်သင်တန်းများ ပြုလုပ်ခဲ့ခြင်းရှိ/ မရှိကို ဒေသခံများသိရှိထားခဲ့သည့်ရာခိုင်နှုန်းနှင့် လူ့အခွင့်အရေးဆိုင်ရာ သင်တန်းနှင့် စာပေဟောပြောပွဲ ပြုလုပ်ခဲ့သည့် အဖွဲ့အစည်းများ*

အထက်ပါ စစ်တမ်းတွေ့ရှိချက်တို့ကြောင့် လူ့အခွင့်အရေးဆိုင်ရာ စာပေဟောပြောပွဲများနှင့် အမြင်ဖွင့်သင်တန်းများအကြောင်း ကြားသိသူ (၂) ယောက်လျှင် (၁) ယောက်သာ ပါဝင်တက်ရောက်သဖြင့် လူ့အခွင့်အရေးအကြောင်းကို ကိုယ်တိုင်ကိုယ်ကျစိတ်ပါဝင်စားသူ (၅၀) ရာခိုင်နှုန်းကျော်သာ ရှိသည်။ အဆိုပါရာခိုင်နှုန်းသည် ကောင်းမွန်သည့် အရေအတွက်တစ်ခု ဖြစ်သော်လည်း အားကျကျေနပ်ဖွယ်ရလာဒ်တစ်ခု မဟုတ်ဟု မွန်ပြည် လူ့အခွင့်အရေးဖောင်ဒေးရှင်းက သုံးသပ်ပါသည်။






*လူ့အခွင့်အရေး မြှင့်တင်ခြင်းလုပ်ငန်းတွင် ပူးပေါင်းပါဝင် လုပ်ဆောင်နေသည့် အရပ်ဖက်လူ မှုအဖွဲ့အစည်းများနှင့် မွန်ပြည်နယ်အတွင်း အပြည်ပြည်ဆိုင်ရာ လူ့အခွင့်အရေးနေ့ ကျင်းပနေပုံများ*

လူ့အခွင့်အရေးဆိုင်ရာ စာပေဟောပြောပွဲများနှင့် အမြင်ဖွင့်သင်တန်းများမှတဆင့် အပြည်ပြည်ဆိုင်ရာ လူ့အခွင့်အရေးကြေညာစာတမ်း၊ အမျိုးသမီးနှင့် ကလေးအခွင့်အရေး၊ အခြေခံလူ့အခွင့်အရေး၊ လူ့အခွင့်အရေး ဆိုင်ရာ နိုင်ငံတကာစာချုပ်များ၊ လူ့အခွင့်အရေးသမိုင်းကြောင်း၊ အိမ်တွင်းအကြမ်းဖက်မှုနှင့် လူ့အခွင့်အရေးချိုးဖောက် မှုပုံစံတို့ကို သိရှိနားလည်ခဲ့သည်ဟု ဖြေဆိုကြသည်။

ဖြေကြားသူများ၏ (၅၀) ရာခိုင်နှုန်းကျော်သည် စာပေဟောပြောပွဲနှင့် အမြင်ဖွင့်သင်တန်းများမှတဆင့် အခြေခံလူ့အခွင့်အရေးနှင့် အမျိုးသမီးနှင့် ကလေးအခွင့်အရေးအကြောင်းကို နားလည်ခဲ့သည်ဟု တွေ့ရှိရသည်မှာ အားတက်ဖွယ်ရာဖြစ်သည်။


လူ့အခွင့်အရေးဆိုင်ရာ အမြင်ဖွင့်သင်တန်းများ ပို့ချပေးနေသော လူမှုအဖွဲ့အစည်းများအနေဖြင့် လူ့အခွင့် အရေးသမိုင်းကြောင်းနှင့် လူ့အခွင့်အရေးဆိုင်ရာ နိုင်ငံတကာစာချုပ်များအကြောင်းကို ဦးစားပေး ပို့ချသင့်သည် ဟူသော တောင်းဆိုမှုများကိုလည်း မွန်ပြည်လူ့အခွင့်အရေးဖောင်ဒေးရှင်းက ရရှိခဲ့သည်။ လူ့အခွင့်အရေးနှင့် ပတ်သက်ပြီး အသိအမြင်၊ ဗဟုသုတတိုးပွားလာစေရန် အမြင်ဖွင့်သင်တန်းနှင့် စာပေဟောပြောပွဲများ မကြာခဏ ပြုလုပ်ကျင်းပပေးသင့်ကြောင်း ဒေသခံ (၅၁၁) ဦးတို့က ဖြေဆိုခဲ့သည်။

# (၈) လူ့အခွင့်အရေး ချိုးဖောက်ခံရမှုဆိုင်ရာ စစ်တမ်းလေ့လာတွေ့ရှိချက်

ဤအခန်းတွင် မွန်ပြည်နယ်အတွင်းရှိ မြို့နယ် (၆) မြို့နယ်မှ လူ့အခွင့်အရေးချိုးဖောက်မှု ဖြစ်စဉ် အခြေအနေများကို ဒေသခံပြည်သူများ၏ ဖြေကြားချက်အပေါ် အခြေခံ၍ သုံးသပ်ဖော်ပြသွားမည် ဖြစ်ပါသည်။

## (က) လူ့အခွင့်အရေးချိုးဖောက်မှုပုံစံများ

ဒေသအတွင်း လူ့အခွင့်အရေး ချိုးဖောက်ခံရသည့်ပုံစံများ မည်သို့ရှိသည်ကို သိရှိနိုင်ရန်အတွက် စစ်တမ်းမေးခွန်းတွင် "မိမိတို့ဒေသအတွင်း မည်ကဲ့သို့သော ပုံစံများဖြင့် လူ့အခွင့်အရေးချိုးဖောက်ခံရမှုများ ဖြစ်ပေါ်ခဲ့ဖူးပါသနည်း" ဟူသော မေးခွန်းဖြင့် စစ်တမ်းဖြေကြားသူများအား မေးမြန်းရာမှာ စစ်တမ်းဖြေကြားသူ (၃၈၀) ဦးတို့က ၎င်းတို့ဒေသအတွင်း ဖြစ်ပွားခဲ့သည့် လူ့အခွင့်အရေးချိုးဖောက်မှုပုံစံများ ရှိခဲ့သည်ကို အောက်ပါ စစ်တမ်းတွေ့ရှိချက် ပုံ (၉) အား လေ့လာနိုင်သည်။




*စစ်တမ်းတွေ့ရှိချက် ပုံ (၉)၊ ဖြေဆိုသူ အရေအတွက်အလိုက် ဒေသအတွင်း လူ့အခွင့်အရေးချိုးဖောက်မှုပုံစံ အမျိုးမျိုး ဖြစ်ပေါ်ခဲ့ဖူးသည်ကို ဖော်ပြခြင်း။*

စစ်တမ်းတွေ့ရှိချက် ပုံ (၉) ကို လေ့လာအပ်ပါက လူ့အခွင့်အရေးချိုးဖောက်မှုများအနေဖြင့် လယ်ယာမြေပြဿနာကြောင့် ဖြစ်ပွားသော ချိုးဖောက်မှုရှိသည်ဟု ဖြေဆိုသူမှာ (၆၂) ဦး၊ ကာမမုဒိန်းမှုကြောင့် ချိုးဖောက်ခံရသူဟု ဖြေဆိုသူမှာ (၄၇) ဦး၊ သတ်ဖြတ်ခြင်းကြောင့် ချိုးဖောက်ခံမှုရှိသည်ဟု ဖြေဆိုသူမှာ (၁၇) ဦး၊ လိင်ပိုင်းဆိုင်ရာအကြမ်းဖက်မှု ရှိသည်ဟု ဖြေဆိုသူမှာ (၁၇) ဦး ရှိသည့်အတွက် ၎င်းပုံစံကဲ့သို့သော လူ့အခွင့်အရေးချိုးဖောက်ခံရမှုပုံစံတို့သည် ဒေသအတွင်း အများဆုံးဖြစ်ပေါ်ခဲ့သည်ဟု သုံးသပ်နိုင်ချေရှိသည်။ ကာမမုဒိန်းမှုဖြစ်ပေါ်မှုကို ဆက်လက်လေ့လာရာတွင် သက်ငယ်မုဒိန်းမှု ရှိသူဟု ဖြေဆိုသူမှာ (၄၃) ဦး၊ သက်ကြီးမှုဒိန်းရှိသည်ဟု ဖြေဆိုသူမှာ (၄) ဦးရှိသည့်အတွက် သက်ငယ်မုဒိန်းမှုသည် ဒေသအတွင်းမှာ များပြားစွာဖြစ်ပေါ်နေသည့် အခြေအနေတို့ ရောက်နေသည်ဟု ညွှန်းဆိုနိုင်သည်။

ဒေသအတွင်း ဖြစ်ပေါ်ခဲ့သည့် တခြားသောလူ့အခွင့်အရေး ချိုးဖောက်မှုပုံစံများမှာ လူကုန်ကူးမှု၊ သယံဇာတထုတ်ယူသုံးစွဲခြင်းနှင့် သဘာဝပတ်ဝန်းကျင် ပျက်စီးစေခြင်းဆိုင်ရာ ချိုးဖောက်မှု၊ အကျင့်ပျက်ချစားခြင်းနှင့် လာဘ်ပေးလာဘ်ယူမှု၊ အတင်းအဓမ္မရွှေ့ပြောင်းခံရခြင်း၊ အဓမ္မလုပ်အားပေးစေခိုင်းခြင်း၊ ပုဂ္ဂလိကပိုင်ဆိုင်ခွင့်ချိုးဖောက်ခံရခြင်း၊ လွတ်လပ်စွာထုတ်ဖော်ပြောဆိုခွင့်ကို ပိတ်ပင်ခြင်း၊ လွတ်လပ်စွာစုဝေးခွင့်ကို ပိတ်ပင်ခြင်း၊ ဆက်ကြေးကောက်ခံခြင်း၊ မတရားအခွန်စည်းကြပ်ခြင်း၊ ကလေးစစ်သားအဖြစ် စုဆောင်းခံရခြင်း၊ ကလေးလုပ်သားအဖြစ် စေခိုင်းခံရခြင်းနှင့် အသင်းဖွဲ့ဖွဲ့စည်းမှုကို ပိတ်ပင်ခြင်းစသည့် အခြားချိုးဖောက်မှုပုံစံများလည်း ရှိခဲ့သည်ဟု ဖြေဆိုကြသည်။ အခြားသောပုံစံဖြင့် လူ့အခွင့်အရေးချိုးဖောက်ခံရမှု ရှိသည်ဟု ဖြေဆိုသူမှာ (၂၇) ဦးအထိ ရှိနေသည်မှာ မည်ကဲ့သို့သော ချိုးဖောက်မှုဖြစ်သည်ကို ဆက်လက်လေ့လာဖွယ်ရာဖြစ်သည်။


အထက်ပါကိန်းဂဏန်းများအရ လယ်ယာမြေပဋိပက္ခနှင့် မုဒိန်းမှုသည် အဖြစ်အများဆုံးသော ချိုးဖောက်မှုပုံစံများဖြစ်ပြီး သတ်ဖြတ်မှုနှင့် လိင်ပိုင်းအကြမ်းဖက်မှုက တတိယနေရာတွင် ရှိနေသည်ကိုလည်း အံ့အားသင့်ဖွယ်တွေ့ရှိရမည်ဖြစ်သည်။

သို့သော် မိမိတို့ဒေသအတွင်း လူ့အခွင့်အရေး ချိုးဖောက်ခံရမှုပုံစံများ မည်သို့ရှိသည်ကို သိရှိခြင်းမရှိဘဲ ၎င်းကိစ္စရပ်အတွက် မပြောတတ်ပါဟု ဖြေဆိုသူမှာ (၈၈) ဦးခန့်ရှိသည့်အတွက် ၎င်းတို့သည် လူ့အခွင့်အရေးချိုးဖောက်ခံရမှုကိစ္စအပေါ် အသေအချာ သိရှိနားလည်ခြင်း မရှိဟုလည်း သုံးသပ်၍ ရနိုင်ချေရှိသည်။ အဘယ့်ကြောင့်ဆိုသော် စစ်တမ်းတွေ့ရှိချက် ပုံ (၆) အရ၊ လူ့အခွင့်အရေးအကြောင်းအရာ "ကြားဖူးသူနှင့် သိရှိသူ" အရေအတွက်မှာ "လုံးဝမကြားဖူးသူနှင့် လုံးဝမသိရှိသူ" အရေအတွက်ထက် အလွန်နည်းပါးနေသည့်အတွက် ဖြစ်သည်။

ထို့ကြောင့် လူ့အခွင့်အရေးပညာပေးရေးလုပ်ငန်းအား ယခုထက် ပိုမိုဆောင်ရွက်သင့်သည်ဟု သုံးသပ်သည်။ ထို့အပြင် မီဒီယာများမှတဆင့် လူ့အခွင့်အရေး ပညာပေးလုပ်ငန်း အစီအစဉ်များ အစဉ်အဆက်မပြတ် ပြုလုပ်နိုင်ရန် အရေးကြီးသည်။

## (ခ) စစ်တမ်းဖြေကြားသူကိုယ်တိုင် လူ့အခွင့်အရေးချိုးဖောက်ခံရဖူးခဲ့

မိမိတို့ဒေသအတွင်း ဘယ်သူကများ လူ့အခွင့်အရေးချိုးဖောက်ခံခဲ့ရပါသလဲဟု မေးမြန်းရာတွင် ဒေသခံ စုစုပေါင်း (၁၄၇) ဦးတို့ကသာ ဤမေးခွန်းအားဖြေဆိုကြရာတွင် စစ်တမ်းဖြေကြားသူတို့က မိမိကိုယ်တိုင်က ချိုးဖောက်ခံရသည်ဟု ဖြေဆိုသူမှာ (၄၁) ဦးခန့်ရှိသည်။ တခြားသူတစ်တစ်ဦးက ချိုးဖောက်ခံရသည်ဟု ဖြေဆိုသူမှာ (၇၃) ဦး၊ လူအုပ်စုအလိုက် ချိုးဖောက်ခံရသည်ဟု ဖြေဆိုသူမှာ (၄၂) ဦးခန့်ရှိသည်ကို အောက်ပါ စစ်တမ်းတွေ့ရှိချက် ပုံ (၁၀) အတိုင်း လေ့လာတွေ့ရှိနိုင်သည်။





*စစ်တမ်းတွေ့ရှိချက် ပုံ (၁၀)၊ စစ်တမ်းဖြေဆိုသူ (၁၄၇) ဦးထဲမှ ဖြေဆိုသူ (၄၁) ဦး တို့က ၄င်းတို့ကိုယ်တိုင် လူ့အခွင့်အရေးချိုးဖောက်ခံခဲ့ရသည်ဟု ဖြေဆိုကြသည်။*

## (ဂ) လူ့အခွင့်အရေးချိုးဖောက်သည့် လူပုဂ္ဂိုလ်နှင့် အဖွဲ့အစည်းများ

"ဒေသအတွင်းမှာ မည်သူတို့က လူ့အခွင့်အရေး ချိုးဖောက်ခဲ့ပါသလဲ" ဟူသော စစ်တမ်းမေးခွန်းအတွက် ဖြေဆိုသူ စုစုပေါင်းမှာ (၁၅၃) ဦးခန့်သာရှိသည်။ ကောက်ခံရရှိသော အချက်အလက်များအရ ဒေသခံပြည်သူ (၂၅) ဦးက တပ်မတော်က လူ့အခွင့်အရေး ချိုးဖောက်ခဲ့ကြောင်းဖြေကြားခဲ့သည်။ အုပ်ချုပ်ရေးဌာနဆိုင်ရာနှင့် ပြည်သူ့ရဲတပ်ဖွဲ့က လူ့အခွင့်အရေး ချိုးဖောက်မှုကျူးလွန်ခဲ့သည်ဟု ဒေသခံပြည်သူ (၁၃) ဦးက ဖြေကြားခဲ့သည်။ စီးပွားရေးကုမ္ပဏီများက ချိုးဖောက်ခဲ့သည်ဟု ဒေသခံပြည်သူ (၁၂) ဦးက ဖြေကြားခဲ့သည်။ လိင်ပိုင်းဆိုင်ရာ အကြမ်းဖက်မှု၊ ကာမမုဒိန်းကျင့်မှုနှင့် ရောင်းစားခြင်း၊ ကလေးလုပ်သားစေခိုင်းခြင်းစသည့် ကိစ္စရပ်များတွင် ပြည်သူလူထု အချင်းချင်းကြား လူ့အခွင့်အရေးအကြမ်းဖက်မှုများ ဖြစ်ပွားခဲ့သည်ဟု ဒေသခံပြည်သူ (၅၃) ဦး က ဖြေကြားခဲ့သည်။ သတိထားလေ့လာဖွယ်ရာ အချက်တစ်ခုမှာ မေးမြန်းခဲ့သူများအနက် အယောက် (၅၀) ဦးက မည်သူကချိုးဖောက်ခဲ့သည်ကို သိရှိခြင်းမရှိပါဟု ဖြေကြားခဲ့ခြင်း ဖြစ်သည်။

အထက်ပါကိန်းဂဏန်းများအရ အစိုးရနှင့် တပ်မတော်၏ လူ့အခွင့်အရေးချိုးဖောက်မှုများသည် အတိုင်းအတာတစ်ခုအထိ မြင့်မားနေသည်ကို တွေ့ရှိရမည်ဖြစ်သည်။ ၄င်းပြင် သာမန်ပြည်သူလူထု အချင်းချင်းကြား တွင်လည်း လူ့အခွင့်အရေးအကြမ်းဖက်မှုများ မကြာခဏဖြစ်ပွားနေသည်ကို လူ့အခွင့်အရေးလှုပ်ရှားသူများအနေဖြင့် သတိမူသင့်သည်။





*စစ်တမ်းတွေ့ရှိချက် ပုံ (၁၁)၊ လူ့အခွင့်အရေးကို မည်သူက ချိုးဖောက်၊ အကြမ်းဖက်နေပါသလဲ။*

## (ဃ) လူ့အခွင့်အရေး ချိုးဖောက်မှုဖြစ်ပွားခဲ့သည့်ကာလ

စစ်တမ်းဖြေကြားသူ စုစုပေါင်း (၁၅၃) ဦး ၏ ဖြေဆိုချက်အရ (၁၉၉၀) ခုနှစ်မတိုင်ခင် လူ့အခွင့်အရေးချိုးဖောက်မှု ဖြစ်ပွားခဲ့သည်ဟု ဖြေဆိုသူမှာ (၁၃) ဦး ရှိသည်။ (၁၉၉၀) ခုနှစ်မှ (၂၀၀၀) ခုနှစ်အထိ ချိုးဖောက်မှုဖြစ်ပွားခဲ့သည်ဟု ဒေသခံပြည်သူ (၁၆) ဦးက ဖြေကြားခဲ့ပြီး (၂၀၀၀) ခုနှစ်မှ (၂၀၁၀) ခုနှစ်အထိ ချိုးဖောက်မှုဖြစ်ပွားခဲ့သည်ဟု ဒေသခံပြည်သူ (၁၈) ဦးက ဖြေကြားခဲ့သည်။ (၂၀၁၀) ခုနှစ်မှ (၂၀၁၈) ခုနှစ်အထိ ချိုးဖောက်မှုဖြစ်ပွားခဲ့သည်ဟု ဒေသခံပြည်သူ (၅၆) ဦးက ဖြေကြားခဲ့သည်။ ချိုးဖောက်မှုဖြစ်ပွားခဲ့သည့် အချိန်ကာလကို မှတ်မိသိရှိခြင်းမရှိပါဟု ဒေသခံပြည်သူ (၅၀) ဦးက ဖြေကြားခဲ့သည်။

ထူးခြားချက်မှာ အရပ်သားအစိုးရ စတင်တာဝန်ယူခဲ့သည့် (၂၀၁၀) ခုနှစ်မှစ၍ လူ့အခွင့်အရေးချိုးဖောက်မှုများ လျော့ကျသွားခြင်း မရှိဘဲ ပိုမိုဖြစ်ပွားလာသည်ကို စစ်တမ်းဖြေကြားချက် ကိန်းဂဏန်းများအရ တွေ့ရှိရသည်။





*စစ်တမ်းတွေ့ရှိချက် ပုံ (၁၂)၊ လူ့အခွင့်အရေး ချိုးဖောက်ခံရမှုဖြစ်စဉ်များ ဖြစ်ပေါ်ခဲ့သည့် ကာလခုနှစ်၊ အပိုင်းအခြား။*

## (င) လူ့အခွင့်အရေး ချိုးဖောက်မှုဖြစ်ပွားခဲ့သည့်နေရာများ

စစ်တမ်းဖြေကြားချက်များအရ ကျိုက်မရောမြို့နယ်သည် လူ့အခွင့်အရေးချိုးဖောက်မှု အဖြစ်ပွားဆုံး နေရာဖြစ်ပြီး ဒေသခံပြည်သူ (၄၁) ဦးက ချိုးဖောက်မှုဖြစ်စဉ်အကြောင်းကို သက်သေခံခဲ့သည်။ ရေးမြို့နယ်တွင် ချိုးဖောက်မှုများ ဒုတိယအများဆုံး ဖြစ်ပွားခဲ့ကြောင်း ဒေသခံပြည်သူ (၃၄) ဦးက ဖြေဆိုခဲ့သည်။ မိမိတို့ဒေသတွင် လူ့အခွင့်အရေးချိုးဖောက်မှု ဖြစ်ပွားခဲ့သည်ဟု မုဒုံမြို့နယ်မှ ဒေသခံပြည်သူ (၂၃) ဦး၊ ပေါင်မြို့နယ်မှ ဒေသခံပြည်သူ (၂၁) ဦး၊ သံဖြူဇရပ်မြို့နယ်မှ ဒေသခံပြည်သူ (၁၉) ဦးနှင့် ချောင်းဆုံမြို့နယ်မှ ဒေသခံပြည်သူ (၁၅) ဦးက ဖြေဆိုခဲ့သည်။

အထက်ပါကိန်းဂဏန်းများရ မွန်ပြည်နယ်ရှိ မည်သည့်မြို့နယ်၊ ဒေသတွင်မဆို လူ့အခွင့်အရေးချိုးဖောက်မှုများ ဆက်လက်ဖြစ်ပွားနေကြောင်း ကောက်ချက်ချနိုင်မည် ဖြစ်သည်။




*စစ်တမ်းတွေ့ရှိချက် ပုံ (၁၃)၊ စစ်တမ်းဖြေကြားသူ ဖြေဆိုသည့်အရေအတွက်လိုက် လူ့အခွင့်အရေး ချိုးဖောက်ခံရမှုဖြစ်စဉ်များ ဖြစ်ပေါ်ခဲ့သည့်နေရာများ။*





*စစ်တမ်းကောက်ခံခဲ့သည့် လုပ်ရှားမှုမှတ်တမ်းဓါတ်ပုံများ*

## (စ) လူ့အခွင့်အရေး ချိုးဖောက်မှုအကြောင်းရင်းများ

လူ့အခွင့်အရေး ချိုးဖောက်ခံရသည့် အကြောင်းရင်းများနှင့်ပတ်သက်၍ မေးမြန်းရာတွင် ၂၀၁၀ မတိုင်ခင်က လူ့အခွင့်အရေးချိုးဖောက်မှုဖြစ်စဉ်အများစုတို့သည် တပ်မတော်မှ တပ်ဖွဲ့ဝင်လူကြီးများ၊ ဌာနဆိုင်ရာများ၊ ကျေးရွာဥက္ကဌများက သြဇာအာဏာအသုံးပြု၍ ချိုးဖောက်မှုအများဆုံး ပြုလုပ်ခဲ့ကြသည်ဟု ဖြေဆိုကြပြီး၊ ၂၀၁၀ နောက်ပိုင်းတွင် ကျူးလွန်သူတို့မှာ စီးပွားရေးလုပ်ငန်းစဉ်ကဲ့သို့သော ပုဂ္ဂိုလ်များကပါ ၎င်းတို့စီးပွားရေးလုပ်ငန်း ကိစ္စရပ်အတွက် လူ့အခွင့်အရေး ချိုးဖောက်မှုဖြစ်စဉ်တို့တွင် သွယ်ဝိုက်အားဖြင့် ပါဝင်လာကြသည်ဟု ဆိုကြသည်။

ဒေသအတွင်း စီမံကိန်းတစ်ခုခု ဖော်ဆောင်မှုကြောင့် ဥပဒေအသိမြင် အားနည်းသော ပြည်သူများအပေါ် အခွင့်အကောင်းယူပြီး လယ်ယာမြေသိမ်းဆည်းခြင်းနှင့် သဘာဝအန္တရာယ်ကျရောက်စေသော စက်ရုံများတည်ဆောက်ခြင်းကြောင့် လူ့အခွင့်အရေး ချိုးဖောက်မှုများ ဖြစ်စေခဲ့သည်။

လူ့အခွင့်အရေးချိုးဖောက်မှု အကြောင်းအရင်းအများစုတို့မှာ ပြည်သူလူထုများဆီမှ ငွေကြေးများ မတရားတောင်းခံခြင်း၊ တရားဥပဒေစိုးမိုးမှု အားနည်းခြင်းကြောင့် အကျင့်ပျက်ချစားခြင်း၊ လာဘ်ပေးလာဘ်ယူမှု ကျူးလွန်ခြင်း၊ လက်ရှိတည်ဆဲဥပဒေများအကြောင်း နားမလည်သော တောင်သူများထံမှ မြေယာအဓမ္မသိမ်းယူခြင်း၊ နိုင်ငံသားအခွင့်အရေးအကြောင်း နားမလည်သော ပြည်သူများအပေါ် အနိုင်ထက်စီးနင်းပြုလုပ်ခြင်း စသည်တို့ ဖြစ်သည်။

အထက်ပါ ချိုးဖောက်မှုအကြောင်းရင်းများကို ကြည့်ခြင်းအားဖြင့် မြန်မာနိုင်ငံတွင် လူ့အခွင့်အရေးချိုးဖောက်မှုများ လျော့ကျသွားစေရန်အတွက် အုပ်ချုပ်ရေးနှင့် တရားစီရင်ရေးကဏ္ဍများတွင် သိသာမြင်သာပြီး အကျိုးထိရောက်မည့် အပြောင်းအလဲများစွာ ပြုလုပ်ရန် လိုအပ်သည်ဟု မွန်ပြည်လူ့အခွင့်အရေးဖောင်ဒေးရှင်းက ထင်မြင်ယူဆပါသည်။


# (၉) လူ့အခွင့်အရေးချိုးဖောက်ခံရမှုအပေါ် တရားမျှတမှုရှာဖွေခြင်း

မွန်ပြည်နယ်အတွင်းရှိ မြို့နယ် (၆) မြို့နယ်တွင် ဖြစ်ပွားခဲ့သော လူ့အခွင့်အရေးချိုးဖောက်မှုများနှင့် ပတ်သက်၍ ဒေသခံပြည်သူများက တရားမျှတမှုပြန်လည်ရရှိရန် မည်ကဲ့သို့ ကြိုးပမ်းခဲ့ကြသည်ကိုလည်းကောင်း၊ လူ့အခွင့်အရေးချိုးဖောက်မှုများနှင့် ပတ်သက်သော တရားစီရင်ရေးစနစ်၏ အခန်းကဏ္ဍကိုလည်းကောင်း၊ တရားမျှတမှု ပြန်လည်ရှာဖွေရာတွင် ကြုံတွေ့ရသော အားနည်းချက်နှင့် အားသာချက်များကိုလည်းကောင်း၊ ပြည်သူလူထု၏ တရားမျှတမှုရှာဖွေခြင်းနှင့်ပတ်သက်သော သဘောထားအမြင်များကိုလည်းကောင်း ဖော်ပြသွားမည် ဖြစ်သည်။

## (က) တရားမျှတမှုအတွက် တိုင်ကြားခြင်း

လူ့အခွင့်အရေးချိုးဖောက်မှုများနှင့် ပတ်သက်၍ တိုင်ကြားခြင်းများ ပြုလုပ်ခြင်းရှိမရှိကို ဒေသခံပြည်သူ (၁၃၉) ဦး၏ ဖြေဆိုချက်အရ ဒေသခံဖြစ်သူ (၅၉) ဦးတို့က တိုင်ကြားစာ တင်ပြခဲ့ဖူးသည်ဟု ဖြေဆိုပြီး (၄၁) ဦးက တင်ပြခဲ့ခြင်း မရှိပါဟု ဖြေကြားခဲ့သည်။ (၃၉) ဦးကမူ ချိုးဖောက်မှုနှင့်ပတ်သက်၍ မည်သို့မည်ပုံတိုင်ကြားရမည်ကို မသိရှိပါဟု ဖြေကြားခဲ့သည်။

တွေ့ရှိချက် ကိန်းဂဏန်းများအရ လူ့အခွင့်အရေးချိုးဖောက်မှု ခံရပါက ရာခိုင်နှုန်း (၆၀) နီးပါးသော ပြည်သူများမှာ တရားမျှတမှုပြန်လည်ရရှိရန်အတွက် ကြိုးစားခဲ့ခြင်းမရှိကြောင်း သိရှိရသည်။





*စစ်တမ်းတွေ့ရှိချက် ပုံ (၁၄)၊ လူ့အခွင့်အရေးချိုးဖောက်ခံရခြင်းကြောင့် တရားမျှတဖော်ဆောင်နိုင်ဖို့အတွက် တိုင်ကြားစာတင်ပြခြင်းရှိ/ မရှိ ရာခိုင်နှုန်းအရေအတွက်များ*

## (ခ) တရားမျှတမှုအတွက် တိုင်ကြားသည့်အဖွဲ့အစည်း

တရားမျှတမှု ပြန်လည်ရရှိရန်အတွက် ဒေသခံပြည်သူများက မြန်မာနိုင်ငံ အမျိုးသားလူ့အခွင့်အရေးကော်မရှင်အပါအဝင် သက်ဆိုင်ရာအစိုးရဌာနများ၊ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ လွှတ်တော်ကိုယ်စားလှယ်များနှင့် လူထုအခြေပြုအဖွဲ့အစည်းများထံသို့ တိုင်ကြားခဲ့ကြောင်း သိရသည်။ ၎င်းပြင် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းများထံသို့ တိုင်ကြားမှုများလည်း ရှိခဲ့ပြီး သတင်းဌာနများသို့ ဖွင့်ဟပြောဆိုမှုများလည်း ရှိခဲ့ကြောင်း သိရသည်။

တိုင်ကြားစာတင်ပြခဲ့မှုနှင့် ပတ်သက်သော မေးခွန်းစစ်တမ်းအား ဖြေဆိုပေးသူ အရေအတွက်စုစုပေါင်းမှာ (၈၂) ဦးခန့်သာရှိပြီး၊ ၄င်းတို့သည် မိမိတို့ဒေသအတွင်း လူ့အခွင့်အရေး ချိုးဖောက်မှု တစုံတရာ ဖြစ်ပေါ်လာပါက တရားမျှတမှု ရရှိရန်အတွက် တိုင်ကြားစာများ ကြိုးစားတင်ပြရာတွင် ပထမဦးဆုံးအနေဖြင့် ကျေးရွာအုပ်ချုပ်ရေးမှူးရုံးသို့ တိုင်းကြားစာတင်ပြသည်ဟု ဖြေဆိုသူမှာ (၁၇) ဦးရှိသည်။ ၄င်းနောက် သက်ဆိုင်ရာ အစိုးရအုပ်ချုပ်ရေးဌာနသို့လည်း တိုင်းကြားစာ တင်ပြဖူးသူမှာ (၄၅) ဦးခန့်ရှိသည်။ လွှတ်တော်ဌာနအသီးသီးသို့ထံတွင်လည်း တိုင်ကြားစာ တင်ပြသူ (၇) ဦးခန့်ရှိသည်။ မြန်မာနိုင်ငံ အမျိုးသားလူ့အခွင့်အရေးကော်မရှင်ထံသို့ တိုင်းကြာစာ တင်ပြဖူးသူမှာ (၁) ဦးသာ ရှိသည်။ တော်လှန်ရေးတိုင်းရင်းသား လက်နက်ကိုင်အဖွဲ့အစည်း ထံသို့လည်း တိုင်ကြားစာ တင်ပြသူမှာ (၁) ဦးရှိသည်။ ၄င်းအပြင် နိုင်ငံတကာလူ့အခွင့်အရေး အဖွဲ့အစည်းသီးသီး၊ သတင်းဌာနအသီးသီးနှင့် လူမှုအဖွဲ့အစည်းထံသို့လည်း တစ်ဦးနှစ်ဦးစလောက်သာ တိုင်ကြားဖူးသူ ရှိသည်။ ၄င်းအပြင် တိုင်ကြားစာ တင်ပြရမည့်အဖွဲ့အစည်းကိုမူ သိရှိခြင်းမရှိပါဟု ဒေသခံပြည်သူ (၁၇) ဦးက ဖြေကြားခဲ့သည်။

အထက်ပါကိန်းဂဏန်းများအရ လူ့အခွင့်အရေးချိုးဖောက်မှုနှင့်ပတ်သက်ပြီး တရားမျှတမှုပြန်လည်ရှာဖွေရာတွင် အစိုးရဌာနများနှင့် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၏ အခန်းကဏ္ဍကို သိရှိနိုင်သည်။




*စစ်တမ်းတွေ့ရှိချက် ပုံ (၁၅)၊ လူ့အခွင့်အရေးချိုးဖောက်ခံရခြင်းကြောင့် တရားမျှတဖော်ဆောင်နိုင်ဖို့အတွက် တိုင်ကြားစာတင်ပြခဲ့သည့် အဖွဲ့အစည်းနှင့်ဌာနများ*

**မြန်မာနိုင်ငံ အမျိုးသားလူ့အခွင့်အရေး ကော်မရှင်**

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေပါ နိုင်ငံသားများ၏ မူလအခွင့် အရေးများ မြှင့်တင်ရေးနှင့် ကာကွယ်ရေးတို့ကိုဆောင်ရွက်ရန်အလို့ငှာ မြန်မာနိုင်ငံ အမျိုးသား လူ့အခွင့် အရေး ကော်မရှင် ဥပဒေကို ၂၈-၃-၂၀၁၄ ရက်နေ့တွင် ပြည်ထောင်စု လွှတ်တော် အမှတ် (၂၁) အဖြစ် ထုတ်ပြန်ပြဌာန်းခဲ့ပြီး၊ ယင်းဥပဒေနှင့်အညီ အဖွဲ့ဝင် (၁၁) ဦးပါဝင်သော မြန်မာနိုင်ငံ အမျိုးသား လူ့အခွင့်အရေး ကော်မရှင် ကို ၂၄-၉-၂၀၁၄ ရက်နေ့တွင် နိုင်ငံတော်သမ္မတရုံး၏ အမိန့်အမှတ် (၂၃/၂၀၁၄) ဖြင့် ဖွဲ့စည်းခဲ့သည်။

**ဆက်သွယ်ရန်**

ဖုန်း- ၀၁ ၆၅၄၆၈၄၊ ၀၁ ၆၅၄၆၈၀
ဖက်(စ်)-၀၁ ၆၅၄၆၈၄၊ ၀၁ ၆၅၄၆၈၃
email - info@mnhrc.org.mm
လိပ်စာ-အမှတ် (၂၇)၊ ပြည်လမ်း၊ လှိုင်မြို့နယ်၊ ရန်ကုန်မြို့။
ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
http://www.mnhrc.org.mm

*လူ့အခွင့်အရေးချိုးဖောက်မှု ခံရပါက မြန်မာနိုင်ငံ အမျိုးသားလူ့အခွင့်အရေးကော်မရှင်ထံသို့ တိုင်ကြားစာပေးပို့နိုင်ပါသည်။*

## သက်ဆိုင်ရာ အစိုးရအုပ်ချုပ်ရေး ဌာနသို့လည်း တိုင်ကြားစာ တင်ပြဖူးသူမှာ (၄၅) ဦး

သက်ဆိုင်ရာ
အစိုးရအုပ်ချုပ်ရေးဌာနသို့
တိုင်ကြားစာတင်ပြသူ
စုစုပေါင်း (၄၅) ဦး

- ❑ မြို့နယ်အုပ်ချုပ်ရေးရုံးသို့ တိုင်ကြားသူ (၃၇) ဦး
- ❑ ခရိုင်အုပ်ချုပ်ရေးရုံးသို့ တိုင်ကြားသူ (၂၀) ဦး
- ❑ ပြည်နယ်အုပ်ချုပ်ရေးရုံးသို့ တိုင်ကြားသူ (၁၂) ဦး
- ❑ ပြည်ထောင်စုအုပ်ချုပ်ရေးရုံးသို့ တိုင်ကြားသူ (၃) ဦး
- ❑ နိုင်ငံတော်၏ အတိုင်ပင်ခံဌာနရုံးသို့ တိုင်ကြားသူ (၀) ဦး
- ❑ နိုင်ငံတော်သမ္မတရုံးသို့ တိုင်ကြားသူ (၀) ဦး

*စစ်တမ်းတွေ့ရှိချက် ပုံ (၁၆)*

## လွှတ်တော်ဌာနအသီးသီးသို့ထံတွင်လည်း တိုင်ကြားစာ တင်ပြသူ (၇) ဦး

လွှတ်တော်အမတ်နှင့်
လွှတ်တော်ရုံးများသို့
တိုင်ကြားစာတင်ပြသူ
စုစုပေါင်း (၇) ဦး

- ❑ ပြည်ထောင်စုလွှတ်တော်ရုံးသို့ တိုင်ကြားစာတင်ပြသူ (၁) ဦး
- ❑ ပြည်နယ်လွှတ်တော်ရုံးသို့ တိုင်ကြားစာတင်ပြသူ (၁) ဦး
- ❑ လွှတ်တော်ကိုယ်စားလှယ်ထံ တိုင်ကြားစာတင်ပြသူ (၅) ဦး

*စစ်တမ်းတွေ့ရှိချက် ပုံ (၁၇)*

တိုင်ကြားစာတင်ပြခဲ့သည့် ဌာနအဆင့်အဆင့်ကို လေ့လာသုံးသပ်ရာတွင် နိုင်ငံတော်သမ္မတရုံးနှင့် နိုင်ငံတော်၏ အတိုင်ပင်ခံဌာနရုံးထံသို့ တိုင်ကြားစာပေးပို့သူမှာ မရှိသလောက်ပင်ဖြစ်နေပြီး၊ လွှတ်တော်ကိုယ်စားလှယ်များထံသို့ တိုင်ကြားစာတင်ပြသူမှာ (၅) ဦးခန့်ရှိပြီး၊ ပြည်နယ်လွှတ်တော်ရုံးနှင့် ပြည်ထောင်စုလွှတ်တော်ရုံးထံသို့ တိုင်ကြားစာ တင်ပြသူမှာ (၁) ဦးစီသာ ရှိသည်။

အဆိုပါတင်ပြစာ တင်ပြနိုင်မှု အရေအတွက်ကို သုံးသပ်ပါက ပြည်သူလူထုတို့သည် မိမိတို့ လူ့အခွင့်အရေး ချိုးဖောက်ခံရမှုအတွက် တရားမျှတမှုရှာဖွေရန်အတွက် နိုင်ငံတော်၏ ထိပ်တန်းအဆင့်ထံသို့ တင်ပြနိုင်ခြင်းငှာ မတတ်စွမ်းနိုင်သေးသည်ကို လေ့လာတွေ့ရှိရသည်။

## (ဂ) တရားမျှတမှု ပြန်လည်ရှာဖွေခြင်းနှင့် ပတ်သက်သော ကူညီထောက်ပံ့မှုများ

လူ့အခွင့်အရေးချိုးဖောက်မှုနှင့်ပတ်သက်ပြီး တရားမျှတမှုပြန်လည်ရှာဖွေရာတွင် သက်ဆိုင်ရာ ကျေးရွာတာဝန်ရှိသူများက အကူအညီပေးအပ်ခဲ့ဖူးခြင်းရှိမရှိ ဒေသခံပြည်သူ (၁၄၃) ဦး၏ ဖြေဆိုချက်အရ၊ ၄င်းတို့ထဲမှ ဖြေဆိုသူ (၆၂) ဦးတို့က သက်ဆိုင်ရာ ကျေးရွာအုပ်ချုပ်ရေးတာဝန်ရှိသူများ၏ အကူအညီကို ရယူခဲ့သည်ဟု ဖြေဆိုကြပြီး စစ်တမ်းဖြေဆိုသူ (၈၁) ဦးတို့က သက်ဆိုင်ရာ ကျေးရွာအုပ်ချုပ်ရေးတာဝန်ရှိသူများ၏ အကူအညီများ ရရှိခဲ့ခြင်း မရှိကြောင်း ဖြေဆိုခဲ့သည်။

ထို့ကြောင့် (၅၇) ရာခိုင်နှုန်းသော ပြည်သူများသည် လူ့အခွင့်အရေးချိုးဖောက်မှုနှင့် ပတ်သက်ပြီး တရားမျှတမှုပြန်လည်ရှာဖွေရာတွင် သက်ဆိုင်ရာကျေးရွာအုပ်ချုပ်ရေး တာဝန်ရှိသူများ၏ အကူအညီ အထောက်အပံ့မှုကို မရရှိခဲ့ကြောင်း ကောက်ချက်ချနိုင်သည်။




*စစ်တမ်းတွေ့ရှိချက် ပုံ (၁၉)၊ တရားမျှတမှု ပြန်လည်ရှာဖွေခြင်းနှင့် ပတ်သက်၍ သက်ဆိုင်ရာ ကျေးရွာအုပ်ချုပ်ရေးတာဝန်ရှိသူများ၏ အကူအညီရယူခဲ့ခြင်း ရှိ/ မရှိ ရာခိုင်နှုန်းဖော်ပြခြင်း။*


တရားမျှတမှုပြန်လည်ရှာဖွေရာတွင် အထွေထွေအုပ်ချုပ်ရေးမှူးရုံးအချို့က အကူအညီပေးအပ်ခဲ့သည်ကိုလည်း တွေ့ရှိရသည်။ ၄င်းအပြင် အဓိကအကူအညီပေးသည့် အဖွဲ့အစည်းများမှာ လူထုအခြေပြုအဖွဲ့အစည်းများဖြစ်နေသည်။ မွန်ပြည်လူ့အခွင့်အရေးဖောင်ဒေးရှင်း၊ မွန်အမျိုးသမီးများအဖွဲ့၊ မွန်လူငယ်ပညာပေးအဖွဲ့၊ အမျိုးသမီးရေးရာအဖွဲ့စသည့် အဖွဲ့အစည်းများက အကူအညီပေးခဲ့သည်ဟု ဖြေဆိုခဲ့ပြီး အခြားနာမည် မမှတ်မိသော လူထုအခြေပြုအဖွဲ့အစည်းများကလည်း အကူအညီပေးခဲ့သည်ဟု ပြောဆိုခဲ့ကြသည်။

အထက်ပါစစ်တမ်းအရ ပြည်သူလူထုအနေဖြင့် လူ့အခွင့်အရေးချိုးဖောက်မှုနှင့်ပတ်သက်ပြီး တရားမျှတမှုပြန်လည်ရှာဖွေရာတွင် အကူအညီများစွာ လိုအပ်နေကြောင်း သိရှိနိုင်သည်။

# (၁၀) လူ့အခွင့်အရေးချိုးဖောက်မှုနှင့် တရားစီရင်ရေးကဏ္ဍ

## (က) လူ့အခွင့်အရေးတရားမျှတမှုအတွက် တိုင်ကြားစာပေးပို့ခြင်း

လူ့အခွင့်အရေးချိုးဖောက်မှုများအား တရားရုံးတွင် တရားစွဲဆိုခြင်း ပြုလုပ်ခဲ့ခြင်းရှိ/မရှိ ဟူသော မေးခွန်းအတွက် ဒေသခံဖြေသူ (၂၅၇) ဦးတို့က ဖြေဆိုကြရာတွင် ၎င်းတို့ထဲမှ ဒေသခံဖြစ်သူ (၄၄) ဦးတို့ ကသာ ချိုးဖောက်သူအား တရားစွဲဆိုခြင်း ပြုလုပ်ခဲ့သည်ဟု ဖြေဆိုခဲ့သည်။ ဒေသခံ (၄၀) ဦးတို့က တရားစွဲဆိုခြင်း မရှိကြောင်းနှင့် ဒေသခံ (၁၇၃) ဦးတို့ကလည်း မည်သို့ တရားစွဲဆိုရမည်ကို သိရှိခြင်းမရှိကြောင်းသာ ဖြေဆိုခဲ့သည်။





*စစ်တမ်းတွေ့ရှိချက် ပုံ (၂၀)၊ လူ့အခွင့်အရေးချိုးဖောက်ခံရမှုအတွက် တရားမျှတမှု ရှာဖွေရာတွင် တရားရုံးများတွင် တရားစွဲဆိုခြင်း ရှိ/ မရှိ ရာခိုင်နှုန်းအရေအတွက်များ*

တရားရုံးတွင် တိုင်ကြားတရားစွဲဆိုခဲ့သော ချိုးဖောက်မှုများမှာ လယ်ယာမြေပြဿနာများ၊ သတ်ဖြတ်မှုများ၊ မတရားညှဉ်းပန်းနှိပ်စက်မှုများနှင့် မုဒိမ်းမှုများဖြစ်ကြောင်း ဒေသခံတို့၏ ထပ်ဆင့်ဖြေဆိုချက်အရ သိရှိရသည်။

လူ့အခွင့်အရေးချိုးဖောက်ခံရမှုအတွက် တရားစွဲဆိုဖူးသူ ဒေသခံဖြေသူ (၄၄) ဦး၏ ပြောကြားချက်အရ ၎င်းတို့သည် လူ့အခွင့်အရေးချိုးဖောက်မှုနှင့် ပတ်သက်၍ နိုင်ငံတော်တရားရုံးများအပြင် တိုင်းရင်းသားလက်နက်ကိုင် အဖွဲ့အစည်းများ၏ တရားရုံးများတွင်လည်း အမှုရင်ဆိုင်ခဲ့ဖူးကြောင်း ဖြေကြားခဲ့ကြသည်။ နိုင်ငံတော် တရားရုံးများ တွင် အမှုရင်ဆိုင်ရာတွင် မြို့နယ်အဆင့်တွင် အများဆုံး အမှုရင်ဆိုင်ကြပြီး ရာခိုင်နှုန်းအားဖြင့် (၇၅) ရာခိုင်နှုန်းအထိ ရှိသည်။ လူ့အခွင့်အရေးနှင့်ပတ်သက်ပြီး ဗဟိုတရားရုံးအထိ အမှုရင်ဆိုင်သူမှာ (၁) ဦးသာ ရှိသည်။

## (ခ) လူ့အခွင်းအရေးအတွက် တရားမျှတမှုရရှိခဲ့ခြင်း ရှိ/ မရှိ


လူ့အခွင့်အရေး ချိုးဖောက်ခံရမှုအတွက် တရားမျှတမှုနှင့် အမှန်တရားရရှိရန်အတွက် တိုင်ကြားမှု ပြုလုပ်သူ (၅၉) ဦးနှင့် တရားစွဲဆိုဖူးသူ (၄၄) ဦးတို့၏ ဖြေကြားချက်အရ ၄င်းတို့၏ကြိုးစားမှုကြောင့် တရားမျှတမှုနှင့် အမှန်တရားရရှိခဲ့သည်ဟု ဖြေဆိုသူမှာ (၃၃) ရာခိုင်နှုန်းခန့်သာရှိပြီး၊ (၅၄) ရာခိုင်နှုန်းသော ပြည်သူများက တရားမျှတမှုရရှိခဲ့ခြင်း မရှိကြောင်း ဖြေဆိုခဲ့ကြသည်။ (၁၃) ရာခိုင်နှုန်းသောအရေအတွက်များက အမှုရင်ဆိုင် ရသည့်ကာလသည် အလွန်ကြာမြင့်ခြင်း၊ တိုင်ကြားစာများကို တုံ့ပြန်မှုမရှိခြင်း စသည်တို့ကို ကြုံတွေ့ခဲ့ရကြောင်း ပြောဆိုကြသည်။




*စစ်တမ်းတွေ့ရှိချက် ပုံ (၂၁)၊ လူ့အခွင်းအရေး ချိုးဖောက်ခံရမှုအတွက် တရားမျှတမှုနှင့် အမှန်တရားရရှိရန်အတွက် တရားမျှတမှု ရှိ/ မရှိ ရာခိုင်နှုန်းအရေအတွက်။*

## (ဂ) တရားရုံး၏ ဆုံးဖြတ်ချက်အပေါ် ကျေနပ်ခြင်း ရှိ/ မရှိ

လူ့အခွင့်အရေး ချိုးဖောက်ခံရမှုအတွက် တရားမျှတမှုရရှိရန် ကြိုးစားကြရာတွင် တရားရုံး၏ ဆုံးဖြတ်ချက်များအပေါ် ကျေနပ်ခြင်းရှိမရှိ တရားစွဲဆိုဖူးသူ (၄၄) ဦးအား မေးမြန်းရာတွင် (၈) ဦးသာ ကျေနပ်မှုရရှိသည်ဟု ဖြေဆိုခဲ့သဖြင့် အလွန်နည်းပါးသော ပမာဏဟု ကောက်ချက်ချနိုင်သည်။ ကျေနပ်မှုမရှိပါဟု ဒေသခံ အယောက် (၂၀) က ဖြေဆိုခဲ့ပြီး မည်သို့ ပြောရမည်မှန်း မသိရှိပါဟု (၂၅) ဦးက ဖြေဆိုခဲ့သည်။




*စစ်တမ်းတွေ့ရှိချက် ပုံ (၂၂)၊ လူ့အခွင်းအရေး ချိုးဖောက်ခံရမှုအတွက် တရားရင်ဆိုင်ရာတွင် တရားရုံးများ၏ ဆုံးဖြတ်ချက်အပေါ် ကျေနပ်မှု ရှိ/ မရှိ ရာခိုင်နှုန်းအရေအတွက်။*

အထက်ပါကိန်းဂဏန်းကို ကြည့်ခြင်းအားဖြင့် လူ့အခွင့်အရေးချိုးဖောက်မှုနှင့် ပတ်သက်၍ မြန်မာနိုင်ငံ၏ တရားစီရင်ရေးစနစ်တွင် ကြီးမားသော ပြုပြင်ပြောင်းလဲမှုများ ပြုလုပ်ရမည်မှာ မြေကြီးလက်ခတ်မလွဲပင် ဖြစ်သည်။

# (၁၁) စစ်တမ်းဖြေကြားသူများ၏ တောင်းဆိုချက်များ

## (က) လူ့အခွင့်အရေး အမြင်တိုးပွားအောင် တောင်းဆိုခြင်း

မိမိတို့ဒေသအတွင်း လူ့အခွင့်အရေးနှင့်ပတ်သက်ပြီး အသိအမြင်များ တိုးပွားအောင် မည်သို့လုပ်ဆောင်စေချင်ကြောင်းကို ဒေသခံပြည်သူ စုစုပေါင်း (၅၁၁) ဦးတို့အား မေးမြန်းရာတွင် ၄င်းတို့က အောက်ပါရာခိုင်နှုန်းနှင့် အရေအတွက်အတိုင်း သဘောထားပေးကြသည်။




*စစ်တမ်းတွေ့ရှိချက် ပုံ (၂၃)၊ မိမိတို့ဒေသအတွင်း လူ့အခွင့်အရေးနှင့်ပတ်သက်ပြီး အသိအမြင်များ တိုးပွားအောင် မည်သို့လုပ်ဆောင်သင့်ကြောင့်ကို သဘောထားပေးထားသည့် ရာခိုင်နှုန်းနှင့် အရေအတွက်။*

အထက်ပါရာခိုင်နှုန်းဖော်ပြချက်တို့ကို လေ့လာအပ်ပါက ပြည်သူလူတို့သည် မိမိတို့ဒေသအတွင်း လူ့အခွင့်အရေးဆိုင်ရာ အမြင်ခွင့်သင်တန်းများ လာရောက်ပြုလုပ်စေချင်ကြောင်း ပေါ်လွင်သည်။ ၄င်းအပြင် လူ့အခွင့်အရေးဆိုင်ရာ ဟောပြောပွဲများ၊ ဆွေးနွေးပွဲများလည်း ပြုလုပ်စေချင်ကြသည်။

အချို့တို့မှာမူ ရိုးသားသော ကျေးလက်နေသူတို့သည် ၄င်းတို့ဒေသအတွင်း လူ့အခွင့်အရေးအမြင်များ တိုးပွားအောင် မည်သို့မည်ပုံ လုပ်ဆောင်ရမည်ကို မသိရှိသော်လည်း၊ ၄င်းတို့၏ သားသမီးများ ပညာတတ်စေချင်ကြောင်း၊ သူတပါးအပေါ် ရိုင်းစိုင်းစော်ကားမှု မရှိအောင် သွန်သင်ဆုံးမလိုကြောင်း ပြောကြသည်။ တချို့တို့မှာမူ အခြေခံပညာကျောင်းများတွင် လူ့အခွင့်အရေးဆိုင်ရာ ဟောပြောပွဲများ၊ ဥပဒေအသိအမြင်များ သင်တန်းပို့ချပေးစေချင်ကြောင်း၊ တစ်ရွာဝင် တစ်ရွာထွက် အသိပညာပေး မော်တော်ကားဖြင့်လည်းကောင်း၊ မြေစိုက်ပိုစတာများ စိုက်ထူခြင်း၊ ပညာပေး ဗွီဒီယိုအခွေများ၊ စာစောင်များကို ရွာတိုင်းနှင့် စာသင်ကျောင်းတိုင်းတွင် မျှဝေသင့်ကြောင်း အကြံပြုကြသည်။

ထို့အပြင် တစ်ဦးတည်းသော စစ်တမ်းဖြေဆိုသူတစ်ဦးက ဝန်ထမ်းများနှင့် လက်နက်ကိုင်အဖွဲ့အစည်းဝင်တိုင်း လူ့အခွင့်အရေးအမြင် ရှိဖို့လိုကြောင်း၊ ၄င်းအစိုးရဝန်ထမ်းနှင့် လက်နက်ကိုင်အဖွဲ့အစည်း အဖွဲ့ဝင်များကို ပညာပေးရန် အလွန်လိုအပ်ကြောင်း ၄င်း၏ အမြင်သဘောထားကို ဖွင့်ပြောသည်။

## (ခ) လူ့အခွင့်အရေး ချိုးဖောက်ခံရမှုအတွက် သက်ဆိုင်ရာအစိုးရဌာနသို့ တောင်းဆိုခြင်း

### (ခ - ၁) လူ့အခွင့်အရေးချိုးဖောက်များအား အရေးယူစေခြင်း။

- လူ့အခွင့်အရေးချိုးဖောက်မှုမဖြစ်အောင် ကြိုတင်ကာကွယ်တားအဆီးပေးပါ။ (ရေးမြို့နယ်ဒေသခံ)
- ချိုးဖောက်သူကို ဥပဒေနှင့်အညီ အရေးယူပြီး ဆုံးရှုံးနစ်နာသူ ကျေးရွာသူရွာသားများအား လျော်ကြေးများငွေများ ပေးအပ်စေချင်ပါသည်။ (ပေါင်မြို့နယ်ဒေသခံ)
- လူ့အခွင့်အရေး ချိုးဖောက်ခံပါက ဘက်လိုက်မှုတင်ပြီး အမြန်ဆုံဖြေရှင်းပေးပါ။ (ရေးမြို့နယ်ဒေသခံ)
- လူ့အခွင့်အချိုးဖောက်သူများအား အစိုးရအနေဖြင့် ထိရောက်စွာ အရေးယူပေးပါ။ (ရေးမြို့နယ်ဒေသခံ)
- ဥပဒေအာမခံချက်ပေးပါ။ အာဂတိလိုက်စားမှု ပပျောက်အောင် လျော့ချသင့်။ (ရေးမြို့နယ်ဒေသခံ)
- တရားဥပဒေ စိုးမိုးမှုရှိအောင် လုပ်ပေးပါ။ (မုဒုံမြို့နယ်ဒေသခံ)
- လူ့အခွင့်အရေး ချိုးဖောက်မှုဖြစ်ပေါ်လာပါက တရားမျှတမှုရှိအောင် ဆောင်ရွက်ပေးပါ။ (ရေးမြို့နယ်ဒေသခံ)
- အစိုးရအနေနဲ့ ကျေးရွာပြည်သူနှင့်တွေ့ဆုံပြီး လူ့အခွင့်အရေးဆိုင်ရာ အချက်လက်များ လာရောက်ရှင်းပြပေးရန်။ (ရေးမြို့နယ်ဒေသခံ)
- လူ့အခွင့်အရေး မချိုးဖောက်အောင် အစိုးရက တားဆီးပေးပါ။ (ပေါင်မြို့နယ်ဒေသခံ)
- လူ့အခွင့်အရေး ချိုးဖောက်မှု ဖြစ်ပေါ်လာပါက အစိုးရအနေနဲ့ တာဝန်ယူဖြေရှင်းပေးပါ။ (ပေါင်မြို့နယ်ဒေသခံ)
- အစိုးရ ဌာနဆိုင်ရာများကို လူ့အခွင့်အရေးအမြင်ဖွင့်သင်တန်း ပေးဖို့တောင်းဆိုချင်ပါသည်။ (ပေါင်မြို့နယ်ဒေသခံ)
- လူ့အခွင့်အရေးချိုးဖောက်မှု မခံရအောင် တားဆီကာကွယ်ပေးပါ။ (ရေးမြို့နယ်ဒေသခံ)

### (ခ - ၂) တရားရေးကဏ္ဍကို ပြုပြင်ပြောင်းလဲစေခြင်း။

- ပစ္စည်းဥစ္စာလုယူမှု ပပျောက်ရေးအတွက် လုပ်ပေးပါ။ (သံဖြူဇရပ်မြို့နယ်ဒေသခံ)
- ရပ်ရွာတိုင်း လူ့အခွင့်အရေးတိုးတက်အောင် အစိုးရကိုယ်တိုင် ပါဝင်ဆောင်ရွက်ပါ။ (သံဖြူဇရပ်မြို့နယ်ဒေသခံ)
- မူးယစ်ဆေးဝါး တိုက်ဖျက်ပေးပါ။ (သံဖြူဇရပ်မြို့နယ်ဒေသခံ)
- ပွင့်လင်းမြင်သာမှု တရားမျှတမှု ရှိစေချင်တယ်။ (သံဖြူဇရပ်မြို့နယ်ဒေသခံ)
- အမှန်တရားရှိသော တရားမျှတမှု ဖြစ်စေချင်တယ်။ (သံဖြူဇရပ်မြို့နယ်ဒေသခံ)
- တရားရေးဌာနများ လွတ်လပ်စွာပွင့်လင်းမြင်သာမှု ဖြစ်စေချင်တယ်။ (သံဖြူဇရပ်မြို့နယ်ဒေသခံ)
- လူ့အခွင့်အရေးချိုးဖောက်မှု ပပျောက်ခြင်းနှင့် နားမလည်သော ကျေးလက်ဒေသတွေကို တရားမျှတမှုရှိစေချင်တယ်။ (သံဖြူဇရပ်မြို့နယ်ဒေသခံ)
- လူ့အခွင့်အရေး ချိုးဖောက်ခံမှုပပျောက်စေခြင်းနှင့် တရားမျှတမှု ရှိစေခြင်း။ (သံဖြူဇရပ်မြို့နယ်ဒေသခံ)
- လူ့အခွင့်အရေး နှင့်ပတ်သတ်ပြီး နိုင်ငံတော်မှ တရားမျှတမှု ဥပဒေတစ်ရပ် ဖော်စေချင်တယ်။ (မုဒုံမြို့နယ်ဒေသခံ)
- ရပ်ရွာအုပ်ချုပ်ရေးမှူးပိုင်တွေကို အမှန်တရားနှင့် သေချာစွာပြည်သူလူထုနှင့် ရပ်ရွာသူရွာသားတွေကို ပေးသိမြင်ချင်တယ် တရားမျှတမှုလဲ ရှိစေချင်တယ်။ (မုဒုံမြို့နယ်ဒေသခံ)

- တရားမျှတမှု ရှိပြီး မှန်ကန်တဲ့ ဥပဒေပေါ်ပေါက်စေချင် တရားမျှတတဲ့ဥပဒေဖြစ်စေချင်တယ်။ (မုဒုံမြို့နယ်ဒေသခံ)
- အသက်အန္တရာယ် ထိခိုက်လာလို့ရှိရင် တောင်းဆိုရမယ်ပေါ့ အစိုးရအနေနဲ့ ကာကွယ်ပေးလို့ရအောင် အမျိုးသမီးများ ကာကွယ်စောင့်ရှောက်ရန်အတွက် အဖွဲ့အစည်းတစ်ခု ခိုင်ခိုင်မာမာ ဖွဲ့စည်းပေးရန်။ (မုဒုံမြို့နယ်ဒေသခံ)
- အစိုးအနေနဲ့ အိမ်/ခြံ မြေမရှိသောပြည်သူများကို နေရာထိုင်ခင်းများပေးနိုင်အောင် ဆောင်ရွက်ပေးရန် တောင်းဆိုချင်ပါသည်။ (ပေါင်မြို့နယ်ဒေသခံ)
- လူ့အခွင့်အရေးအကြောင်း ဗဟုသုတ ရနိုင်အောင် အထူးဆောင်ရွက်ပေးချင်တယ်။ (ပေါင်မြို့နယ်ဒေသခံ)
- လူ့အခွင့်အရေးအမြင်ဖွင့် သင်တန်းများကို မကြာခဏတွေဆုံပေးရန် ကျေးရွာဖွံ့ဖြိုးရေးအတွက် ဆေးပေးခန်းတစ်ခုလောက် ဆောင်ရွက်ပေးရန်။ (ပေါင်မြို့နယ်ဒေသခံ)
- ကျေးရွာအတွက် ဈေးတန်းတစ်ခုဖွင့်ဖို့အတွက် မြေနေရာတစ်ခုလောက် ဆောင်ရွက်ပေးရန်။ (ပေါင်မြို့နယ်ဒေသခံ)
- ကျေးရွာလူကြီး လူငယ်အားလုံးအသိအမြင် တိုးပွားလာအောင် လူ့အခွင့်အရေးဟောပြောပွဲကို တစ်လတစ်ကြိမ်လောက် ပြုလုပ်ပေးရန် တောင်းဆိုချင်ပါသည်။ (ကျိုက်မရောမြို့နယ်ဒေသခံ)
- အကျင့်ပျက်ချစားမှုကို ပပျောက်စေရန် အဓိကလုပ်ဆောင်ပေးရန် တောင်းဆိုချင်ပါသည်။ (ရေးမြို့နယ်ဒေသခံ)
- နိုင်ငံတော် အစိုးရမှ၊ အခြေခံပညာရေးကျောင်းများတွင် သင်ကြားစေချင်ပါသည်။ ပြည်သူများသိအောင် ဂျာနယ်နှင့် လက်ကမ်းစာစောင်သည့် ပညာပေးစာများ ဖြန့်ဝေခြင်းများ ပြုလုပ်စေချင်ပါသည်။ (ကျိုက်မရောမြို့နယ်ဒေသခံ)

## (ခ – ၃) သက်ငယ်မုဒိမ်းမှုကိစ္စအား ပြတ်ပြတ်သားသား အရေးယူစေခြင်း။

- သက်ငယ်မုဒိမ်းမှု ကျူးလွန်သူအား၊ ထောင်ဒဏ်တစ်သက်တစ်ကျွန်း ပေးအပ်ရမည်။ (သံဖြူဇရပ်ဒေသခံ)
- သက်ငယ်မုဒိမ်းမှုကျူးလွန်ခဲ့သောသူတွေကို အမြင့်ဆုံးပြစ်ဒဏ် ချမှတ်သင့်သည်။ (ပေါင်မြို့နယ်ဒေသခံ)

## (ခ – ၄) မြေယာနှင့် သယံဇာတ ထိန်းသိမ်းရေး။

- မှန်ကန်သော လယ်ယာမြေဥပဒေ ထုတ်စေချင်သည်။ (ပေါင်မြို့နယ်ဒေသခံ)
- စီမံကိန်းကြောင့် စိုက်ပျိုးမြေလယ်ကွက်များ ပျက်ဆီးဆုံးရှုံးနေမှုတို့ကို လျော်ကြေးပေးရန်နှင့် လယ်လုပ်သူများအတွက် အကောင်းမွန်ဆုံးဖြစ်အောင် ဆောင်ရွက်ပေးစေချင်သည်။ (ကျိုက်မရောမြို့နယ်ဒေသခံ)
- ကျောက်ထုတ်လုပ်ချင်တယ်ဆိုရင် ပြည်သူတွေနဲ့ ဝေးလံသောအရပ်မှာ လုပ်စေချင်တယ်။ ပြည်သူတွေရဲ့ ဆန္ဒကို အရင်မေးပြီးမှ လုပ်သင့်သည်။ (ပေါင်မြို့နယ်ဒေသခံ)
- လယ်သမားများ မြေယာများ ဝိုင်းဝန်းကာကွယ်ပေးပါ။ (ကျိုက်မရောမြို့နယ် ဒေသခံ)
- ချိုးဖောက်မှုမဖြစ်ပွားအောင် စောင့်ကြည့်လေ့လာအဖွဲ့တွေ ဖွဲ့စည်းပေးပါ။ (ရေးမြို့နယ်ဒေသခံ)
- ကိုယ့်မြေကို ပြန်လိုချင်တယ်။ အစိုးရ၊ စစ်တပ်အနေဖြင့် သိမ်းဆည်းထားသော မိမိတို့မြေကို ပြန်လည်ပေးအပ်ပါလို့ တောင်းဆိုချင်ပါသည်။ (ရေးမြို့နယ်ဒေသခံ)။

**မှတ်ချက်။ ။ ဒေသခံများ၏ နှုတ်ပြောစကားလုံးအတိုင်းကို တင်ပြထားခြင်းဖြစ်သည်။**

# (၁၂) စစ်တမ်းတွေ့ရှိချက်များ အကျဉ်းချုပ်

(၁) တပ်မတော်အစိုးရနောက်ပိုင်း လူ့အခွင့်အရေးအခြေအနေ ထိုက်သင့်သလောက် တိုးတက်လာမည်ဟု ထင်မြင်ခန့်မှန်းထားသော်လည်း စစ်တမ်းတွေ့ရှိချက်အရမှာမူ လူ့အခွင့်အရေးတတ်သိနားလည်မှုနှင့် ပတ်သက်၍ အားရကျေနပ်ဖွယ် တိုးတက်မှုရှိသည် ယူဆ၍ မရနိုင်သေးချေ။ တွေ့ဆုံမေးမြန်းခဲ့သူများအနက် ထက်ဝက်နီးပါးသည် လူ့အခွင့်အရေးအကြောင်းကို ကြားဖူးခြင်း၊ နားလည်သိရှိခြင်း မရှိသည်ကို တွေ့ရှိရမည် ဖြစ်သည်။

(၂) စစ်တမ်းအရ အရပ်သားအစိုးရမတိုင်မီ ၂၀၁၀ ခုနှစ်အထိ လူ့အခွင့်အရေးချိုးဖောက်မှုကို ကြုံတွေ့ခဲ့ရသည်ဟု ဖြေဆိုသူ (၄၇) ဦး ရှိပြီး၊ အရပ်သားအစိုးရ အာဏာရလာပြီးနောက်ပိုင်း လူ့အခွင့်အရေးချိုးဖောက်မှုကို ခံစားခဲ့ရသည်ဟု ဒေသခံ (၅၆) ဦးက ဖြေဆိုခဲ့သည်။

(၃) စိုးရိမ်ဖွယ်အချက်တစ်ခုမှာ လူ့အခွင့်အရေးအကြောင်းကို ထိုက်သင့်သလောက် သိရှိနားလည်ကြသော်လည်း လူ့အခွင့်အရေးချိုးဖောက်မှုပုံစံများနှင့်ပတ်သက်၍မူ သေချာဂဃနဏ သိရှိထားခြင်း မရှိချေ။ ဆိုလိုသည်မှာ စစ်တမ်းကောက်ယူခဲ့သော မြို့နယ် (၆) မြို့နယ်စလုံးတွင် လူ့အခွင့်အရေးချိုးဖောက်မှုများ ဖြစ်ပွားနေသော်လည်း ဒေသခံများအနေဖြင့် မိမိတို့အခွင့်အရေး အချိုးဖောက်ခံနေရကြောင်း ရှင်းလင်းစွာ သိရှိထားခြင်း မရှိချေ။

(၄) တပ်မတော်အပါအဝင် လုံခြုံရေးနှင့် အုပ်ချုပ်ရေးဌာနဆိုင်ရာများက လူ့အခွင့်အရေးချိုးဖောက်ခဲ့သည်ဟု တွေ့ဆုံမေးမြန်းခဲ့သော ဒေသခံပြည်သူများ၏ (၃) ပုံ (၁) ပုံက အတည်ပြုဖြေကြားခဲ့သည်။ တပ်ရန်ပုံငွေ ရှာဖွေမှုကြောင့် လူ့အခွင့်အရေးချိုးဖောက်မှု အများဆုံးဖြစ်ပွားခဲ့သည်ဟု ဖြေဆိုကြပြီး မြေယာဆိုင်ရာ၊ သဘာဝသယံဇာတ ထုတ်ယူသုံးစွဲခြင်းဆိုင်ရာ၊ တရားဥပဒေစိုးမိုးမှု အားနည်းခြင်းဆိုင်ရာ ချိုးဖောက်မှုများကိုလည်း ထုတ်ဖော်ပြောပြခဲ့ကြသည်။

(၅) အံ့သြဖွယ်အချက်တစ်ခုမှာ လူ့အခွင့်အရေးချိုးဖောက်မှုနှင့် ပတ်သက်၍ တိုင်ကြားခဲ့သည်ဟု ဒေသခံအယောက် (၇၀) က ဖြေဆိုခဲ့သော်လည်း မြန်မာနိုင်ငံလူ့အခွင့်အရေးကော်မရှင်သို့ တိုင်ကြားခဲ့သူ (၁) ဦးသာ ရှိခဲ့သည်။ ၄င်းအပြင် (၆၀) ရာခိုင်နှုန်းနီးပါးသော ဖြေဆိုသူများက လူ့အခွင့်အရေးချိုးဖောက်မှုအတွက် တရားမျှတမှုပြန်လည်ရှာဖွေရာတွင် သက်ဆိုင်ရာအာဏာပိုင်များက ကူညီဆောင်ရွက်ပေးမှု မရှိကြောင်း ပြောဆိုခဲ့သည်။ ၄င်းအပြင် လူ့အခွင့်အရေး ချိုးဖောက်မှုနှင့် ပတ်သက်သော တရားရုံး၏ ဆုံးဖြတ်ချက်ကို (၂၀) ရာခိုင်နှုန်းသော ဒေသခံများ ကသာ ကျေနပ်ကြောင်း သိရှိရသည်။

(၆) လူ့အခွင့်အရေးချိုးဖောက်မှုများနှင့် ပတ်သက်၍ အရပ်ဖက်အဖွဲ့အစည်းများကိုသာ အားကိုးအားထားပြု နေရကြောင်း ဒေသခံများက ဖြေဆိုခဲ့သည်။

(၇) လူ့အခွင့်အရေးချိုးဖောက်မှုနှင့် ပတ်သက်၍ တရားမျှတ ပြန်လည်ရယူလိုကြောင်း၊ မျှတကောင်းမွန်သော ဥပဒေများ အထူးသဖြင့် မှန်ကန်သော လယ်ယာမြေဥပဒေကို ပြဋ္ဌာန်းပေးစေလိုကြောင်း၊ ပွင့်လင်းမြင်သာမှု ရှိစေလိုကြောင်း၊ အကျင့်ပျက်ခြစားမှုများ ပပျောက်စေလိုကြောင်း၊ နိုင်ငံတော်အစိုးရအနေဖြင့် လူ့အခွင့်အရေး ချိုးဖောက်မှုများကို တားဆီးပေးစေလိုကြောင်း ဒေသခံများက တောင်းဆိုခဲ့ပါသည်။

# (၁၃) မွန်ပြည်လူ့အခွင့်အရေးဖောင်ဒေးရှင်း၏ လူ့အခွင့်အရေးဆိုင်ရာ အချက်အလက်မှတ်တမ်းတင်ခြင်းဌာန၏ သုံးသပ်ချက်

၂၀၁၀ ခုနှစ် အရပ်သားအစိုးရ အာဏာရလာပြီးနောက်ပိုင်း နိုင်ငံရေး၊ စီးပွားရေးနှင့် လူမှုရေးဆိုင်ရာ ဖြေလျှော့မှုများ အထိုက်အလျောက်ပြုလုပ်လာခဲ့သဖြင့် လူ့အခွင့်အရေးအခြေအနေများ တိုးတက်လာမည်ဟု မျှော်လင့်ခဲ့ကြသည်။ အထူးသဖြင့် ပြည်သူလူထုထောက်ခံသော အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် အာဏာရလာသည့် ၂၀၁၅ ခုနှစ်နောက်ပိုင်းတွင် လူ့အခွင့်အရေးချိုးဖောက်မှုများ သိသာစွာ လျော့နည်းလာမည်ဟု မြန်မာနိုင်ငံ ပြည်သူလူထုများသာမက ကမ္ဘာ့အသိုင်းအဝိုင်းကပါ ယုံကြည်ခဲ့ကြသည်။

သို့သော် လက်တွေ့အခြေအနေတွင်မူ ဆိုးရွားပြင်းထန်သော လူ့အခွင့်အရေးချိုးဖောက်မှုပုံစံများ လျော့ကျသွားသော်လည်း လူ့အခွင့်အရေးချိုးဖောက်မှုများသည် ကျယ်ကျယ်ပြန့်ပြန့် ဆက်လက်ဖြစ်ပွား နေဆဲဖြစ်သည်။ အဓမ္မလုပ်အားပေးစေခိုင်းမှုများ၊ မတရားအသင်းဆက်သွယ်မှုဖြင့် ဖမ်းဆီးနှိပ်စက်ခြင်းများ သိသိသာသာ ပပျောက်သွားသော်လည်း လယ်ယာမြေပြဿနာများ၊ လိင်အကြမ်းဖက်မှုများ၊ လွတ်လပ်စွာ ထုတ်ဖော်ပြောဆိုခွင့်ကို ကန့်သတ်ခြင်းများ၊ သယံဇာတများ လက်လွတ်စပယ် ထုတ်ယူခြင်းကြောင့် သဘာဝ ပတ်ဝန်းကျင် ထိခိုက်ပျက်စီးမှုများ စသည့်လူ့အခွင့်အရေးချိုးဖောက်မှုများသည် ပိုမိုကျယ်ပြန့်စွာ ဖြစ်ပွားလာသည်ကို တွေ့ရ မည်ဖြစ်သည်။

**လယ်ယာမြေပြဿနာများ၊ လိင်အကြမ်းဖက်မှုများ၊ လွတ်လပ်စွာထုတ်ဖော်ပြောဆိုခွင့်ကို ကန့်သတ်ခြင်းများ၊ သယံဇာတများ လက်လွတ်စပယ် ထုတ်ယူခြင်းကြောင့် သဘာဝပတ်ဝန်းကျင် ထိခိုက်ပျက်စီးမှုများ စသည့်လူ့အခွင့်အရေးချိုး ဖောက်မှုများသည် ပိုမိုကျယ်ပြန့်စွာ ဖြစ်ပွားလာသည်ကို တွေ့ရမည်ဖြစ်သည်။**




*မွန်ပြည်လူ့အခွင့်အရေးဖောင်ဒေးရှင်းမှ ထုတ်ပြန်ခဲ့သည့် အစီရင်ခံစာများတွင် ဒေသအတွင်း လူ့အခွင့်အရေးချိုးဖောက်မှုဖြစ်စဉ်များကို သက်သေထူလျက်ရှိသည်။*

ပြုပြင်ပြောင်းလဲမှုများကြောင့် မြန်မာနိုင်ငံတွင် လူ့အခွင့်အရေးချိုးဖောက်မှု လျော့နည်းပပျောက်သွားခြင်း မဟုတ်ဘဲ လူ့အခွင့်အရေးချိုးဖောက်မှုပုံစံများ ပြောင်းလဲသွားခြင်းသာဖြစ်ကြောင်း ထောက်ပြလိုရင်းဖြစ်သည်။ အထူးသဖြင့် လူ့အခွင့်အရေးချိုးဖောက်မှုနှင့်ပတ်သက်၍ တရားမျှတမှု ပြန်လည်ရှာဖွေရာတွင် ယခင်တပ်မတော် အစိုးရလက်ထက်ကအတိုင်း ခက်ခဲနေဆဲဖြစ်သည်။

ပြည်သူလူထု၏ ဆန္ဒမဲဖြင့် အာဏာရလာသော အစိုးရနှင့် လွှတ်တော်အနေဖြင့် လူ့အခွင့်အရေးချိုး ဖောက်မှုနှင့်ပတ်သက်၍ ပြည်သူလူထုများအား ထိရောက်စွာ အကာအကွယ်မပေးနိုင်သည့်အပြင် လူ့အခွင့်အရေး ချိုးဖောက်မှုကို တားဆီးပေးနိုင်သည့် မျှတတိကျသည့် ဥပဒေများ၊ နိုင်ငံတကာစံနှုန်းနှင့်ကိုက်ညီသည့် ဥပဒေများကို ပြဋ္ဌာန်းပေးနိုင်ရန်လည်း ပျက်ကွက်ခဲ့သည်။

၎င်းပြင် လူ့အခွင့်အရေးချိုးဖောက်မှုများကို ကိုင်တွယ်ဖြေရှင်းရာတွင် ကိုလိုနီလက်ထက်ကတည်းက ကျင့်သုံးလာခဲ့သည့် ခေတ်နောက်ကျနေပြီဖြစ်သော ဖိနှိပ်သည့်ဥပဒေများကို ပြင်ဆင်ပယ်ဖျက်ခြင်းမရှိဘဲ ဆက်လက် ကျင့်သုံးနေဆဲဖြစ်သည်။

---

**လူ့အခွင့်အရေးချိုးဖောက်မှုများကို ကိုင်တွယ်ဖြေရှင်းရာတွင် ကိုလိုနီခေတ် လက်ထက်ကတည်းက ကျင့်သုံးလာခဲ့သည့် ခေတ်နောက်ကျနေပြီဖြစ်သော ဖိနှိပ်သည့်ဥပဒေများကို ပြင်ဆင်ပယ်ဖျက်ခြင်းမရှိဘဲ ဆက်လက်ကျင့်သုံးနေဆဲဖြစ်သည်။**

---

အရပ်သားအစိုးရအနေဖြင့် အခြားသောကဏ္ဍများတွင် ပြုပြင်ပြောင်းလဲမှုများ အမှန်တကယ်ဖြစ်ပေါ်လာ စေရန် အားသွန်ခွန်စိုက် ကြိုးပမ်းနေသော်လည်း လူ့အခွင့်အရေးကဏ္ဍတွင် တိုးတက်မှုများ ဖြစ်ပေါ်လာစေရန် သိသာသောလုပ်ဆောင်မှုများ မရှိချေ။

လူ့အခွင့်အရေးပြဿနာများကို ကိုင်တွယ်ဖြေရှင်းရာတွင် အစိုးရအနေဖြင့် အခြေခံဥပဒေအပါအဝင် အခြားသောကန့်သတ်ချက်များစွာရှိသည်ကို အရပ်ဖက်အဖွဲ့အစည်းများက နားလည်လက်ခံသော်လည်း လူ့အခွင့် အရေးနှင့်ပတ်သက်၍ ယခုအခြေအနေထက် ပိုမိုကောင်းမွန်စွာ ကိုင်တွယ်ဖြေရှင်းနိုင်သင့်သည်ဟုလည်း မွန်ပြည်လူ့ အခွင့်အရေးဖောင်ဒေးရှင်းက ယူဆပါသည်။

နိုင်ငံတော်အစိုးရနှင့် လွှတ်တော်အနေဖြင့် မြန်မာနိုင်ငံလူ့အခွင့်အရေးကော်မရှင်ကို ယခုထက်ပို၍ လွတ်လပ်ပြီး အမီအခိုကင်းသော အဖွဲ့တစ်ခု ဖြစ်လာစေရန်နှင့် လုပ်ပိုင်ခွင့်ပိုမိုရရှိလာစေရန် လုပ်ဆောင်သင့်ပြီး လူ့အခွင့်အရေးချိုးဖောက်မှုများကို တားဆီးရန်နှင့် ချိုးဖောက်မှုပြဿနာများကို ဖြေရှင်းရာတွင် လွယ်ကူထိရောက်မှု ရှိစေရန် အခြေခံအင်အားစုများ ပြုပြင်ပြောင်းလဲခြင်း (Institutional Reform) များကို ပစ်မှတ်ထား လုပ်ဆောင်သင့် ကြောင်း မွန်ပြည်လူ့အခွင့်အရေးဖောင်ဒေးရှင်းက သုံးသပ်ပါသည်။

အချုပ်အားဖြင့်ဆိုရလျှင် လက်ရှိပြုပြင်ပြောင်းလဲမှုများအတွက် နိုင်ငံတော်အစိုးရနှင့် လွှတ်တော်၏ ကြိုးပမ်းအားထုတ်မှုများကို မွန်ပြည်လူ့အခွင့်အရေးဖောင်ဒေးရှင်းအပါအဝင် အရပ်ဖက်အဖွဲ့အစည်းများနှင့် ပြည်သူ လူထုက တန်ဖိုးထားနားလည်ပါသော်လည်း လူ့အခွင့်အရေးအခြေအနေ တိုးတက်ပြောင်းလဲမှုနှင့် ပတ်သက်၍ ယခုအဆင့်ထက် ပိုမိုရောက်ရှိလာစေရန်၊ နိုင်ငံတကာအသိုင်းအဝိုင်းအထိ လက်ခံလာနိုင်စေရန် ပိုမိုကြိုးစား သင့်ကြောင်းနှင့် စစ်မှန်သော ဒီမိုကရေစီနှင့် ထာဝရငြိမ်းချမ်းရေးကို ဖော်ဆောင်ရာတွင် လူ့အခွင့်အရေးကဏ္ဍကို အထူးဦးစားပေး ဆောင်ရွက်သင့်ကြောင်း မွန်ပြည်လူ့အခွင့်အရေးဖောင်ဒေးရှင်းက တိုက်တွန်းအပ်ပါသည်။

# (၁၄) စစ်တမ်းတွေ့ရှိချက်များအခြေပြု အရပ်ဖက်လူမှုအဖွဲ့အစည်းများမှ သက်ဆိုင်ရာသို့ တင်ပြချက်များ

ယခုအစီရင်ခံစာပါ စစ်တမ်းတွေ့ရှိချက်များကို အတည်ပြုနိုင်ရန်နှင့် သုံးသပ်နိုင်ရန်အတွက် ၂၀၁၈ ခုနှစ်၊ အောက်တိုဘာလ (၃၀) ရက်နေ့တွင် မွန်ပြည်လူ့အခွင့်အရေးဖောင်ဒေးရှင်းမှ အရပ်ဖက်လူမှုအဖွဲ့အစည်း အခေါင်းဆောင်များ (၂၅) ဦးတို့ကို ဖိတ်ခေါ်၍ ၎င်းပုဂ္ဂိုလ်တို့အား စစ်တမ်းတွေ့ရှိချက်အားလုံးတို့ကို ဖတ်ကြားစေခဲ့ပြီး အုပ်စုဖွဲ့၍ သုံးသပ်ချက်များ၊ အကြံပြုချက်များ ဖော်ထုတ်စေခဲ့သည်။ အရပ်ဖက်လူမှုအဖွဲ့အစည်းများ သုံးသပ်ထားရှိသည့်အချက်များကို အောက်ပါအတိုင်း အကြောင်းအရာအလိုက် ဖော်ပြအပ်ပေသည်။

## (၁) ဒေသအတွင်း အဖြစ်အများဆုံး လူ့အခွင့်အရေးချိုးဖောက်မှုပုံစံ အမျိုးအစားများ။

- လယ်ယာမြေသိမ်းဆည်းခြင်းကြောင့် လူ့အခွင့်အရေးချိုးဖောက်မှုများ။
- ကုမ္ပဏီမှ ကျောက်မိုင်းဖောက်လုပ်ခြင်းကြောင့် လူ့အခွင့်အရေးချိုးဖောက်မှုများ။
- ရေလုပ်ငန်းခွင်အတွင်း လူ့အခွင့်အရေးချိုးဖောက်မှုများ။
- သက်ငယ်မုဒိမ်းမှုကြောင့် လူ့အခွင့်အရေးချိုးဖောက်မှုများ။
- အလုပ်သမားကိစ္စ အလုပ်ရှင်တာဝန်ယူမှုနည်းပါးခြင်းကြောင့် လူ့အခွင့်အရေးချိုးဖောက်ခံရမှုများ။
- အစိုးရဌာနဆိုင်ရာများမှ ဝန်ထမ်းများ လာဘ်စားခြင်းကြောင့် လူ့အခွင့်အချိုးဖောက်ခံရမှုများ။
- ရွှေ့ပြောင်းအလုပ်သမားများနှင့် ဒေသအတွင်း အိမ်ရှင်အလုပ်ရှင်များကြား လူ့အခွင့်အရေး အကြမ်းဖက်မှုများ။
- မူးယစ်သုံးစွဲခြင်းကြောင့် ပတ်ဝန်းကျင်လူထုများအပေါ် ရုပ်ပိုင်းနှင့် စိတ်ပိုင်းဆိုင်ရာ ထိခိုက်စေခြင်း။

## (၂) လူ့အခွင့်အရေး ချိုးဖောက်မှု အဓိကကျူးလွန်သူများ။

- ဥပဒေအကြောင်းနားလည်သူများ။
- မြေစာရင်းဌာနမှ မြေတိုင်းစာရေးများ။
- အစိုးရဌာနဝန်ထမ်းများ။
- အလုပ်ရှင်များ။
- တပ်မတော်မှ တပ်ဖွဲ့ဝင်များ။
- လက်နက်ကိုင်အဖွဲ့အစည်းများ။
- ရဲတပ်ဖွဲ့ဝင်များ။
- တရားရေးဌာနမှ တရားသူကြီးများနှင့် ရှေ့နေများ။
- ပွဲစားအကျိုးဆောင်များ။

## (၃) တရားမျှတမှု ရှာဖွေရာတွင် ကြုံတွေ့ရခက်ခဲ။

- လယ်ယာမြေဥပဒေကို သိရှိနားလည်မှု မရှိခြင်း။
- ငွေကြေးမတတ်နိုင်သောကြောင့် အမှုရင်ဆိုင်ရန် မတတ်နိုင်ခြင်း။

- သက်ဆိုင်ရာဌာနများတွင် ဥပဒေစိုးမိုးမှု ထိရောက်မှုမရှိခြင်း။
- လူ့အခွင့်အရေး ချိုးဖောက်ခံရမှုကိစ္စရပ်များကို အချိန်နှင့်တပြေညီ ဆောင်ရွက်မှုမရှိခြင်း။
- အာဏာပိုင်များ အာဏာအလွဲသုံးစားပြုလုပ်ခြင်း။
- တရားရင်ဆိုင်ရာတွင် ငွေကြေးကုန်ကျမှုများခြင်း၊ အချိန်ကြန့်ကြာမှုရှိခြင်း၊ အမှန်အကန်မဖြေရှင်းခြင်း။
- တိုင်းကြားစာအပေါ် တုံ့ပြန်မှုအားနည်းခြင်း၊ တာဝန်ယူမှုမရှိခြင်း။
- လက်ရှိတည်ဆဲဥပဒေများက ပြည်သူတို့အား အကာအကွယ်ကောင်းမွန်စွာ မပေးနိုင်ခြင်း။

## (၄) လူ့အခွင့်ရေးအခြေအနေ တိုးတက်ပြောင်းလဲလာစေရန် ဘာတွေလုပ်ဆောင်သင့်သလဲ။

- အစိုးရဌာနတာဝန်ရှိသူများနှင့် ဝန်ထမ်းများ၊ ရဲတပ်ဖွဲ့ တာဝန်ရှိသူများနှင့် တပ်သားများ၊ တပ်မတော် တာဝန်ရှိသူများနှင့် တပ်သားများတို့သည် လူ့အခွင့်အရေးနှင့် သက်ဆိုင်သော ကျင့်ဝတ်များ တတ်သိနားလည်၍ လိုက်နာကျင့်သုံးနိုင်ရန်အတွက် လူ့အခွင့်အရေးဆိုင်ရာ အမြင်ဖွင့်သင်တန်းများ ပြုလုပ်ပေးခြင်း။

- ဖွဲ့စည်းပုံအခြေခံဥပဒေနှင့်ဥပဒေများ ရေးဆွဲပြဌာန်းရာတွင်လည်းကောင်း နိုင်ငံတော်မူဝါဒများ ဖော်ထုတ်ရာတွင်လည်းကောင်း လူ့အခွင့်အရေးစံနှုန်းများကို အခြေခံမူအဖြစ်ထားရှိ၍ ရေးဆွဲပြဌာန်းခြင်း။

- ပြည်သူများ လူ့အခွင့်အရေးအကြောင်းကောင်းစွာ တတ်သိနားလည်စေရန်နှင့် လိုက်နာကျင့်သုံးစေရန် အတွက် စီမံကိန်းတရပ်ထားရှိ၍ အကောင်ထည်ဖော် ဆောင်ရွက်ခြင်း။

- လူ့အခွင့်အရေးလှုပ်ရှားသူများဖြစ်သည့် လူ့အခွင့်အရေးပညာပေးသူများ၊ လူအခွင့်အရေး အချက်လက် မှတ်တမ်းတင်သူများ၊ လူ့အခွင့်အရေး တိုက်တွန်းစည်းရုံးသူများအား အကာအကွယ်ပေးနိုင်သည့် ဥပဒေတစ်ရပ် ရေးဆွဲပြဌာန်းခြင်း။

- လူ့အခွင့်အရေးချိုးဖောက်ခံရသူများအား တရားမျှတမှုရရှိစေရန်အတွက် ၄င်းတို့တရားရေး ရင်ဆိုင်မှုပြု လုပ်ရာတွင် အကူအညီပေးခြင်း၊ ဝိုင်းဝန်းထောက်ပံ့ခြင်း၊ စိတ်ဓါတ်ခွန်အားပေး ဆောင်ရွက်ခြင်း။

- လူ့အခွင့်အရေး တိုးတက်စေရေးကိစ္စရပ်များအတွက် နိုင်ငံတော်၏ စီမံကိန်းတစ်ရပ်ကဲ့သို့ သတ်မှတ် ပြဌာန်း၍ နိုင်ငံတော်ဘဏ္ဍာငွေများထောက်ပံ့၍ အကောင်ထည်ဖော်ခြင်း။


- အတိတ်ကာလ လူ့အခွင့်အရေးချိုးဖောက်ခံရသူများအတွက် တရားမျှတမှု ပြန်လည်ရှာဖွေခြင်းနှင့် တရားမျှတမှုဖော်ဆောင်ရေး လုပ်ငန်းစဉ်များ အကောင်ထည်ဖော်ခြင်း။

- လူ့အခွင့်အရေး အထိမ်းအမှတ်များကျင်းပပြုလုပ်ရာတွင် သက်ဆိုင်ရာအစိုးရဌာန၊ လွှတ်တော်၊ တရားရေးဌာနနှင့် စစ်တပ်မှ တာဝန်ရှိသူများကိုယ်တိုင် ပူးပေါင်းပါဝင်ခြင်းနှင့် လူ့အခွင့်အရေးဆိုင်ရာ လူထုအသံများမြှင့်တင်ခြင်းများ ဆောင်ရွက်ခြင်း။

## နောက်ဆက်တွဲများ...

(၁) စစ်တမ်းကောက်ယူခဲ့သည့် မြေပုံအညွှန်း။
(၂) စစ်တမ်းအတွင်း အသုံးပြုခဲ့သည့် မေးခွန်းပုံစံစာမျက်နှာများ။
(၃) အပြည်ပြည်ဆိုင်ရာ လူအခွင့်အရေး ကြေညာစာတမ်းအကျဉ်းချုပ်။
(၄) လူ့အခွင့်အရေးချိုးဖောက်ခံရပါက တိုင်ကြားနိုင်သောနေရာများ။
(၅) လူ့အခွင့်အရေးချိုးဖောက်ခံမှု တိုင်းကြားစာပုံစံ။
(၆) စစ်တမ်းကောက်ယူစဉ် လှုပ်ရှားမှုဓါတ်ပုံမှတ်တမ်းများ။

## နောက်ဆက်တွဲ (၁) စစ်တမ်းကောက်ယူခဲ့သည့် မြေပုံအညွှန်း။



## နောက်ဆက်တွဲ (၂) စစ်တမ်းအတွင်း အသုံးပြုခဲ့သည့် မေးခွန်းပုံစံစာမျက်နှာများ။

Township Name: ☐    Survey ID : ☐☐☐☐

### လူ့အခွင့်အရေးဆိုင်ရာတတ်သိနားလည်မှုနှင့် လူ့အခွင့်အရေးချိုးဖောက်ခံရမှုဆိုင်ရာ စစ်တမ်းမေးခွန်းလွှာများ

**စစ်တမ်းဖြေကြားပေးသူ၏ အချက်လက်များဖြည့်ဆည်းရန်။**

၁။ အမည် ။ ။ ............................................................ ။

၂။ အသက် ။ ။ ◯ (၁၈) နှစ်မှ (၂၅) နှစ်။ ◯ (၂၆) နှစ်မှ (၄၅) နှစ်။
◯ (၄၆) နှစ်မှ (၅၅) နှစ်။ ◯ (၅၆) နှစ်မှ (၆၅) နှစ်။
◯ (၆၆) နှစ်မှ (၇၅) နှစ်။ ◯ (၇၆) နှစ်နှင့် အထက်။

၃။ လိင် ။ ။ ◯ ကျား၊ ◯ မ၊ ◯ အခြား။

၄။ လူမျိုး ။ ။ ............................................................ ။

၅။ အလုပ်အကိုင်။ ။ ............................................................ ။

၆။ အဖွဲ့အစည်း ။ ။ ............................................................ ။

၆။ နေရပ်လိပ်စာ ။ ။ ........................................ ကျေးရွာ၊ ........................................ ကျေးရွာအုပ်စု၊
........................................ မြို့နယ်၊ ........................................ ပြည်နယ်/ တိုင်းဒေသကြီး။

**စစ်တမ်းပုံစံ အပိုင်း (၁)**

**လူ့အခွင့်အရေးအကြောင်းအရာများ တက်သိနားလည်မှုဆိုင်ရာမေးခွန်းများ**

၁။ လူ့အခွင့်အရေးအကြောင်းအရာများကို သင့်အနေဖြင့် ကြားဖူးပါသလား။
◯ ကြားဖူးပါသည်။ ◯ မကြားဖူးပါ။ ◯ အနည်းအကျဉ်းကြားဖူးသည်။ ◯ **လုံးဝမကြားဖူးပါ။**
**(လုံးဝမကြားဖူးပါက မေးခွန်းနံပါတ် (၃) ကို မေးမြန်းပါ။)**

၂။ လူ့အခွင့်အရေး အကြောင်းအရာများကို သင်ကြားဖူးပါက ဘယ်လိုပုံစံနည်းနာများဖြင့် ကြားဖူးပါသလဲ။
☐ အမြင်ဖွင့်သင်တန်းမှ၊ ☐ စာပေဟောပြောပွဲမှ၊ ☐ သတင်းစာစောင်မှ၊ ☐ ရေဒီယိုနှင့် ရုပ်သံတင်ဆက်မှုများမှ
☐ အခြား ........................................................................................ ။ (တခုထက်မက ဖြေနိုင်သည်။)

၃။ လူ့အခွင့်အရေးအကြောင်းအရာများကို သင်သိရှိထားပါသလား။
◯ သိသည်။ ◯ မသိပါ။ ◯ အနည်းအကျဉ်းသိသည်။ ◯ **လုံးဝမသိပါ။**
**(လုံးဝမသိပါက မေးခွန်းနံပါတ် (၅) ကို မေးမြန်းပါ။)**

၄။ လူ့အခွင့်အရေး အကြောင်းအရာများကို သင်သိရှိထားပါက ဘယ်လိုပုံစံနည်းနာများဖြင့် သိရှိထားပါသလဲ။
☐ အမြင်ဖွင့်သင်တန်းမှ၊ ☐ စာပေဟောပြောပွဲမှ၊ ☐ သတင်းစာစောင်မှ၊ ☐ ရေဒီယိုနှင့် ရုပ်သံတင်ဆက်မှုများမှ
☐ အခြား ........................................................................................ ။ (တခုထက်မက ဖြေနိုင်သည်။)

၅။ မိမိတို့ကျေးရွာအနီးတစ်ဝိုက်အတွင်း လူ့အခွင့်အရေးဆိုင်ရာ စာပေဟောပြောပွဲနှင့် အမြင်ဖွင့်သင်တန်းများ ပြုလုပ်ခဲ့ဖူးခြင်း ရှိပါသလား။ ◯ ရှိဖူးသည်။ ◯ မရှိဖူးပါ။ ◯ **သိရှိခြင်းမရှိပါ။**
**(သိရှိခြင်းမရှိပါက မေးခွန်း နံပါတ် (၉) ကို မေးမြန်းရန်။)**

စာမျက်နှာ - ၁

*စစ်တမ်းအတွင်း အသုံးပြုခဲ့သည့် မေးခွန်းပုံစံစာမျက်နှာများ။*

**လူ့အခွင့်အရေးဆိုင်ရာတတ်သိနားလည်မှုနှင့် လူ့အခွင့်အရေးချိုးဖောက်ခံရမှုဆိုင်ရာ စစ်တမ်းမေးခွန်းလွှာများ**

၆။ ၄င်းလူ့အခွင့်အရေး စာပေဟောပြောပွဲနှင့် အမြင်ဖွင့်သင်တန်းများကို မည်သည့်အဖွဲ့အစည်းများက လာရောက်ကျင်းပပြုလုပ်ပေးသည်ဟု သင်သိရှိထားပါသလဲ။ (အဖွဲ့အစည်းအမည်ကို ရေးပေးပါ။)

... ... ... ... ... ... ... ... ... ... ... ... ... ... ... ... ... ... ... ... ... ... ... ... ... ... ... ... ... ... ... ... ... ... ... ... ... ... ... ... ... ... ... ...

၇။ မိမိတို့၏ ကျေးရွာအနီးတစ်ဝိုက်တွင်း လူ့အခွင့်အရေးနှင့်သက်ဆိုင်သော စာပေဟောပြောပွဲနှင့် အမြင်ဖွင့်သင်တန်းများ ရှိခဲ့ပါက သင်ကိုယ်တိုင် ပါဝင်တက်ရောက် လေ့လာနားထောင်ခဲ့ဖူးပါသလား။ (မိမိဒေသ အခြေပြုတွင်သာ)

◯ ပါဝင်တက်ရောက်ခဲ့ပါသည်။ ◯ ပါဝင်တက်ရောက်ဖူးခြင်းမရှိပါ။

၈။ လူ့အခွင့်အရေးဆိုင်ရာ စာပေဟောပြောပွဲနှင့် အမြင်ဖွင့်သင်တန်းများကို ကိုယ်တိုင်ပါဝင်သက်ရောက်ဖူးခဲ့ပါက လူ့အခွင့်အရေးနှင့် သက်ဆိုင်သောအကြောင်းအရာများ ဘာတွေသိရှိထားပါသလဲ။ (တခုထက်မက ဖြေနိုင်သည်။)

- ☐ အခြေခံလူ့အခွင့်အရေး။
- ☐ လူ့အခွင့်အရေးသမိုင်းကြောင်းနှင့် ဖြစ်ပေါ်လာပုံ။
- ☐ လူ့အခွင့်အရေးကြေညာစာတမ်း။
- ☐ လူ့အခွင့်အရေးဆိုင်ရာ နိုင်ငံတကာစာချုပ်များ။
- ☐ ကလေးအခွင့်အရေး။
- ☐ အမျိုးသမီးအခွင့်အရေး။
- ☐ မသန်စွမ်းသူများ၏ အခွင့်အရေးများ။
- ☐ အိမ်အတွင်းအကြမ်းဖက်မှု။
- ☐ လူ့အခွင့်အရေးချိုးဖောက်ခံရမှုများ။
- ☐ အခြား (ရှိပါကရေးပေးပါ) ... ... ... ... ... ... ... ... ... ... ... ... ... ... ... ... ... ... ... ... ... ... ... ... ... ... ... ... ... ...

... ... ... ... ... ... ... ... ... ... ... ... ... ... ... ... ... ... ... ... ... ... ... ... ... ... ... ... ... ... ... ... ... ... ... ... ... ... ... ... ... ... ... ...

၉။ မိမိတို့ဒေသအတွင်း မည်ကဲ့သို့သောပုံစံများဖြင့် လူ့အခွင့်အရေးချိုးဖောက်ခံရမှုများ ဖြစ်ပေါ်ခဲ့ဖူးပါသနည်း။
**(ဒေသတွင်းရှိ ဖြစ်ပေါ်ခဲ့ဖူးသော အောက်ပါဖြစ်စဉ်များ ဘာတွေရှိခဲ့သနည်း)**

- ☐ သတ်ဖြတ်ခြင်း၊ ☐ အစဖျောက်ပစ်ခြင်း။
- ☐ မတရားဖမ်းဆီးခြင်းနှင့် မတရားထိန်းသိမ်းချုပ်နှောင်ခြင်း၊ ☐ မတရားနှိပ်စက်ခြင်း၊
- ☐ အတင်းအဓမ္မရွှေ့ပြောင်းခံရခြင်း၊ ☐ လိင်ပိုင်းဆိုင်ရာအကြမ်းဖက်ခံရခြင်း၊
- ☐ မုဒိမ်းပြုကျင့်ခြင်း (☐ သက်ကြီးမုဒိန်း၊ ☐ သက်ငယ်မုဒိန်း)
- ☐ အဓမ္မလုပ်အားပေးစေခိုင်းခြင်း။ (☐ အမျိုးသား၊ ☐ အမျိုးသမီး၊ ☐ ကလေး)
- ☐ ပုဂ္ဂလိကပိုင်ဆိုင်ခွင့်ကိုချိုးဖောက်ခြင်း။
- ☐ လူကုန်ကူးခံရခြင်း။ (☐ အမျိုးသား၊ ☐ အမျိုးသမီး၊ ☐ ကလေး)
- ☐ ရောင်းစားခံရခြင်း။ (☐ အမျိုးသား၊ ☐ အမျိုးသမီး၊ ☐ ကလေး)
- ☐ လွတ်လပ်စွာထုတ်ဖော်ပြောဆိုခွင့်ပိတ်ပင်ခံရခြင်း။ ☐ လွတ်လပ်စွာစုဝေးခွင့်ပိတ်ပင်ခံရခြင်း။
- ☐ လယ်ယာမြေပြဿနာများ (အဓမ္မသိမ်းဆည်းခြင်း၊ မတရားရယူခြင်း၊ ဥပဒေဖြင့်အနိုင်ထက်ရယူခြင်း စသည်ဖြင့်... )
- ☐ သယံဇာတ အဓမ္မထုတ်ယူသုံးစွဲခြင်းနှင့် သဘာဝပတ်ဝန်းကျင်ဆိုင်ရာဖျက်ဆီးခြင်း။
- ☐ အကျင့်ပျက်ခြစားခြင်းနှင့် လာဘ်ပေးလာဘ်ယူပြုလုပ်ခြင်း။
- ☐ ဆက်ကြေးကောက်ခံခြင်း။ ☐ မတရားအခွန်စည်းကြပ်ခြင်း။
- ☐ ကလေးစစ်သား။ ☐ ကလေးအလုပ်သမား။
- ☐ လွတ်လပ်စွာ အသင်းအဖွဲ့ ဖွဲ့စည်းမှုဆိုင်ရာ ပိတ်ပင်ခံရခြင်း။
- ☐ အခြား (ပုံစံမျိုးရှိကဖြေပေးပါ) ... ... ... ... ... ... ... ... ... ... ... ... ... ... ... ... ... ... ... ... ... ... ... ... ... ... ... ... ... ...

... ... ... ... ... ... ... ... ... ... ... ... ... ... ... ... ... ... ... ... ... ... ... ... ... ... ... ... ... ... ... ... ... ... ... ... ... ... ... ... ။

**(အထက်ဖော်ပြပါ ဖြစ်စဉ်များ ဖြစ်ပေါ်ခဲ့သည်ဟု ဖြေဆိုနိုင်ခြင်း မရှိပါက မေးခွန်း အပိုင်း (၃)၊ နံပါတ် (၁၃ – ၁၄) အား တိုက်ရိုက် မေးမြန်းရန်။)**

စာမျက်နှာ – ၂

*စစ်တမ်းအတွင်း အသုံးပြုခဲ့သည့် မေးခွန်းပုံစံစာမျက်နှာများ။*

**လူ့အခွင့်အရေးဆိုင်ရာတတ်သိနားလည်မှုနှင့် လူ့အခွင့်အရေးချိုးဖောက်ခံရမှုဆိုင်ရာ စစ်တမ်းမေးခွန်းလွှာများ**

**စစ်တမ်းပုံစံ အပိုင်း (၂)**
**လူ့အခွင့်အရေးဆိုင်ရာ ကိုယ်တိုင်ချိုးဖောက်ခံရမှု / အခြားသူချိုးဖောက်ခံရမှုဆိုင်ရာ မေးခွန်းများ**

၁။ မိမိတို့ဒေသအတွင်း လူ့အခွင့်အရေးချိုးဖောက်ခံရခြင်း ဖြစ်စဉ်များရှိခဲ့ပါက မည်သူတို့က ချိုးဖောက်ခံရသနည်း။
☐ မိမိကိုယ်တိုင်က ချိုးဖောက်ခံရသည်။　☐ တခြားသူတစ်ဦးဦးက ချိုးဖောက်ခံရသည်။
☐ အုပ်စုအလိုက် ချိုးဖောက်ခံရသည်။

၂။ ၄င်းလူ့အခွင့်အရေးချိုးဖောက်ခံရသည့် အကြောင်းအရာက ဘာလဲ။ **(ဖြေဆိုသူ၏ ပိုင်နိုင်စွာဖြေကြားပေးနိုင်သော အကြောင်းအရာတခုကိုသာ အဓိကထား၍ မေးခွန်းနံပါတ် (၃) မှ နံပါတ် (၈) မေးမြန်းရန်။)**
... ... ... ... ... ... ... ... ... ... ... ... ... ... ... ... ... ... ... ... ... ... ... ... ... ... ... ... ... ... ... ... ... ...

၃။ မည်သူက လူ့အခွင့်အရေး ချိုးဖောက်ခံခဲ့ရပါသလဲ။ (ကျူးလွန်ခံရသူ၏ အမည်/ အဖွဲ့အစည်း သို့မဟုတ် အမည်လွှဲ)
... ... ... ... ... ... ... ... ... ... ... ... ... ... ... ... ... ... ... ... ... ... ... ... ... ... ... ... ... ... ... ... ... ...

၄။ မည်သူက လူ့အခွင့်အရေး ချိုးဖောက်ခဲ့ပါသနည်း။ (ကျူးလွန်သူ၏ အမည်/ အဖွဲ့အစည်း သို့မဟုတ် အမည်လွှဲ)
... ... ... ... ... ... ... ... ... ... ... ... ... ... ... ... ... ... ... ... ... ... ... ... ... ... ... ... ... ... ... ... ... ...

၅။ ဘယ်အချိန်တွင် လူ့အခွင့်အရေးချိုးဖောက်ခံခဲ့ရပါသလဲ။ (နေ့စွဲ၊ လပိုင်း၊ ခုနှစ် သိရှိပါက တိကျစွာဖြေပေးပါ။)
... ... ... ... ... ... ... ... ... ... ... ... ... ... ... ... ... ... ... ... ... ... ... ... ... ... ... ... ... ... ... ... ... ...

၆။ ဘယ်နေရာ/ဒေသတွင်း လူ့အခွင့်အရေးချိုးဖောက်ခံရမှု ဖြစ်ပေါ်ခဲ့ပါသလဲ။ (ရပ်ကွက်၊ ကျေးရွာ၊ ကျေးရွာအုပ်စု၊ မြို့နယ်၊ အထင်ကရနေများ)
... ... ... ... ... ... ... ... ... ... ... ... ... ... ... ... ... ... ... ... ... ... ... ... ... ... ... ... ... ... ... ... ... ...
... ... ... ... ... ... ... ... ... ... ... ... ... ... ... ... ... ... ... ... ... ... ... ... ... ... ... ... ... ... ... ... ... ...

၇။ ဘာကြောင့် လူ့အခွင့်အရေးချိုးဖောက်ခံရပါသလဲ။ (ချိုးဖောက်မှု ဖြစ်ပွားရသည့် အဓိကအကြောင်းအရင်းမှန်)
... ... ... ... ... ... ... ... ... ... ... ... ... ... ... ... ... ... ... ... ... ... ... ... ... ... ... ... ... ... ... ... ... ...
... ... ... ... ... ... ... ... ... ... ... ... ... ... ... ... ... ... ... ... ... ... ... ... ... ... ... ... ... ... ... ... ... ...
... ... ... ... ... ... ... ... ... ... ... ... ... ... ... ... ... ... ... ... ... ... ... ... ... ... ... ... ... ... ... ... ... ...

၈။ ဘယ်လိုမျိုး ချိုးဖောက်ခံခဲ့ရပါသလဲ။ (ချိုးဖောက်မှုဖြစ်စဉ် အဆင့်အဆင့်ကို တတ်နိုင်သမျှအသေးစိတ် ဖြေဆိုရန်)
... ... ... ... ... ... ... ... ... ... ... ... ... ... ... ... ... ... ... ... ... ... ... ... ... ... ... ... ... ... ... ... ... ...
... ... ... ... ... ... ... ... ... ... ... ... ... ... ... ... ... ... ... ... ... ... ... ... ... ... ... ... ... ... ... ... ... ...
... ... ... ... ... ... ... ... ... ... ... ... ... ... ... ... ... ... ... ... ... ... ... ... ... ... ... ... ... ... ... ... ... ...
... ... ... ... ... ... ... ... ... ... ... ... ... ... ... ... ... ... ... ... ... ... ... ... ... ... ... ... ... ... ... ... ... ...
... ... ... ... ... ... ... ... ... ... ... ... ... ... ... ... ... ... ... ... ... ... ... ... ... ... ... ... ... ... ... ... ... ...
... ... ... ... ... ... ... ... ... ... ... ... ... ... ... ... ... ... ... ... ... ... ... ... ... ... ... ... ... ... ... ... ... ...

စာမျက်နှာ – ၃

*စစ်တမ်းအတွင်း အသုံးပြုခဲ့သည့် မေးခွန်းပုံစံစာမျက်နှာများ။*

**လူ့အခွင့်အရေးဆိုင်ရာတတ်သိနားလည်မှုနှင့် လူ့အခွင့်အရေးချိုးဖောက်ခံရမှုဆိုင်ရာ စစ်တမ်းမေးခွန်းလွှာများ**

---

**စစ်တမ်းပုံစံ အပိုင်း (၃)**

**လူ့အခွင့်အရေးချိုးဖောက်ခံရမှုနှင့်ဆက်စပ်သော ဖြေရှင်းခြင်းဆိုင်ရာမေးခွန်းများ**

၁။ လူ့အခွင့်အရေး ချိုးဖောက်ခံရမှုနှင့်ပတ်သက်ပြီး ကျေးရွာတာဝန်ရှိလူကြီးမှ အကူအညီများ ပေးခဲ့ဖူးပါသလား။

◯ ပေးခဲ့ဖူးသည်။　　◯ မပေးခဲ့ဖူးပါ။

၂။ လူ့အခွင့်အရေး ချိုးဖောက်ခံရမှုနှင့်ပတ်သက်ပြီး ကျေးရွာတာဝန်ရှိလူကြီးမှ အကူအညီပေးခဲ့ဖူးပါက ဘယ်လိုအကူအညီများ ပေးခဲ့ဖူးပါသလဲ။

☐ တိုင်ကြားစာတင်ပြခြင်း၊　☐ တရားစွဲဆိုပေးခြင်း။　☐ လျော်ကြေးတောင်းခံပေးခြင်း။

☐ ငွေကြေးကူညီပံ့ပိုးပေးခြင်း။　☐ အခြား (အကူအညီပုံစံများရှိက အကျယ်တဝင့် ဖြေပေးပါ။)

... ... ... ... ... ... ... ... ... ... ... ... ... ... ... ... ... ... ... ... ... ... ... ... ... ... ... ... ... ...

... ... ... ... ... ... ... ... ... ... ... ... ... ... ... ... ... ... ... ... ... ... ... ... ... ... ... ... ... ... ။

၃။ လူ့အခွင့်အရေး ချိုးဖောက်ခံရမှုနှင့်ပတ်သက်ပြီး တိုင်ကြားစာများ တင်ပြခဲ့ဖူးပါသလား။ **(ဖြစ်စဉ်တခုလုံးနှင့် ဆက်စပ်ခြင်း)**

◯ တင်ပြဖူးပါသည်။　◯ တင်ပြဖူးခြင်း မရှိပါ။　◯ သိရှိခြင်းမရှိပါ။

၄။ လူ့အခွင့်အရေးချိုးဖောက်ခံရမှုဆိုင်ရာ တိုင်ကြားစာ တင်ပြခဲ့ဖူးပါက တင်ပြခဲ့ဖူးသည့် အကြောင်းအရာကို အတိကျ ဖြေပေးပါ။

... ... ... ... ... ... ... ... ... ... ... ... ... ... ... ... ... ... ... ... ... ... ... ... ... ... ... ... ... ... ... ... ... ... ... ... ... ... ... ... ... ... ... ... ... ...

၅။ လူ့အခွင့်အရေး ချိုးဖောက်ခံရမှုနှင့်ပတ်သက်ပြီး တိုင်ကြားစာများ တင်ပြခဲ့ဖူးပါက မည်သည့်ဌာနအဖွဲ့အစည်းသို့ တင်ပြခဲ့ပါသနည်း။

☐ ကျေးရွာအုပ်ချုပ်ရေးမှူးရုံးသို့ တိုင်ကြားစာတင်ပြခြင်း။

☐ သက်ဆိုင်ရာအစိုးရဌာနသို့ တိုင်ကြားစာတင်ပြခြင်း။

(☐ မြို့နယ်၊ ☐ ခရိုင်၊ ☐ ပြည်နယ်၊ ☐ ပြည်ထောင်စု၊ ☐ အတိုင်ပင်ခံ၊ ☐ သမ္မတ)

☐ လွှတ်တော်တို့တိုင်ကြားစာတင်ပြခြင်း။ (☐ လွှတ်တော်ကိုယ်စားလှယ်၊ ☐ ပြည်နယ်ရုံး၊ ☐ ပြည်ထောင်စုရုံး)

☐ မြန်မာနိုင်ငံ လူ့အခွင့်အရေးကော်မရှင်သို့ တိုင်ကြားစာတင်ပြခြင်း။

☐ နိုင်ငံတကာသံရုံးတခုခုသို့ တိုင်ကြားစာတင်ပြခြင်း။

☐ နိုင်ငံတကာ လူ့အခွင့်အရေးအဖွဲ့အစည်းအသီးသီးသို့ တိုင်ကြားစာတင်ပြပေးခြင်း။

☐ တော်လှန်ရေးတိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းများ၏ အုပ်ချုပ်ရေးရုံးများ။

☐ သတင်းဌာနသို့ အသိပေးခြင်းနှင့် အချက်အလက်မျှဝေခြင်း။

☐ အခြား (တင်ပြမှုရှိပါက ဖြေပေးပါ) ... ... ... ... ... ... ... ... ... ... ... ... ... ... ... ... ... ... ... ... ... ... ... ... ... ... ... ။

၆။ တိုင်ကြားစာ တင်ပြပေးမှုနှင့်ပတ်သက်ပြီး အကူအညီပေးသူရှိခဲ့ပါက ဘယ်သူ/ ဘယ်အဖွဲ့အစည်းက အကူအညီပေးပါသနည်း။

... ... ... ... ... ... ... ... ... ... ... ... ... ... ... ... ... ... ... ... ... ... ... ... ... ... ... ... ... ... ... ... ... ... ... ... ... ... ... ... ... ... ... ... ... ...

၇။ လူ့အခွင့်အရေး ချိုးဖောက်ခံရမှုနှင့်ပတ်သက်ပြီး တရားရုံးများတွင် တရားစွဲဆိုခဲ့ဖူးပါသလား။

◯ တရားစွဲဆိုဖူးခြင်း ရှိပါသည်။　◯ တရားစွဲဆိုဖူးခြင်း မရှိပါ။　◯ သိရှိခြင်းမရှိပါ။

၈။ လူ့အခွင့်အရေး ချိုးဖောက်ခံရမှုနှင့်ပတ်သက်ပြီး တရားရုံးများတွင် တရားစွဲဆိုခဲ့ဖူးသည့် အကြောင်းအရာအတိအကျကို ဖြေပေးပါ။

... ... ... ... ... ... ... ... ... ... ... ... ... ... ... ... ... ... ... ... ... ... ... ... ... ... ... ... ... ... ... ... ... ... ... ... ... ... ... ... ... ... ... ... ... ...

စာမျက်နှာ – ၄

*စစ်တမ်းအတွင်း အသုံးပြုခဲ့သည့် မေးခွန်းပုံစံစာမျက်နှာများ။*

**လူ့အခွင့်အရေးဆိုင်ရာတတ်သိနားလည်မှုနှင့် လူ့အခွင့်အရေးချိုးဖောက်ခံရမှုဆိုင်ရာ စစ်တမ်းမေးခွန်းလွှာများ**

၉။ လူ့အခွင့်အရေး ချိုးဖောက်ခံရမှုနှင့်ပတ်သက်ပြီး တရားရုံးများတွင် တရားဆွဲဆိုခဲ့ဖူးပါက မည်သည့်တရားရုံးများတွင် သွားရောက်အမှုရင်ဆိုင်ခဲ့ပါသနည်း။

◯ နိုင်ငံတော်တရားရုံးများ။ ( ☐ မြို့နယ်အဆင့်၊ ☐ ခရိုင်အဆင့်၊ ☐ ပြည်နယ်နှင့်တိုင်းအဆင့်၊ ☐ ဗဟိုတရားရုံး)
◯ တော်လှန်ရေးတိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းများ၏ တရားစီရင်ရေးယန္တရား။
◯ တရားရုံးနှစ်ခုစလုံးတွင် တရားဆွဲဆို၍ အမှုရင်ဆိုင်ခဲ့ပါသည်။
အခြား ... ... ... ... ... ... ... ... ... ... ... ... ... ... ... ... ... ... ... ... ... ... ... ... ... ... ... ... ... ... ... ... ... ... ... ... ... ... ... ... ။

၁၀။ တရားဆွဲဆိုခြင်းနှင့်ပတ်သက်ပြီး အကူအညီပေးသူရှိခဲ့ပါက ဘယ်သူ/ ဘယ်အဖွဲ့အစည်းက အကူအညီပေးပါသနည်း။

... ... ... ... ... ... ... ... ... ... ... ... ... ... ... ... ... ... ... ... ... ... ... ... ... ... ... ... ... ... ... ... ... ... ... ... ... ... ... ... ... ... ... ... ... ...

၁၁။ တိုင်ကြားစာနှင့် တရားဆွဲဆိုမှု ပြုလုပ်သောကြောင့် လူ့အခွင့်အရေးချိုးဖောက်ခံရသူအတွက် တရားမျှတမှု/ အမှန်တရားများ ရရှိခဲ့ပါသလား။ ◯ ရရှိပါသည်။ ◯ ရရှိခြင်းမရှိပါ။
◯ အခြား ... ... ... ... ... ... ... ... ... ... ... ... ... ... ... ... ... ... ... ... ... ... ... ... ... ... ... ... ... ... ... ... ... ... ... ... ... ... ... ... ... ... ။

၁၂။ တရားမျှတမှု/ အမှန်တရားများ **ရရှိခဲ့ပါက** ဘယ်လိုပုံစံမျိုးများ ရရှိပါသနည်း။ (ရရှိခဲ့ဖူးပါက)

... ... ... ... ... ... ... ... ... ... ... ... ... ... ... ... ... ... ... ... ... ... ... ... ... ... ... ... ... ... ... ... ... ... ... ... ... ... ... ... ... ... ... ... ... ...

... ... ... ... ... ... ... ... ... ... ... ... ... ... ... ... ... ... ... ... ... ... ... ... ... ... ... ... ... ... ... ... ... ... ... ... ... ... ... ... ... ... ... ... ... ...

၁၃။ တရားမျှတမှု/ အမှန်တရားများ **မရရှိခဲ့ပါက** ဘယ်လိုပုံစံမျိုးများ မရရှိပါသနည်း။ (မရရှိခဲ့ပါက)

... ... ... ... ... ... ... ... ... ... ... ... ... ... ... ... ... ... ... ... ... ... ... ... ... ... ... ... ... ... ... ... ... ... ... ... ... ... ... ... ... ... ... ... ... ...

... ... ... ... ... ... ... ... ... ... ... ... ... ... ... ... ... ... ... ... ... ... ... ... ... ... ... ... ... ... ... ... ... ... ... ... ... ... ... ... ... ... ... ... ... ...

၁၄။ တရားမျှတမှု/ အမှန်တရားများအပေါ် ကျေနပ်ခြင်း ရှိ/ မရှိနှင့် ပတ်သက်၍ မည်သို့ ပြောကြားလိုပါသနည်း။

... ... ... ... ... ... ... ... ... ... ... ... ... ... ... ... ... ... ... ... ... ... ... ... ... ... ... ... ... ... ... ... ... ... ... ... ... ... ... ... ... ... ... ... ... ...

... ... ... ... ... ... ... ... ... ... ... ... ... ... ... ... ... ... ... ... ... ... ... ... ... ... ... ... ... ... ... ... ... ... ... ... ... ... ... ... ... ... ... ... ... ...

၁၅။ မိမိတို့ဒေသအတွင်း လူ့အခွင့်အရေးနှင့်ပတ်သက်ပြီး အသိအမြင်များတိုးပွားအောင် မည်ကဲ့သို့လုပ်ဆောင်ပေးစေလိုသနည်း။
☐ အမြင်ဖွင့်သင်တန်းများ ☐ ဟောပြောပွဲများ/ ဆွေးနွေးပွဲများ ☐ အခြား (ပုံစံပြုလုပ်ပါက ဘယ်လိုမျိုး အကြံပြုချင်ပါတနည်း၊) ... ... ... ... ... ... ... ... ... ... ... ... ... ... ... ... ... ... ... ... ... ... ... ... ... ... ... ... ... ... ။

၁၆။ လူ့အခွင့်အရေးချိုးဖောက်ခံမှုနှင့် ပတ်သက်ပြီး သက်ဆိုင်ရာအစိုးရအဖွဲ့/ ဌာနဆိုင်ရာများအား ဘယ်လိုမျိုးတောင်းဆိုချင်ပါသနည်း။

... ... ... ... ... ... ... ... ... ... ... ... ... ... ... ... ... ... ... ... ... ... ... ... ... ... ... ... ... ... ... ... ... ... ... ... ... ... ... ... ... ... ... ... ... ...

... ... ... ... ... ... ... ... ... ... ... ... ... ... ... ... ... ... ... ... ... ... ... ... ... ... ... ... ... ... ... ... ... ... ... ... ... ... ... ... ... ... ... ... ... ...

လက်မှတ် ။ ။ ... ... ... ... ... ... ... ... ... ... ... ... ... ... ... ... ... ... ...
စစ်တမ်းကောက်ခံသူ၏အမည် ။ ။ ... ... ... ... ... ... ... ... ... ... ... ... ... ... ... ... ... ... ...
စစ်တမ်းကောက်ခံသည့်ရက်စွဲ ။ ။ ... ... ... ... ... ... ... ... ... ... ... ... ... ... ... ... ... ... ...

**စစ်တမ်းလွှာ ပြန်လည်လက်ခံသူ (ရုံးအဖွဲ့မှ)**

လက်မှတ် ။ ။ ... ... ... ... ... ... ... ... ... ... ... ... ။
အမည် ။ ။ ... ... ... ... ... ... ... ... ... ... ... ... ။
ရက်စွဲ ။ ။ ... ... ... ... ... ... ... ... ... ... ... ... ။

**နောက်ဆက်တွဲ (၃) –**

# အပြည်ပြည်ဆိုင်ရာ လူ့အခွင့်အရေး ကြေညာစာတမ်း

စကားချီး...

လူခပ်သိမ်း၏ မျိုးရိုးဂုဏ်သိက္ခာနှင့်တကွ လူတိုင်းအညီအမျှ ခံစားခွင့်ရှိသည့် အခွင့်အရေးများကို အသိအမှတ်ပြုခြင်းသည် လူခပ် သိမ်း၏ လွတ်လပ်မှု၊ တရားမျှတမှု၊ ငြိမ်းချမ်းမှုတို့၏ အခြေခံအုတ်မြစ် ဖြစ်သော ကြောင့်လည်းကောင်း၊ လူ့အခွင့်အရေးများကို အရေးမထား မထီလေးစားပြုခြင်းသည် လူခပ်သိမ်း၏ အကျင့် သိက္ခာကို ချိုးဖောက်ဖျက်ဆီးတတ်သည့် ရက်စက်ကြမ်းကြုတ်သော အပြုအမူများကို ဖြစ်ပေါ်စေခဲ့သောကြောင့် လည်းကောင်း၊ လွတ်လပ်စွာ ဖွင့်ဟပြောဆိုနိုင်မှု၊ လွတ်လပ်စွာ သက်ဝင်ယုံကြည်နိုင်မှု၊ ကြောက်ရွံ့ခြင်း၊ ချို့ငဲ့ ခြင်းတို့မှ ကင်းလွတ်စွာ အသက်မွေးနိုင်မှုတို့ကို ခံစားရယူနိုင်စေမည့် လောကတစ်ခု ပေါ်ပေါက်လာရန် အရေးကို လူခပ်သိမ်းတို့က မိမိတို့၏ အထက်သန်ဆုံးသော လိုလားချက်ဆန္ဒကြီးအဖြစ်ဖြင့် ကြွေးကြော် ကြေညာပြီးဖြစ်သော ကြောင့်လည်းကောင်း၊ လူခပ်သိမ်းတို့သည်၊ တရားလက်လွတ် နှိပ်စက်ကလူ ပြုမှုအုပ်စိုးမှုနှင့် ဖိစီးညှဉ်းပန်းမှုတို့ကို နောက်ဆုံး မလွှဲသာမရှောင်သာ လက်နက်စွဲကိုင်ကာ တော်လှန်ခြင်း၊ ပုန်ကန်ခြင်း မပြုစေရန်၊ လူ့အခွင့် အရေးများကို ဥပဒေဖြင့် ထိန်းသိမ်းကာကွယ်ပေးရမည် ဖြစ်သောကြောင့်လည်ကောင်း၊ နိုင်ငံအချင်းချင်း ချစ်ခင်ရင်းနှီး စွာဆက်ဆံရေးကို ပိုမိုတိုးတက်စေရန် ကြံဆောင်ရမည် ဖြစ်သောကြောင့်လည်းကောင်း၊ ကမ္ဘာ့ကုလသမဂ္ဂ အဖွဲ့ဝင်တို့သည် မူလလူ့အခွင့်အရေးများကိုလည်းကောင်း၊ လူ၏ဂုဏ်သိက္ခာကိုလည်းကောင်း၊ ယောကျ်ား မိန်းမတို့၏ တူညီသည့် အခွင့်အရေးများကိုလည်းကောင်း လေးစားယုံကြည်ပါသည်ဟု ကုလသမဂ္ဂတွင် ထပ်မံ၍ အတည်ပြု ပြီးသည့်အပြင်၊ လူမှုကြီးပွားတိုးတက်ရေးနှင့်တကွ ပိုမိုလွတ်လပ် ကောင်းမွန်သော လူ့ဘဝအဆင့် အတန်းတို့ကို မြှင့်တင်ရန် သန္နိဋ္ဌာန်ချပြီးဖြစ်သောကြောင့်လည်းကောင်း၊ ကမ္ဘာ့ကုလသမဂ္ဂ အဖွဲ့ဝင်နိုင်ငံတို့သည် ကုလသမဂ္ဂအဖွဲ့နှင့်ပူးပေါင်း၍ လူ့အခွင့်အရေးများကိုလည်းကောင်း၊ အခြေခံလွတ်လပ်ခွင့် အခွင့်အရေးများ ကိုလည်းကောင်း၊ ကမ္ဘာတစ်ဝန်းလုံးတွင် ရိုသေလေးစား ကျင့်သုံးစောင့်စည်းကြခြင်းကို အားပေးမည်ဟု ကတိပြုပြီး ဖြစ်သောကြောင့်လည်းကောင်း၊ ထို့ကြောင့် အထွေထွေညီလာခံက အပြည်ပြည်ဆိုင်ရာ လူ့အခွင့်အရေး ကြေညာ စာတမ်းကို လူတိုင်း၊ အဖွဲ့အစည်းတိုင်းသည် အစဉ်နှလုံးသွင်းလျက် ကမ္ဘာတစ်ဝန်းလုံးတွင် အဆိုပါအခွင့် အရေးများနှင့် လွတ်လပ်ခွင့်များကို ရိုသေလေးစားကြစေရန် ဆုံးမသွန်သင်ခြင်းဖြင့် အားထုတ်ကြရမည်ဟု လည်းကောင်း၊ ကုလသမဂ္ဂအဖွဲ့ဝင်နိုင်ငံများနှင့် ထိုနိုင်ငံတို့၏ အာဏာပိုင်အတွင်းရှိ နယ်ပယ်ဆိုင်ရာ တိုင်းသူပြည် သားများအား အဆိုပါအခွင့်အရေးနှင့် လွတ်လပ်ခွင့်များကို ကျယ်ကျယ်ပြန့်ပြန့် ထိရောက်စွာသိမှတ်ကျင့်သုံး စောင့်စည်းကြစေရန် ပြည်တွင်းပြည်ပဆိုင်ရာတိုးတက်သော ဆောင်ရွက်ချက်များဖြင့် အားထုတ်ကြရမည်ဟုလည်း ကောင်း ရည်ရွယ်ပြီးလျှင် လူ့အခွင့်အရေးများဆိုင်ရာ အပြည်ပြည်ဆိုင်ရာ ကြေညာစာတမ်းကို နိုင်ငံခပ်သိမ်း၊ လူခပ်သိမ်းတို့ တစ်ပြေးညီစွာ ဆောင်ရွက်နိုင်ကြစိမ့်သောငှာ ယခုထုတ်ပြန်ကြေညာလိုက်သည်။

အပိုဒ် (၁) ။ ။ လူတိုင်းသည် တူညီလွတ်လပ်သော ဂုဏ်သိက္ခာဖြင့်လည်းကောင်း၊ တူညီလွတ်လပ်သော အခွင့်အရေးများဖြင့်လည်းကောင်း၊ မွေးဖွားလာသူများ ဖြစ်သည်။ ထိုသူတို့၌ ပိုင်းခြားဝေဖန်တတ်သော ဉာဏ်နှင့် ကျင့်ဝတ်သိတတ်သော စိတ်တို့ရှိကြ၍ ထိုသူတို့သည် အချင်းချင်းမေတ္တာထား၍ ဆက်ဆံကျင့်သုံးသင့်၏။

အပိုဒ် (၂) ။ ။ လူတိုင်းသည် လူ့အခွင့်အရေး ကြေညာစာတမ်းတွင် ဖော်ပြထားသည့် အခွင့်အရေးအားလုံး၊ လွတ်လပ်ခွင့်အားလုံးတို့ကို ပိုင်ဆိုင်ခံစားခွင့် ရှိသည်။ လူမျိုးနွယ်အားဖြင့်ဖြစ်စေ၊ အသားအရောင်အားဖြင့်

ဖြစ်စေ၊ ကျား၊ မ၊ သဘာဝအားဖြင့်ဖြစ်စေ၊ ဘာသာစကားအားဖြင့်ဖြစ်စေ၊ ကိုးကွယ်သည့်ဘာသာအားဖြင့်ဖြစ်စေ၊ နိုင်ငံရေးယူဆချက်၊ သို့တည်းမဟုတ် အခြားယူဆချက် အားဖြင့်ဖြစ်စေ၊ နိုင်ငံနှင့်ဆိုင်သော၊ သို့တည်းမဟုတ် လူမှုအဆင့်အတန်းနှင့်ဆိုင်သော ဇစ်မြစ်အားဖြင့်ဖြစ်စေ၊ ပစ္စည်းဥစ္စာဂုဏ်အားဖြင့်ဖြစ်စေ၊ မျိုးရိုးဇာတိအားဖြင့်ဖြစ်စေ၊ အခြားအဆင့်အတန်းအားဖြင့်ဖြစ်စေ ခွဲခြားခြင်းမရှိစေရ။ ထို့ပြင် လူတစ်ဦးတစ်ယောက် နေထိုင်ရာနိုင်ငံ၏ သို့တည်းမဟုတ် နယ်မြေဒေသ၏ နိုင်ငံရေးဆိုင်ရာဖြစ်စေ စီရင်ပိုင်ခွင့်ဆိုင်ရာဖြစ်စေ၊ တိုင်းပြည်အချင်းချင်းဆိုင်ရာဖြစ်စေ၊ အဆင့်အတန်း တစ်ခုခုကို အခြေပြု၍သော်လည်းကောင်း၊ ဒေသနယ်မြေတစ်ခုသည် အချုပ်အခြာအာဏာပိုင်လွတ်လပ်သည့် နယ်မြေ၊ သို့တည်းမဟုတ် ကုလသမဂ္ဂ ထိန်းသိမ်းစောင့်ရှောက်ထားရသည့် နယ်မြေ၊ သို့တည်းမဟုတ် ကိုယ်ပိုင်အုပ်ချုပ်ခွင့်အာဏာတို့ တစ်စိတ်တစ်ဒေသလောက်သာ ရရှိသည့်နယ်မြေ စသဖြင့် ယင်းသို့သော နယ်မြေများဖြစ်သည်ဟူသောအကြောင်းကို အထောက်အထားပြု၍ သော်လည်းကောင်း ခွဲခြားခြင်းလုံးဝမရှိစေရ။

အပိုဒ် (၃) ။ ။ လူတိုင်း၌ အသက်ရှင်ရန်လွတ်လပ်မှုခွင့်နှင့်လုံခြုံစိတ်ချခွင့်ရှိသည်။

အပိုဒ် (၄) ။ ။ မည်သူ့ကိုမျှ ကျေးကျွန်အဖြစ်၊ သို့တည်းမဟုတ် အစေအပါးအဖြစ်၊ နိုင်ထက်စီးနင်း စေခိုင်းခြင်းမပြုရ၊ လူကိုကျေး ကျွန်သဖွယ် အဓမ္မစေခိုင်းခြင်း၊ အရောင်းအဝယ်ပြုခြင်းနှင့် ထိုသဘောသက်ရောက်သောလုပ်ငန်းဟူသမျှကို ပိတ်ပင်တားမြစ်ရမည်။

အပိုဒ် (၅) ။ ။ မည်သူ့ကိုမျှ ညှဉ်းပန်းနှိပ်စက်ခြင်း၊ သို့တည်းမဟုတ် ရက်စက် ကြမ်းကြုတ်စွာ လူမဆန်စွာဂုဏ်ငယ်စေသော ဆက်ဆံမှုမပြုရ၊ သို့တည်းမဟုတ် အပြစ်ဒဏ်ပေးခြင်း မပြုရ။

အပိုဒ် (၆) ။ ။ လူတိုင်းတွင် ဥပဒေအရာ၌ လူပုဂ္ဂိုလ်တစ်ဦးအဖြစ်ဖြင့် အရာခပ်သိမ်းတွင် အသိအမှတ်ပြုခြင်းကိုခံယူပိုင်ခွင့် ရှိသည်။

အပိုဒ် (၇) ။ ။ လူအားလုံးတို့သည် ဥပဒေအရာ၌ တူညီကြသည့်အပြင်၊ ဥပဒေ၏ အကာအကွယ်ကိုခြားနားခြင်း မခံရစေဘဲ တူညီစွာ ခံစားပိုင်ခွင့် ရှိသည်။ ဤကြေညာစာတမ်းပါ သဘောတရားများကို ဖီဆန်၍ခွဲခြားခြင်းမှလည်းကောင်း၊ ထိုသို့ ခွဲခြားခြင်းကို လှုံ့ဆော်ခြင်းမှလည်းကောင်း၊ ကင်းလွတ်စေရန် အကာအကွယ်ကိုတူညီစွာခံစားပိုင်ခွင့် ရှိသည်။

အပိုဒ် (၈) ။ ။ ဖွဲ့စည်းပုံအခြေခံဥပဒေက သော်လည်းကောင်း၊ အခြားဥပဒေကသော်လည်းကောင်း၊ လူတိုင်းအတွက်ပေးထားသည့် အခြေခံအခွင့်အရေးများသည် ချိုးဖောက်ဖျက် ဆီးခြင်းခံခဲ့ရလျှင် ထိုသို့ချိုးဖောက် ဖျက်ဆီးသောပြုလုပ်မှုကြောင့် ဖြစ်ပေါ်လာသော နစ်နာချက်အတွက် ထိုသူသည် နိုင်ငံဆိုင်ရာ အာဏာပိုင်တရားရုံးတွင်ထိရောက်စွာ သက်သာခွင့် ရနိုင်စေရမည်။

အပိုဒ် (၉) ။ ။ မည်သူမျှ ဥပဒေအရမဟုတ်သော ဖမ်းဆီးခြင်းကိုဖြစ်စေ၊ ချုပ်နှောင်ခြင်းကိုဖြစ်စေ၊ ပြည်နှင်ခြင်းကိုဖြစ်စေ မခံစေရ။

အပိုဒ် (၁၀) ။ ။ အခွင့်အရေးများနှင့် တာဝန်ဝတ္တရားများကို အဆုံးအဖြတ်ခံရာတွင်လည်းကောင်း၊ ပြစ်မှုကြောင့် တရားစွဲဆို စီရင်ဆုံးဖြတ်ခံရာတွင်လည်းကောင်း၊ လူတိုင်းသည် လွတ်လပ်၍ ဘက်မလိုက်သော တရားရုံး တော်၏ လူအများရှေ့မှောက်တွင် မျှတစွာ ကြားနာစစ်ဆေးခြင်းကို တူညီစွာ ခံစားပိုင်ခွင့်ရှိသည်။

အပိုဒ် (၁၁)။ ။ (က) လူအများအရှေ့မှောက်၌ ဥပဒေအတိုင်းစစ်ဆေး၍ ပြစ်မှုကျူးလွန်သည်ဟု ထင်ရှားစီ ရင်ခြင်းခံရသည့် အချိန်အထိ ပြစ်မှုနှင့် တရားစွဲဆိုခြင်း ခံရသူတိုင်းသည် အပြစ်မဲ့သူဟူ၍ ယူဆခြင်းခံထိုက်သည့် အခွင့်အရေး ရှိသည်။ ထိုအမှုကို ကြားနာစစ်ဆေးရာဝယ် စွပ်စွဲခံရသည့် ပြစ်မှုအတွက် ခုခံချေပနိုင်ရန် လိုအပ်သော အခွင့်အရေးများကို ထိုသူအားပေးပြီး ဖြစ်စေရမည်။ (ခ) လူတစ်ဦးတစ်ယောက်အား နိုင်ငံဥပဒေအရဖြစ်စေ၊ အပြည်ပြည်ဆိုင်ရာ ဥပဒေအရဖြစ်စေ၊ ပြစ်မှုမမြောက်သောလုပ်ရပ် သို့မဟုတ် ပျက်ကွက်မှုအရ စွဲဆိုအပြစ်ပေးခြင်း မပြုရ။ ထို့အပြင် ပြစ်မှုကျူးလွန်စဉ်အခါက ထိုက်သင့်စေနိုင်သော အပြစ်ဒဏ်ထက် ပိုမိုကြီးလေးသောအပြစ်ဒဏ်ကို ထိုက်သင့်ခြင်း မရှိစေရ။

အပိုဒ် (၁၂) ။ ။ မည်သူမျှ မိမိသဘောအတိုင်း အေးချမ်းလွတ်လပ်စွာ နေထိုင်ခြင်းကိုသော်လည်းကောင်း၊ မိမိ၏ မိသားစုကိုသော်လည်းကောင်း၊ မိမိ၏နေအိမ်အသိုက်အဝန်းကိုသော်လည်းကောင်း၊ စာပေးစာယူကို သော်လည်းကောင်း၊ ဥပဒေအရမဟုတ်သော ဝင်ရောက်စွက်ဖက်ခြင်း မခံစေရ။ ထို့ပြင် မိမိ၏ဂုဏ်သိက္ခာ ကိုလည်း အထက်ပါအတိုင်း ပုတ်ခတ်ခြင်း မခံစေရ။ လူတိုင်းတွင် ထိုသို့ဝင်ရောက်စွက်ဖက်ခြင်းမှသော်လည်း ကောင်း၊ ပုတ်ခတ်ခြင်းမှသော်လည်းကောင်း ဥပဒေအရကာကွယ်ပိုင်ခွင့် ရှိသည်။

အပိုဒ် (၁၃) ။ ။ (က) လူတိုင်းတွင်မိမိ၏ နိုင်ငံနယ်နိမိတ်အတွင်း၌ လွတ်လပ်စွာ သွားလာရွှေ့ပြောင်းနိုင်ခွင့် နေထိုင်ခွင့် ရှိသည်။ (ခ) လူတိုင်းတွင် မိမိနေထိုင်ရာ တိုင်းပြည်မှလည်းကောင်း၊ အခြားတိုင်းပြည်မှလည်းကောင်း ထွက်ခွာသွားပိုင်ခွင့်ရှိသည့်အပြင်၊ မိမိ၏တိုင်းပြည်သို့ ပြန်လာပိုင်ခွင့်လည်း ရှိသည်။

အပိုဒ် (၁၄) ။ ။ (က) လူတိုင်းသည် ညှဉ်းပန်းနှိပ်စက် ခံနေရခြင်းမှလွတ်ကင်းရန် အခြားတိုင်းပြည်များ၌ အေးချမ်းစွာ ခိုလှုံနေနိုင်ခွင့် ရှိသည်။ (ခ) နိုင်ငံရေးနှင့် မပတ်သက်သည့် ပြစ်မှုများမှသော်လည်းကောင်း၊ ကုလသမဂ္ဂ၏ ရည်ရွယ်ချက်နှင့် သဘောတရားမူများကို ဖီဆန်သောအမှုများမှသော်လည်းကောင်း၊ အမှန်ပေါ်ပေါက် လာသော ပြစ်မှုကြောင့် တရားစွဲဆိုခြင်းခံရသည့် အမှုအခင်းများတွင် အထက်ပါအခွင့်အရေးကို အသုံးမပြုနိုင်စေရ။

အပိုဒ် (၁၅) ။ ။ (က) လူတိုင်းသည်၊ နိုင်ငံတစ်နိုင်ငံ၏ နိုင်ငံသားအဖြစ် ခံယူခွင့်ရှိသည်။ (ခ) ဥပဒေအရမဟုတ် လျှင် မည်သူမျှ မိမိ၏နိုင်ငံသားအဖြစ်ကို စွန့်လွှတ်ခြင်းမခံစေရ၊ နိုင်ငံသားအဖြစ် ပြောင်းလဲနိုင်သော အခွင့်အရေး ကိုလည်း ငြင်းပယ်ခြင်း မခံစေရ။

အပိုဒ် (၁၆) ။ ။ (က) အရွယ်ရောက်ပြီးသော ယောကျ်ားနှင့်မိန်းမတို့တွင် လူမျိုးကိုသော်လည်းကောင်း၊ နိုင်ငံသားအဖြစ်ကို သော်လည်းကောင်း ကိုးကွယ်သည့်ဘာသာကိုသော်လည်းကောင်း အကြောင်းပြု၍ ချုပ်ချယ် ကန့်သတ်ခြင်းမရှိဘဲ၊ ထိမ်းမြားနိုင်ခွင့်နှင့် မိသားစုထူထောင်နိုင်ခွင့် ရှိသည်။ အဆိုပါယောကျ်ားနှင့် မိန်းမတို့သည် လင်မယားအဖြစ် ပေါင်းသင်းနေစဉ် အချိန်အတွင်း၊ အိမ်ထောင်ကိုဖျက်သိမ်း၍ ကွာရှင်းကြသည့် အခါ၌လည်းကောင်း၊ လက်ထပ်ပေါင်းသင်း အိမ်ထောင်ပြုခြင်းနှင့် စပ်လျဉ်းသောတူညီသည့် အခွင့်အရေးများကို ရရှိထိုက်သည်။

(ခ) သတို့သားနှင့် သတို့သမီးနှစ်ဦးနှစ်ဖက်၏ လွတ်လပ်သော သဘောဆန္ဒရှိမှသာလျှင် ထိမ်းမြားခြင်းကို ပြုရမည်။ (ဂ) မိသားစု တစ်ခုသည်လူ့အဖွဲ့အစည်း၏ သဘာဝကျသော အခြေခံအဖွဲ့တစ်ရပ်ဖြစ်သည်၊ ထိုမိသားစုသည် လူ့အဖွဲ့အစည်းနှင့် အစိုးရတို့၏ ကာကွယ်စောင့်ရှောက်ခြင်းကို ခံယူခွင့်ရှိသည်။

အပိုဒ် (၁၇) ။ ။ လူတိုင်းတွင် မိမိတစ်ဦးချင်းသော်လည်းကောင်း၊ အခြားသူများနှင့် ဖက်စပ်၍သော်လည်းကောင်း၊ ပစ္စည်းဉစ္စာတို့ကို ပိုင်ဆိုင်ရန် အခွင့်အရေးရှိရမည်။ ဥပဒေအရ မဟုတ်လျှင်၊ မည်သူမျှ မိမိ၏ပစ္စည်းဉစ္စာပိုင်ဆိုင်ခွင့်ကို စွန့်လွှတ်ခြင်းမခံစေရ။

အပိုဒ် (၁၈) ။ ။လူတိုင်းတွင် လွတ်လပ်စွာ တွေးခေါ်ကြံဆနိုင်ခွင့်၊ လွတ်လပ်စွာ ခံယူရပ်တည်နိုင်ခွင့်နှင့် လွတ်လပ်စွာ သက်ဝင်ကိုးကွယ်နိုင်ခွင့် ရှိသည်။ အဆိုပါအခွင့်အရေးများ၌ မိမိကိုးကွယ်သည့်ဘာသာကို သို့တည်းမဟုတ် သက်ဝင်ယုံကြည်ချက်ကို လွတ်လပ်စွာပြောင်းလဲနိုင်ခွင့် ပါဝင်သည့်အပြင် မိမိတစ်ယောက်ချင်းဖြစ်စေ၊ အခြားသူများနှင့်စုပေါင်း၍ ဖြစ်စေ၊ ပြည်သူအများ ရှေ့မှောက်တွင်သော်လည်းကောင်း၊ ရှေ့မှောက်တွင် မဟုတ်ဘဲသော်လည်းကောင်း၊ မိမိကိုးကွယ်သောဘာသာကို သို့တည်းမဟုတ် သက်ဝင်ယုံကြည်ချက်ကို လွတ်လပ်စွာသင်ပြနိုင်ခွင့်၊ ကျင့်သုံးနိုင်ခွင့်၊ ဝတ်ပြုကိုးကွယ်နိုင်ခွင့်နှင့် ဆောက်တည်နိုင်ခွင့်တို့လည်း ပါဝင်သည်။

အပိုဒ် (၁၉) ။ ။ လူတိုင်းတွင် လွတ်လပ်စွာထင် မြင်ယူဆနိုင်ခွင့်နှင့် လွတ်လပ်စွာ ဖွင့်ဟဖော်ပြနိုင်ခွင့်ရှိသည်။ အဆိုပါ အခွင့်အရေးများ၌ အနှောင့်အယှက်မရှိဘဲ လွတ်လပ်စွာထင်မြင်ယူဆ နိုင်ခွင့်ပါဝင်သည့်အပြင်၊ နိုင်ငံနယ်နိမိတ်များကို ထောက်ထားရန်မလိုဘဲ သတင်းအကြောင်းအရာနှင့် သဘောတရားများကို တနည်းနည်းဖြင့် လွတ်လပ်စွာ ရှာယူဆည်းပူးနိုင်ခွင့်၊ လက်ခံနိုင်ခွင့်နှင့် ဝေငှဖြန့်ချီခွင့်တို့လည်း ပါဝင်သည်။

အပိုဒ် (၂၀) ။ ။ (က) လူတိုင်းတွင် လွတ်လပ်အေး ချမ်းစွာစုဝေးနိုင်ခွင့်နှင့် ဖွဲ့စည်းနိုင်ခွင့်တို့ရှိသည်။ (ခ) မည်သူ့ကိုမျှ အဖွဲ့အစည်းတစ်ခုသို့ ဝင်စေရန်အတင်းအကျပ်မပြုရ။

အပိုဒ် (၂၁) ။ ။ (က) လူတိုင်းတွင် မိမိနိုင်ငံ၏ အုပ်ချုပ်ရေး၌ ကိုယ်တိုင်ဖြစ်စေ၊ လွတ်လပ်စွာရွေးချယ်လိုက်သည့် ကိုယ်စားလှယ်များမှ တစ်ဆင့်ဖြစ်စေ ပါဝင်ဆောင်ရွက်နိုင်ခွင့် ရှိသည်။ (ခ) လူတိုင်းတွင် မိမိ၏နိုင်ငံရှိ ပြည်သူ့ဝန်ထမ်းအဖွဲ့၌ ဝင်ရောက်နိုင်ရန် တူညီသည့် အခွင့်အရေးရှိသည်။ (ဂ) ပြည်သူပြည်သားတို့၏ ဆန္ဒသည် အုပ်ချုပ်အာဏာ၏ အခြေခံဖြစ်ရမည်၊ အဆိုပါဆန္ဒကို အချိန်ကာလပိုင်းခြားလျက် စစ်မှန်သော ရွေးကောက်ပွဲများဖြင့် ထင်ရှားစေရမည်။ ရွေးကောက်ပွဲများတွင်လည်း လူတိုင်းအညီအမျှ ဆန္ဒမဲပေးနိုင်ခွင့် ရှိရမည့်အပြင် ထိုရွေးကောက်ပွဲများကို လျှို့ဝှက်မဲပေးစနစ်ဖြင့်ဖြစ်စေ၊ အလားတူလွတ်လပ်သော မဲပေးစနစ်ဖြင့်ဖြစ်စေ ကျင်းပရမည်။

အပိုဒ် (၂၂) ။ ။ လူတိုင်းတွင် လူ့အဖွဲ့အစည်း၏ အဖွဲ့ဝင်တစ်ဦးအနေနှင့် လူမှုရေးလုံခြုံခွင့် ရယူပိုင်ခွင့်ရှိသည့် အပြင် နိုင်ငံရေးကြိုးပမ်းမှုဖြင့်ဖြစ်စေ၊ နိုင်ငံတကာ ပူးပေါင်းဆောင်ရွက်မှုဖြင့်ဖြစ်စေ၊ နိုင်ငံအသီးသီး၏ ဖွဲ့စည်းပုံနှင့်လည်းကောင်း၊ သယံဇာတ အင်အားနှင့်လည်းကောင်း ထိုလူ၏ဂုဏ်သိက္ခာနှင့် စရိုက်လက္ခဏာ လွတ်လပ်စွာတိုးတက်မြင့်မားရေးအတွက် မရှိမဖြစ်လိုအပ်သော စီးပွားရေး၊ လူမှုရေးနှင့် ယဉ်ကျေးမှု အခွင့်အရေးများကို သုံးစွဲပိုင်ခွင့်ရှိသည်။

အပိုဒ် (၂၃) ။ ။ (က) လူတိုင်းတွင် အလုပ်လုပ်ရန်လည်းကောင်း၊ မိမိနှစ်သက်ရာ အသက်မွေးမှု အလုပ်အကိုင်ကို လွတ်လပ်စွာ ရွေးချယ်ရန်လည်းကောင်း၊ တရားမျှတ၍ လုပ်ပျော်သောအလုပ်ခွင်၏ အခြေအနေကို ရရှိရန်လည်းကောင်း၊ အလုပ်လက်မဲ့ဖြစ်ရခြင်းမှ အကာအကွယ်ရရှိရန်လည်းကောင်း အခွင့်အရေးရှိသည်။ (ခ) လူတိုင်းတွင် ခွဲခြားခြင်းမခံရစေဘဲ၊ တူညီသောအလုပ်အတွက် တူညီသောအခကြေးငွေ ရနိုင်ခွင့်ရှိသည်။ (ဂ) အလုပ်လုပ်ကိုင်သည့် လူတိုင်းတွင်၊ မိမိနှင့်မိမိ၏ မိသားစုအတွက် လူ့ဂုဏ်သိက္ခာနှင့်ညီအောင် နေထိုင်စားသောက်နိုင်ရန်၊ စိတ်ချလောက်သည့်အပြင်၊ တရားမျှတ၍ လုပ်ပျော်သည့် လစာကြေးငွေ ရပိုင်ခွင့်ရှိသည်။ လိုအပ်ခဲ့လျှင် အခြားနည်းလမ်းများမှ လူမှုရေးအထောက်အပံ့ကိုလည်း ထပ်မံ၍ရနိုင်ခွင့်ရှိသည်။ (ဃ) လူတိုင်းတွင် မိမိအကျိုးခံစားခွင့်ကို ကာကွယ်ရန် အလုပ်သမားအစည်းအရုံးများဖွဲ့စည်းခွင့်၊ ပါဝင်ဆောင်ရွက်ခွင့် ရှိ သည်။

အပိုဒ် (၂၄) ။ ။ လူတိုင်းတွင် သင့်မြတ်လျော်ကန်စွာ ကန့်သတ်ထားသည့် အလုပ်လုပ်ချိန်အပြင်၊ လစာနှင့်တကွ အခါကာလအားလျော်စွာ သတ်မှတ်ထားသည့် အလုပ်အားလပ်ရက်များပါဝင်သည့် အနားယူခွင့်နှင့် အားလပ်ခွင့် ခံစားပိုင်ခွင့်ရှိသည်။

အပိုဒ် (၂၅) ။ ။ (က) လူတိုင်းတွင် မိမိနှင့်တကွ မိမိ၏မိသားစုကျန်းမာရေးနှင့်တကွ ကိုယ်စိတ်နှစ်ဖြာအေးချမ်းစွာ နေထိုင်နိုင်ရေးအတွက် အစာအာဟာရ၊ အဝတ်အထည်နေအိမ်၊ ဆေးဝါးအကူအညီနှင့် လိုအပ်သည့် လူမှုအထောက်အပံ့များပါဝင်သော သင့်တော်လျောက်ပတ်သည့် လူမှုအဆင့်အတန်းကို ရယူခံစားခွင့်ရှိသည်။ ထို့ပြင် အလုပ်လက်မဲ့ ဖြစ်သောအခါ၌သော်လည်းကောင်း၊ မကျန်းမမာဖြစ်သော အခါ၌သော်လည်းကောင်း၊ ကိုယ်အင်္ဂါမစွမ်းမသန် ဖြစ်သောအခါ၌ သော်လည်းကောင်း၊ မုဆိုးမဖြစ်သောအခါ၌သော်လည်းကောင်း၊ အသက်အရွယ်အိုမင်းသောအခါ၌သော်လည်းကောင်း၊ မိမိကိုယ်တိုင်က မတတ်နိုင်သော အကြောင်းကြောင့် ဝမ်းစာရှာမှီးနိုင်သော နည်းလမ်းမရှိသောအခါ၌ သော်လည်းကောင်း၊ နေထိုင်စားသောက်ရေးအတွက် လုံခြုံစိတ်ချရမှု အခွင့်အရေးရှိသည်။
(ခ) သားသည်မိခင်များနှင့် ကလေးများသည် အထူးစောင့်ရှောက်ခြင်းနှင့် အကူအညီပေးခြင်းကို ရခွင့်ရှိသည်။ ဥပဒေအရ ထိမ်းမြားခြင်းဖြင့်ဖြစ်စေ အခြားနည်းဖြင့်ဖြစ်စေ မွေးဖွားသော ကလေးအားလုံးသည် တူညီသော လူမှုကာကွယ်စောင့်ရှောက်ရေးကို ရယူခံစားကြရမည်။

အပိုဒ် (၂၆) ။ ။ (က) လူတိုင်းသည် ပညာသင်ယူနိုင် ခွင့်ရှိသည်၊ အနည်းဆုံးမူလတန်းနှင့် အခြေခံအဆင့်အတန်းများတွင် ပညာသင်ကြားရေးသည် အခမဲ့ဖြစ်ရမည်။ မူလတန်းပညာသည် မသင်မနေရပညာ ဖြစ်ရမည်။ စက်မှုလက် မှုပညာနှင့် အသက်မွေးမှုပညာများကို ယေဘုယျအားဖြင့် သင်ကြားရယူနိုင်စေရမည်။ ထို့ပြင် အထက်တန်းပညာအတွက် အရည်အချင်းကို အခြေခံပြု၍တူညီသော အခွင့်အရေးရရှိစေရမည်။ (ခ) ပညာသင်ကြားရေးကို လူသားတို့၏ စရိုက်လက္ခဏာ အပြည့်အဝတိုးတက်မှုအပြင်၊ လူ့အခွင့်အရေးနှင့် အခြေခံလွတ်လပ်ခွင့်ရိုသေလေးစားမှုတို့ကို ရှင်သန်ဖွံ့ဖြိုးလာစေရန်ရည်ရွယ်၍ သင်ကြားစေရမည်။ ပညာသင်ကြားရေးသည် နိုင်ငံအားလုံးတို့တွင်လည်းကောင်း၊ လူမျိုးစုများတွင်လည်းကောင်း၊ ဘာသာရေးအသင်း အဖွဲ့များတွင်လည်းကောင်း၊ အချင်းချင်းနားလည်မှု၊ သည်းခံမှုနှင့်ခင်မင်ရင်းနှီးမှုတို့ကို အားပေးရမည်။ ထို့ပြင် ငြိမ်းချမ်းရေး တည်တံ့အောင်ဆောင်ရွက်ရန်အလို့ငှာ၊ ကုလသမဂ္ဂ၏ ဆောင်ရွက်မှုများကိုလည်း ဖြစ်မြောက်အောင် အားပေးရမည်။ (ဂ) မိဘတို့တွင်၊ မိမိတို့၏ကလေးများ သင်ယူရမည့် ပညာအမျိုးအစားကို ရွေးချယ်နိုင်သော လက်ဦးအခွင့်အရေးရှိသည်။

အပိုဒ် (၂၇) ။ ။ (က) လူတိုင်းတွင် သက်ဆိုင်ရာယဉ်ကျေးမှုလောက၌ လွတ်လပ်စွာပါဝင် ဆောင်ရွက်နိုင်ခွင့် သုခုမပညာရပ်များ ကို လွတ်လပ်စွာ လိုက်စားမွေ့လျော်နိုင်ခွင့်၊ သိပ္ပံပညာထွန်းကားရေး လုပ်ငန်းများတွင် လွတ်လပ်စွာဝင်ရောက်လုပ် ကိုင်နိုင်ခွင့်နှင့် ထိုပညာ၏ အကျိုးအာနိသင်များကို လွတ်လပ်စွာ ခံစားသုံးစွဲနိုင်ခွင့်ရှိသည်။ (ခ) လူတိုင်းတွင် သိပ္ပံမှုဖြစ်စေ၊ စာပေမှုဖြစ်စေ၊ သုခုမပညာမှုဖြစ်စေ၊ မိမိကိုယ်ပိုင်ဉာဏ်ဖြင့် ကြံစည်ဖန်းတီးမှုမှ ဖြစ်ထွန်းလာသည့်ဂုဏ်နှင့် ငွေကြေး၊ အကျိုးအမြတ်များကို ခံစားရယူနိုင်ရန် အခွင့်အရေးအတွက် ကာကွယ်မှုကို ရရှိရန် အခွင့်အရေးရှိသည်။

အပိုဒ် (၂၈) ။ ။ လူတိုင်းသည် ဤကြေညာစာတမ်းတွင် ဖော်ပြထားသည့် အခွင့်အရေးများနှင့်လွတ်လပ်ခွင့် များကို အပြည့်အစုံရယူနိုင်သော လူမှုဆက်ဆံရေး အခြေအနေနှင့် အပြည်ပြည်ဆိုင်ရာ ဆက်ဆံရေးအခြေအနေတို့၏ အကျိုးကျေးဇူးကို ခံစားနိုင်ခွင့်ရှိသည်။

အပိုဒ် (၂၉) ။ ။ (က) မိမိ၏ စရိုက်လက္ခဏာ လွတ်လပ်စွာ ဖွံ့ဖြိုးတိုးတက်နိုင်သည့် တစ်ခုတည်းသော လူ့အသိုက်အဝန်းအတွက် လူတိုင်း၌တာဝန်ရှိသည်။ (ခ) မိမိ၏အခွင့်အရေးများနှင့် လွတ်လပ်ခွင့်များကို သုံးစွဲရာတွင် လူတိုင်းသည်၊ အခြားသူများ၏ အခွင့်အရေးများနှင့် လွတ်လပ်ခွင့်များကို အသိအမှတ်ပြု၍ ရိုသေလေးစားစေရန် အလို့ငှာလည်းကောင်း၊ ဒီမိုကရေစီကျင့်သုံးသော လူ့အဖွဲ့အစည်းတွင် ကိုယ်ကျင့်တရားအပြင်၊ ရပ်ရွာအေးချမ်း သာယာရေးနှင့် ပြည်သူ့အကျိုးစီးပွား ဖြစ်ထွန်းရေး တို့အတွက်၊ တရားမျှတစွာကျင့်ဆောင်ရန် အလို့ငှာလည်း ကောင်း၊ ဥပဒေကပြဋ္ဌာန်းထားသည့် ချုပ်ချယ်မှုများဖြင့်သာ ကန့်သတ်ခြင်းခံရမည်။ (ဂ) အဆိုပါ အခွင့်အရေးများနှင့် လွတ်လပ်ခွင့်များကို မည်သည့်အမှုကိစ္စတွင်မျှ ကုလသမဂ္ဂ၏ ရည်ရွယ်ချက်များနှင့်လည်းကောင်း၊ အခြေခံမူများနှင့် လည်းကောင်း ဆန့်ကျင်၍ မသုံးစွဲရ။

အပိုဒ် (၃၀) ။ ။ ဤကြေညာစာတမ်းပါ အခွင့်အရေးနှင့်တကွ လွတ်လပ်ခွင့်များ ပျက်စီးရာပျက်စီးကြောင်းတို့ကို ရည်ရွယ်၍၊ နိုင်ငံတစ်နိုင်ငံအတွက်ဖြစ်စေ၊ လူတစ်စုအတွက်ဖြစ်စေ၊ လူတစ်ဦးတစ်ယောက်အတွက်ဖြစ်စေ ပါဝင်ဆောင်ရွက်ရန် အခွင့်ရှိသည်ဟုသော်လည်းကောင်း၊ ကိုယ်တိုင်ဆောင်ရွက်ရန် အခွင့်ရှိသည်ဟု သော်လည်း ကောင်း အဓိပ္ပာယ်ပိုင်းခြားကောက်ယူခြင်း မရှိစေရ။

ဘာသာပြန်သူ – မျိုးသန်း
Src Link: https://goo.gl/iAvEie

**မှတ်ချက်။ ။ ဖော်ပြပါ အပြည်ပြည်ဆိုင်ရာ လူ့အခွင့်အရေး ကြေညာစာတမ်း (မြန်မာဘာသာပြန်) သည် တရားဝင် ဘာသာပြန်ခြင်း မဟုတ်သော်လည်း၊ ကြေညာစာတမ်းအား အကျယ်တဝင့်လေ့လာနိုင်ရန် အလို့အငှာ အထောက်ကူဖြစ်စေမည်ဟု ယူဆရပါ၍ ဤအစီရင်ခံစာတွင် ဖော်ပြအပ်ပေသည်။**

## နောက်ဆက်တွဲ (၄) – လူ့အခွင့်အရေးချိုးဖောက်ခံရပါက တိုင်ကြားနိုင်သောနေရာများ

မိမိတို့ဒေသအတွင်း လူ့အခွင့်အရေး ချိုးဖောက်ခံရမှုနှင့် အကြမ်းဖက်ခံရမှုများရှိခဲ့ပါက မိမိနေထိုင်ရာ ကျေးရွာ၏ အကြီးအကဲဖြစ်သူများထံ အုပ်ချုပ်ရေးအဖွဲ့ဝင်များထံတွင် ကနဦးအသိပေးတိုင်ကြားနိုင်ပါသည်။ ထိုမှတဆင့် လူ့အခွင့်အရေးချိုးဖောက်ခံရသည့် သက်ဆိုင်ရာအကြောင်းအရာအလိုက် အစိုးရအုပ်ချုပ်ရေးဌာန အသီးသီးထံသို့လည်းကောင်း၊ လွှတ်တော်ကိုယ်စားလှယ်နှင့် လွှတ်တော်ရေးရာကော်မတီ အသီးသီးထံသို့ လည်းကောင်း၊ မိမိဒေသအတွင်းရှိ တရားရုံးအဆင့်ဆင့်ထံသို့လည်းကောင်း၊ စစ်ဘက်ဆိုင်ရာဌာနအသီးသီး ထံသို့လည်းကောင် တိုင်ကြားနိုင်သည်။

ထို့အပြင် တိုင်ကြားမှုများကို လူ့အခွင့်အရေးယန္တရားအတွင်းရှိ နိုင်ငံအဆင့်ဖြစ်သည့် အမျိုးသား လူ့အခွင့်အရေး ကော်မရှင် (Myanmar National Human Rights Commission) ၏ လိပ်စာဖြစ်သည့် အမှတ် – (၂၇)၊ ပြည်လမ်း၊ ၆ မိုင်ခွဲ၊ လှိုင်မြို့နယ်၊ ရန်ကုန်မြို့သို့ လိပ်မူ၍လည်း တိုင်ကြားနိုင်သည်။ လူ့အခွင့်အရေး၏ ကော်မရှင်၏ ရုံးဖုန်းနံပါတ်ဖြစ်သည့် ၀၁–၆၅၄၆၈၁၊ ၀၁–၆၅၄၆၈၄ ထံသို့ ဆက်သွယ် အကြောင်းကြားနိုင်သည်။

ကလေးစစ်သားကိစ္စရပ်များ၊ ကလေးအလုပ်သမားကိစ္စရပ်များ၊ အဓမ္မစေခိုင်းမှုကိစ္စရပ်များ၊ အလုပ်သမားခေါင်းပုံဖြတ်မှုများ၊ လူကုန်ကူးခြင်း ရောင်းစားခံရခြင်းများ စသည့်ကိစ္စရပ်များအတွက် ကလေးသူငယ် အခွင့်အရေးဆိုင်ရာကော်မတီ၊ အလုပ်သမားရေးရာကော်မတီ၊ အမျိုးသမီးရေးရာနှင့် လူကုန်ကူးမှုတိုက်ဖျက်ရေး အဖွဲ့ထံသို့ ဆက်သွယ်အကြောင်း တိုင်ကြားနိုင်ပါသည်။

နိုင်ငံတကာသံရုံးနှင့် နိုင်ငံတကာအဖွဲ့အစည်းများဖြစ်ကြသော အာဆီယံ အစိုးရများဆိုင်ရာ လူ့အခွင့်အရေးကော်မရှင် (AICHR)၊ အာဆီယံ အမျိုးသမီးနှင့် ကလေးအခွင့်အရေးဆိုင်ရာကော်မရှင် (ACWC) မြန်မာနိုင်ငံဆိုင်ရာ လူ့အခွင့်အရေးစုံစမ်းစစ်ဆေးရေးအရာရှိ၊ လူ့အခွင့်အရေးဆိုင်ရာ စာချုပ်ကော်မတီ (အမျိုးသမီး၊ ကလေး၊ မသန်စွမ်း)၊ ကုလသမဂ္ဂ လူ့အခွင့်အရေးကော်စီ (UN Human Rights Council) ထံသို့ တိုင်ကြားနိုင်ပါသည်။

လူ့အခွင့်အရေးချိုးဖောက်ခံရမှုကိစ္စရပ်များကို လူသိရှင်ကြားဖော်ထုတ်ရန် လိုအပ်သည်ဟု ယူဆပါက ဒေသအတွင်းရှိ တက်ကြွလှုပ်ရှားသူများ၊ ဘာသာရေးခေါင်းဆောင်များ၊ သတင်းဌာနများနှင့် အရပ်ဖက်လူမှုအဖွဲ့ အစည်းများထံသို့ သတင်းပေးပို့နိုင်ပါသည်။

### မြန်မာနိုင်ငံ အမျိုးသားလူ့အခွင့်အရေး ကော်မရှင်

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေပါ နိုင်ငံသားများ၏ မူလအခွင့် အရေးများ မြှင့်တင်ရေးနှင့် ကာကွယ်ရေးတို့ကိုဆောင်ရွက်ရန်အလို့ငှာ မြန်မာနိုင်ငံ အမျိုးသား လူ့အခွင့် အရေး ကော်မရှင် ဥပဒေကို ၂၈-၃-၂၀၁၄ ရက်နေ့တွင် ပြည်ထောင်စု လွှတ်တော် အမှတ် (၂၁) အဖြစ် ထုတ်ပြန်ပြဋ္ဌာန်းခဲ့ပြီး၊ ယင်းဥပဒေနှင့်အညီ အဖွဲ့ဝင် (၁၁) ဦးပါဝင်သော မြန်မာနိုင်ငံ အမျိုးသား လူ့အခွင့်အရေး ကော်မရှင် ကို ၂၄-၉-၂၀၁၄ ရက်နေ့တွင် နိုင်ငံတော်သမ္မတရုံး၏ အမိန့်အမှတ် (၂၃/၂၀၁၄) ဖြင့် ဖွဲ့စည်းခဲ့သည်။

### ဆက်သွယ်ရန်

ဖုန်း- ၀၁ ၆၅၄၆၈၄၊ ၀၁ ၆၅၄၆၈၁
ဖက်(စ်)-၀၁ ၆၅၄၆၈၄၊ ၀၁ ၆၅၄၆၈၃
email - info@mnhrc.org.mm
လိပ်စာ-အမှတ် (၂၇)၊ ပြည်လမ်း၊ လှိုင်မြို့နယ်၊ ရန်ကုန်မြို့။
ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
http://www.mnhrc.org.mm

*လူ့အခွင့်အရေးချိုးဖောက်မှု ခံရပါက မြန်မာနိုင်ငံ အမျိုးသားလူ့အခွင့်အရေးကော်မရှင်ထံသို့ တိုင်ကြားစာပေးပို့နိုင်ပါသည်။*

## နောက်ဆက်တွဲ (၅) – လူ့အခွင့်အရေးချိုးဖောက်ခံမှု တိုင်ကြားစာပုံစံ။

သို့

ဥက္ကဋ္ဌ
မြန်မာနိုင်ငံ အမျိုးသားလူ့အခွင့်အရေးကော်မရှင်
အမှတ် – (၂၇)၊ ပြည်လမ်း၊ ၆ မိုင်ခွဲ၊
လှိုင်မြို့နယ်၊ ရန်ကုန်မြို့။

နေ့စွဲ ။ ။ ... ... ... ... ခုနှစ်၊ ... ... ... ... လ၊ ... ... ရက်။

**အကြောင်းအရာ ။ ။ တရားမဲ့လယ်ယာမြေ သိမ်းဆည်းခံရမှုအား တိုင်ကြားခြင်း။**

၁။ နစ်နာသူဘယ်နေရာတွင် နေထိုင်ပြီးဘာအလုပ်လုပ်ကိုင်သလဲ။

--- --- --- --- --- --- --- --- --- --- --- --- --- --- --- --- --- --- --- --- --- --- --- --- --- --- --- --- --- --- --- --- --- --- --- --- --- --- ---

၂။ နစ်နာသူရဲ့နေထိုင်ရာဒေသတွင် ဘယ်အဖွဲ့အစည်းက ဘာတွေလုပ်ခဲ့လဲ။

--- --- --- --- --- --- --- --- --- --- --- --- --- --- --- --- --- --- --- --- --- --- --- --- --- --- --- --- --- --- --- --- --- --- --- --- --- --- ---

၃။ ထိုသူများက ဘယ်နေ့ ဘယ်ရက်၊ ဘယ်နှစ်ယောက်၊ ဘယ်နေရာမှာ ဘာတွေ၊ ဘယ်လိုလုပ်ခဲ့သလဲ။

--- --- --- --- --- --- --- --- --- --- --- --- --- --- --- --- --- --- --- --- --- --- --- --- --- --- --- --- --- --- --- --- --- --- --- --- --- --- ---

၄။ ချိုးဖောက်သူတွေက ဘယ်သူတွေလဲ။

--- --- --- --- --- --- --- --- --- --- --- --- --- --- --- --- --- --- --- --- --- --- --- --- --- --- --- --- --- --- --- --- --- --- --- --- --- --- ---

၅။ တိုင်းတည်မှုအပေါ် ကော်မရှင်အနေနဲ့ ဘာလုပ်ပေးစေချင်လဲ။

--- --- --- --- --- --- --- --- --- --- --- --- --- --- --- --- --- --- --- --- --- --- --- --- --- --- --- --- --- --- --- --- --- --- --- --- --- --- ---

၆။ နစ်နာခဲ့ရသူမိမိတို့မှ ဘာဖြစ်စေချင်လဲ။

--- --- --- --- --- --- --- --- --- --- --- --- --- --- --- --- --- --- --- --- --- --- --- --- --- --- --- --- --- --- --- --- --- --- --- --- --- --- ---

လက်မှတ် ... ... ... ... ...
(တိုင်တန်းသူ)
ဦး/ဒေါ် ... ... ... ... ... ... ... ... ... ... ...
(ဘ) ဦး/ဒေါ် ... ... ... ... ... ... ... ... ... ...
မှတ်ပုံတင်အမှတ် ... ... ... ... ... ... ... ... ...

မိတ္တူကို
– သက်ဆိုင်ရာဝန်ကြီးဌာန
– ... ... ... ... ... ... ... ... ... ... ... ... ... ... ... ... ...
– ... ... ... ... ... ... ... ... ... ... ... ... ... ... ... ... ...
– ... ... ... ... ... ... ... ... ... ... ... ... ... ... ... ... ...
– ... ... ... ... ... ... ... ... ... ... ... ... ... ... ... ... ...




# နိုင်ငံသားအားလုံး လူ့အခွင့်အရေးကို အပြည့်အဝ ရရှိခံစားနိုင်စေရန်

# ပြည်သူအကြား လူ့အခွင့်အရေးသတင်းအချက်အလက်များ ပိုမိုသိရှိနိုင်စေရန်နှင့် ပညာပေးလှုံ့ဆော်သွားရန်

# လူ့အခွင့်အရေးနှင့် ပတ်သက်သည့် လှုပ်ရှားမှုတိုင်းတွင် ပြည်သူများပူးပေါင်းပါဝင်လာစေခြင်းဖြင့် လူ့အခွင့်အရေး ကာကွယ်မြှင့်တင်သွားရန်

မွန်ပြည်လူ့အခွင့်အရေးဖောင်ဒေးရှင်း၏

## လူ့အခွင့်အရေးကာကွယ်ရေး နှစ် (၂၀) ခရီး

## Human Rights Documentation & Dissemination

## HURFOM Found in 1995

မွန်ပြည်လူ့အခွင့်အရေးဖောင်ဒေးရှင်းသည် ဒုက္ခသည်နှင့် အတင်းအဓမ္မစေခိုင်းခြင်း အရေးကိစ္စများတွင်အခြေခံ၍ ၁၉၉၅ ခုနှစ်တွင် စတင်ပေါက်ဖွားလာသည်။

### Human Rights Protection & Promotion

လူ့အခွင့်အရေးချိုးဖောက်ခံရသူ ပြည်သူများကို ကူညီရန်၊ ၎င်းတို့၏ ဒုက္ခများကို မျှဝေခံစားလျှော့ချနိုင်ရန်နှင့် လူ့အခွင့်အရေးများကို ကာကွယ်မြှင့်တင်ရန်အတွက် မွန်ပြည်လူ့အခွင့်အရေးဖောင်ဒေးရှင်းကို မွေးဖွားခဲ့ခြင်းဖြစ်သည်။

### Documentation & Dissemination — Sharing information to International Community

စဉ်ဆက်မပြတ် လူ့အခွင့်အရေးဆိုင်ရာ သတင်းအချက်အလက်များကို မှတ်တမ်းပြု ထုတ်ပြန်ခြင်း

### Advocacy for CHANGE

လူ့အခွင့်အရေးအခြေအနေများကို ပြည်တွင်းနှင့် နိုင်ငံတကာ အသိုင်းအဝိုင်းများသို့ တိုက်တွန်းစည်းရုံးခြင်း

### Education & Awareness — Community RIGHTS

လူ့အခွင့်အရေး၊ အမျိုးသမီးနှင့်ကလေးအခွင့်အရေးဆိုင်ရာ ပညာပေးရေးအစီအစဉ်များကို ဆောင်ရွက်ခြင်း

### Seeking truth and justice — Struggle for Acknowledgement

လူထုစွမ်းဆောင်ရည် မြှင့်တင်ခြင်းနှင့် အသွင်ကူးပြောင်းရေးဆိုင်ရာ တရားမျှတမှုလုပ်ငန်းစဉ်များကို အစဉ်တစိုက် ဆောင်ရွက်လျက်ရှိသည်။

ကံက်ကျုင်တင်နှင် ပရေင်ဖံက်ပကဝ် အခေါင်အရာမှ်ိဟ် ပ္ဍိုင် ၂၀ သ္နာံ ဍျူဇနှ် တက်တြးပတိတ် လိက်ပရိုင် လိက်လေုင်ဂိတု ကော့ လိက်ဒုင်စိရေင်နာ္နာ

ကိုကျုင်တန်တ္ၚောန် ကံက်တင်နှင်လေုင်င်တဲ လ္ပိစံင်ကျုင် ညးစိုန်နာ
ပရေင်ဖံက်ပကဝ် အခေါင်အရာမှ်ိဟ် ပ္ဍဲဒေသမန်ဂမိုင်

ဒေသတွင်း လူ့အခွင့်အရေး သတင်းအချက်အလက်များ မှတ်တမ်းပြုကောက်ခံခြင်း၊ စနစ်တကျသိုမှီးသိမ်းဆည်းခြင်း

သတင်းအချက်အလက် မှတ်တမ်း အရည်အသွေးများအား စဉ်ဆက်မပြတ် အကဲဖြတ်ခြင်း၊ သုံးသပ်ခြင်း

လူ့အခွင့်အရေးသတင်း လစဉ်စာစောင်၊ အစီရင်ခံစာများ ထုတ်ဝေခြင်း

အချက်အလက်ကောက်ခံသည့် သင်တန်းများ ဖွင့်လှစ်ခြင်း